37 ၃၇။ အခုကျွန်တော် ဆိုလိုတာကို ခင်ဗျားတို့ သိပါသလား ?အခု ခင်ဗျားတို့ အဲဒါကို ကျွန်တော်က မိအောင် အသေအချာ ပြုလုပ်ပါမည်။ အခု အဲဒါကအဲဒီအကြောင်းအရင်းဘဲ ဖြစ်ပါသည်။ ဘာဖြစ်လို့လဲ ဆိုရင် သူတို့က အဲဒါကို ဘယ်တော့မှမလိုအပ်ဘူးလို့ ထင်နေကြလို့ဘဲ ဖြစ်ပါသည်။ကျွန်တော်တို့ အခြားသောဘာသာစကား ပြောသူများကို မလိုအပ်ဘူး။ ကျွန်တော်တို့အခြားသောဘာသာစကားကို အနက်ပြန်ဆိုတဲ့သူကို မလိုအပ်ဘူး။သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အမိန့်တော်၌ ကျွန်ုပ်တို့ထံ၌ သက်ရောက်စေသည်။မမွေဟောင်း ပရောဖက်ဆိုသူတွေကို ကျွန်တော်တို့ သိပ်အကြာကြီး မလိုအပ်ဘူး။ကျွန်တော်တို့ အဲဒါကို နားလည်တယ်ဆိုပြီး ရှိနေကြပါသည်။

မြင်ရမှာက သူတို့ဟာ လူလုပ်စံနစ်တစ်ခုကိုမွေးစားခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကို ဖြစ်ပွားစေ ခြင်းဖြစ်ပါသည်။ဒါကြောင့် အဲလို ရွေးကောက်ခံရသောလူများ ရှိနေပါသည်။ အသက်စာစောင်ထဲမှာသူတို့ရဲ့နာမည်က ပါဝင်ပြီးသား ဖြစ်ပါသည်။ အဲဒီအတွက် သူတို့ သွားရောက်မှုပြုနိုင်ကြမှာ မဟုတ်ပါ ဘူး။ သူတို့ အဲဒီလို ရပ်တည်နိုင်မှာ မဟုတ်ပါဘူး။ သူတို့ရဲ့မိခင်နှင့် ဖခင်တို့က ဘယ်လိုအဖွဲ့အစည်း၊ ဘယ်လို အသင်းတော်မှာဘဲ လိုက်လျှောက်အသက်ရှင်ကြပါစေ အကြောင်းထူးမှာ မဟုတ်ပါဘူး။

38 ၃၈။ အသင်းတော်တစ်ခုကလုပ်ဆောင်ပါသည်။ ဒါမှမဟုတ် ဖြစ်ပွားစေပါသည် ........ အဲ့ဒါက အဲဒီ့လိုမှန်မှန်ကန်ကန် စကားပြောချင်မှ ပြောပါမည် .......

အို ၊ မဟုတ်ပါဘူး။ သူတို့က အဲ့ဒါကိုအပြင်ထွက်သွားအောင် ပြောတာ မဟုတ်ပါဘူး။ ဒါပေမဲ့ သူ တို့၏ အပြုအမူက အဲ့ဒါကိုသက်သေပြနေတာ ဖြစ်ပါသည်။ ဒီနေရာမှာရှိတဲ့ နှုတ်ကပတ်တော်နှင့် သန့် ရှင်းသော ဝိဉာဉ်တော်ကသူတို့အား အတူတကွ စုရုံးစေတော်မူစဉ်အခါ သူတို့အကြား၌ ထိုအရာကို သက်သေပြတော်မူတာပဲဖြစ်ပါသည်။ ကိုယ်တော်က အနာရောဂါ ငြိမ်းစေတော်မူစဲ ၊ သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူစဲ ၊ အခြားသော ဘာသာစကားကိုပြောစဲ ၊ နတ်ဆိုးတို့ကို ဖွင့်ထုတ်စဲဖြစ်တော်မူပါ သည်။ ဒါကြောင့် အဲ့ဒါက လူတစ်ယောက်၏ အတွင်းမှာပဲ တည်မှီနေတဲ့အရာဖြစ်ပါသည်။

39 ၃၉။ မစ္စအာဂန်ဘရိုက် ၊ အဲဒီ့မှာပါ အခြားနေ့က အဲ့ဒါကို စဉ်းစားနေမိပါသည်။ အဲဒီ့မှာထိုင်ပြီးတော့ လမ်းပေါ်က မြက်တွေကို ဆွဲနုတ်နေတာ ဖြစ်ပါသည် ___ အဲဒီ့မှာ သူမမြက်ရိတ်နေ ခဲ့ပါသည်။ ကျွန် တော်က သူမဘေးကနေ ဖြတ်သွားခဲ့ပါသည်။ သူမကတော့ မသိပါဘူး။ကျွန်တော်ဆက်ပြီး သူမကို စောင့်ကြည့်နေ ခဲ့ပါသည်။

အခုသတိပြုမိတာက သန့်ရှင်းသောဝိဉာဉ်တော်က သူ၏ကြီးမြတ်သောအမှု၌ တည်တော်မူတယ် ဆိုတာပါပဲ။

40 ၄၀။ အသင်းတော်ကတော့သန့်ရှင်းသော ဝိဉာဉ်တော်ကို မလိုအပ်လို့ ခံစားနေပါမည်။ အသင်းတော် တွေက အဲဒီ့လိုဖြစ်တယ်ဆိုပြီး ခင်ဗျားတို့ကို ပြောကြားမှု ပြုပါမည်။ လူတစ်ယောက် အနေနဲ့ရပ်တည်နိုင် တာက ခင်ဗျားတို့ကို ပေးအပ်နိုင်တာက ဉာဏ်ပညာနှင့် စပ်ဆိုင်သောပြောကြားချက်က ခင်ဗျားတို့ကို ယုံကြည်လာအောင် အဲဒီ့လိုမျိုး လုပ်ဆောင်မှုပြုလာနိုင်တာပဲ ဖြစ်ပါသည်။ အခု တစ်မိနစ်မှ ရပ်မသွား စေပါနှင့်။ ယေရှုက လူနှစ်ဦးအတူတကွ အလွန်နီးကပ်စွာ ရှိစဉ်အခါ ထိုအရာက ထိုသို့သောအရာ ဖြစ် နိုင်တယ်ဆိုရင်ရွေးချယ်ထားသော လူတို့ကိုပါ လှည့်ဖြားသွားမည်ဟု မိန့်တော်မူခဲ့တယ် မဟုတ်ဘူးလား ? ဉာဏ်နှင့်ဆိုင်သော ပြောကြားချက်ကထိုအရာကို သိပ်ကို ချောချောမွတ်မွတ်ပဲ လူတို့ကို လှည့်ဖြား သွားမှာ ဖြစ်ပါသည်။အဲဒီ့မှာ ဇဝ်ဂေလိတရား ရှိပါသည်။ ဘယ်သူ့ကိုမဆို အသိဉာဏ်နှင့်ဆိုင်သော လူ တစ်ယောက်ဖြစ်စေသည့် အဲဒီ့လို လမ်းကြောင်းမျိုးနဲ့ လူတွေဟာ နှုတ်ကပတ်တော်ကို ထိန်းကျောင်းကိုင်တွယ်မှု ပြုနိုင်ပါသည်။ ခင်ဗျားတို့က သူတို့၏ ဉာဏ်ပညာပိုင်းဆိုင်ရာကိုယုံကြည်မယ်ဆိုရင်ပါ ၊ သူ တို့ဟာ သန့်ရှင်းသော ဝိဉာဉ်တော်ကို အပြစ်ဖို့ပြီးလူ၏လမ်းကို ဖောက်ပါသည်။ ကျွန်တော်တို့ အဲ့ဒါကို မြင်ကြရပါသည်။

41 ၄၁။ အခုအဲ့လိုတူညီတဲ့ ကိစ္စကတော့ ယောသပ်အကြောင်း သူတို့တွေးတဲ့ ကိစ္စပါပဲ။ သူတို့ဟာသူ့ကို သုတ်သင်ပယ်ရှင်းမှု ပြုကြပါသည်။ အီဂျစ်ပြည်ထဲ အားလုံးကျရောက် ကုန်ပါသည် ....... အို ၊ ကျွန်တော့် ကို မည်သို့စဉ်းစား ကြည့်နိုင်ပါသလဲ ____ အချိန်နာရီကိုကျွန်တော် မည်သို့ ကုန်ဆုံးစေရပါမည်နည်း ... ...... သုံးနှစ်လောက် ခင်ဗျားတို့ဒီမှာနေထိုင်မှု ပြုနိုင်ပါသည်။ အဲဒီ့အကြောင်းကနေ လုံးဝထွက်ခွာမှု မပြုပါနှင့်။နေနဲ့ ညလုံးပေါက် သန့်ရှင်းသော ဝိဉာဉ်တော်၏ ကြီးမြတ်၍ ခရာကျသော အရာများကို ရှာဖွေ၍နေကြည့်ပါ။

42 ၄၂။ ဝိဉာဉ်သဘောဖြင့်အီဂျစ်ပြည်ထဲ ရောက်တာကို ကြည့်နိုင်ပါသည်။ ဒုက္ခဆင်းရဲခံရခြင်းမှ ထ မြောက်သည်ကိုမြင်ကြည့်လို့ ရပါသည်။ ယောဟပ်ကို အစီအစဉ်တကျ အဝေးကို ခေါ်ထုတ်သွားပြီးညှင်းပန်းနှိပ်စက်ခြင်းမှ လွတ်မြောက်ခဲ့ရသည်ကို ကြည့်လို့ရပါသည်။ အဲဒီ့နောက်မှာတော့ သူ၏စက်ဝိုင်း ဘီး အလုံးအဝန်း၌ တည်သော ဘုရားသခင်ကိုမြင်နိုင်ပါသည် ___ အရာအားလုံးဟာအခုအချိန်မှာ ပြီးပြည့်စုံစွာဖြင့် ရွှေ့လျား လည်ပတ်လျက် ရှိပါသည်။ ပေါတိဖာကယောသပ်ကို ငြင်းပယ်တဲ့ အကြောင်းကို မြင်ရပါသည်။ အဲ့လိုလိမ်ပြီး

ပြောတာကိုမြင်ရပါသည်။ ယောသပ် ထောင်ကျတာ သူရဲ့မုတ်ဆိတ်မွေးတွေ ရှည်ထွက်လာတာကို မြင်အောင်ကြည့်နိုင်ပါသည်။ သူ့ညီအစ်ကို တို့ကနေ ပြင်ပသို့ ရောက်ခဲ့ရပါသည်။ ဒါပေမဲ့အဲဒီနောက် အရာအားလုံးကို ရုတ်ချည်း ဘုရားသခင်က ရွေ့လျားစေတော် မူခဲ့ပါသည် !

43 ၄၃။ ဘီးခွဲတည်သောဘီး၏လည်ပတ်မှုကို ကျွန်တော်တို့ မည်သို့ မြင်နိုင်ပါသနည်း ___ ဒီလိုလွတ်မြောက်ဖို့ရာ ဘုရားသခင်၏ ကြီးမြတ်သော အစီအစဉ်က အရာအားလုံးကို ရွေ့လျားစေတော်မူပါသည်။ ကိုယ်တော်ဟာ တဖန် သူ၏လူတို့ကို ကတိပြုရာ နယ်မြေသို့ ပြန်လည်ခေါ်ဆောင်ဖို့ရာ ဒီလို အချိန်နာရီ ကို ရှိစေပါသည်။ ပြန်ပြီး အဲဒီနေရာဆီကိုရောက်စေပါသည်။ နေရာချတော် မူပါသည်။ အဲဒီနေရာမှာ ကိုယ်တော် သူတို့အားကောင်းကြီးပေးတော် မူနိုင်ပါသည်။ သူတို့အကြား ကိုယ်တော်က တစ်ခုသော နေ ရာကိုရှိစေမည်ဟု ကတိပြုခဲ့ပါသည်။ သူတို့တွေ သူတို့ရဲ့မြေကြီး ရှိရာဆီသို့ ထွက်ခွာကြရပါသည်။ အ မှတ်ရပါ။ သူတို့ ထွက်ခွာ၍ သူတို့ ဝင်ရမည့်နေရာ ရှိပါသည်။ ကတိပြုရာနယ်မြေထဲသို့ ဝင်ရောက်ကြ ရ ပါသည်။ ရှေ့၌ရှိသော သူတို့ခံရသော ကတိတော်မှာကယ်တင်မည့်သူ ရောက်လာမည် ဆိုတာပဲ ဖြစ်ပါ သည်။

44 ၄၄။ ပြီးတော့အသင်းတော်ကလည်း ပြောင်းလဲခြင်းမရှိသော အမှုကို လုပ်ဆောင်မှု ပြုစရာအကြောင်းရှိပါသည်။ ငြင်းပယ်မှုပြုသော လူစုသည် ကတိပြုရာဆီသို့ ထွက်ခွာစရာအကြောင်း ရှိပါသည်။သည့်မ တိုင်ခင် လူတို့၏ရှေ့မှာ ကယ်တင်မည့်သူကို အစဉ်အမြဲ ပေါ်ထွန်းစေမည့်အကြောင်းက ရှိနေပါသည်။ အဲ့ဒါကို ခင်ဗျားတို့ မြင်လား ?

မေရှိယ၏ အသက်ရှင်ခြင်းက အသင်းတော်အားထင်ရှားစေခြင်း အကြောင်းကိုပြုရန် အသင့် အနေအထား ရှိနေပါသည်။ သတို့သမီးကိုဖြစ်ပါသည်။ အမျိုးသမီး တစ်ယောက်ဟာ အမျိုးသားတစ် ယောက်နှင့် ဆောင်နှင်းမှုပြုကာထိုသူနှင့် စိတ်သဘော မညီမညွတ်ဘဲ ရှိနေပါသည်။ ဆက်ပြီးတော့ လည်း ထိုသို့သောအကြောင်းက ရှုပ်ယှက်ခက်စေတဲ့ အရာအချို့ကို ဖြစ်ပေါ်စေပါမည်။ ဒါပေမဲ့ အမျိုး သားတစ်ယောက်နှင့် သူ့ဇနီး ၊ သူ့ရည်စား ၊ သူ၏ထိမ်းမြားဆောင်နှင်းခြင်း ရှိပါမည်။သူတို့က ပြီးပြည့် စုံသော လိုက်လျောညီထွေမှု ရှိစဉ်အခါ တစ်စိတ်တစ်သဘောတည်းရှိကြတဲ့အခါ ဘာဖြစ်လို့လည်းဆိုရင် သူတို့ဟာ တသွေးတသားတည်း ဖြစ်သွားကြလို့ပါပဲ။အဲဒီနောက် သတို့သား၏ ထင်ရှားစွာ ပြသမှုက သတို့သမီး၌ နေနိုင်တဲ့ အချိန်ကာလရှိနေပါသည်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာ တစ်သားတည်း ဖြစ် သွားလို့ပါပဲ။ အို ၊ကြီးမြတ်တဲ့ သင်ခန်းစာတစ်ခုပဲ ဖြစ်ပါသည်။

ဟုတ်ပါပြီ။ အခု မှတ်ထားပါ။ဝိဉာဉ်သဘောဖြင့် ဒီအရာကို တောက်မိလိုက်ခြင်းက ပုံစံကိုလည်း ကောင်း ပုံစံ -အတုကိုလည်းကောင်း ဖြစ်နိုင်ပါသည်။ တစ်ခုသော အရာအတွက် အဲ့ဒါကို ကောက်လိုက် တာဖြစ်ပါသည်။ ကျွန်တော်တို့ အဲဒီကိစ္စအပေါ် ဆက်သွားလို့ရမည့် အချိန်ရှိပါသည်။ဘာဖြစ်လဲဆိုတာ စောင့်ကြည့်ပါ။

45 ၄၅။ ဒီလိုအိုအေစစ် အချိန်နာရီမှာ ကတည်းက ဒီလိုနှစ်ကာလတွေကို ဘာကြောင့် ကျွန်တော်တို့စောင့်ဆိုင်းနေခဲ့ ကြရပါသနည်း ?

ခင်ဗျားတို့ သိပါတယ်။ အသင်းတော်ကတော်ကန္တရထဲသို့ ထွက်ခွာရကြောင်း သမ္မာကျမ်းစာက ပြောထားပါသည်။ အဲဒီနေရာမှာသူတို့အချိန်ပြီးရင် အချိန် အာဟာရကို ပြည့်ဝစေပါသည်။ ဘာကြောင့် ဒီလိုတွေဖြစ်ခဲ့ပါသနည်း? အဲ့ဒါကကျွန်တော်တို့ ........ ခင်ဗျားတို့မြင်ကြပါ။ အဲ့ဒါက လှည့်ပတ်ရာ အ ဝန်းအဝိုင်း၌ တည်သော ဘုရားသခင်၏ လည်ပတ်စေခြင်းပင်ဖြစ်ပါသည်။ အခု အဲ့လိုအမျိုးသား ___အမျိုးသမီးများဟာ ___ ခဲတံများနှင့်ထိုင်နေကြကာ ___ ရေးဆွဲဖို့ကြိုးစားနေကြတဲ့ လွန်လေပြီးသော အချိန်နာရီတစ်ခုမှာ ဘုရားသခင်က ဘာကြောင့် ဤအရာကိုအမှုမပြုခဲ့ပါသနည်း။ ဂျက်ရှသာဖိုဒ်နှင့် များ စွာသောသူတို့ ရှိကြပါသည်။ဆယ်ငယ့်လေးရောက်တော့ ယေရှုကြွလာတော်မူပါသည်။ မာသာရုစ်တန် ပြီး တော့ အဲဒီ အနောက်ဘက်လမ်းကြောင်းနှင့် အဲ့လိုမျိုးတွေ ရှိခဲ့ပါသည် ___ အလုံးစုံသော ဒီလို အချိန်နာ ရီတွေ ရှိခဲ့ပါသည် ___ မြင်ရမှာက သူတို့ဟာနှုတ်ကပတ်တော်ကို ပုံစံထုတ်ဖို့ ကြိုးစားခြင်းဖြင့် ဆက် သွားနေကြတဲ့အခါ မြင်ရမှာကအဲ့ဒါကို သူတို့ ပျက်စီးစေခဲ့တယ် ဆိုတာပဲ ဖြစ်ပါသည်။

အဲ့ဒါက ဖုံးကွယ်ထားတဲ့အရာ ဖြစ်ပါသည်။အဲ့ဒါက အမှန်တကယ် ကွယ်ဝှက်ထားတဲ့အရာ ဖြစ်ပါ သည်။ ယေရှုက ‘ အဘယ်သူမှ မိနစ်နှင့် အချိန်နာရီကိုမသိ ’ ဟု မိန့်တော်မူခဲ့စဉ်အခါ နှုတ်ကပတ်တော်ကို နှုတ်ကပတ်တော် ကိုယ်တိုင်က မည်သို့ ဆန့်ကျင်ဘက်ပြုနိုင်ပါမည်နည်း။ မြင်ရမှာကသူတို့ဟာ နှုတ် ကပတ်တော်ကို တစ်စစီဖြုတ်ပြီး အဲ့ဒါကို ကိုင်းထားကြတာပဲ ဖြစ်ပါသည်။

46 ၄၆။ ခင်ဗျားတို့ကတစ်ခုလုံးကို ယူရမှာဖြစ်ပါသည်။ အဲဒီနောက် ဘုရားသခင်က ထိုသို့သောအရာ၌တည်တော်မူလျှင် ဘုရားသခင်က ထိုအရာက သမ္မာတရား ဖြစ်ကြောင်းကိုထင်ရှားစေတော်မူပါမည်။ အနာရောဂါ ငြိမ်းခြင်းလိုမျိုး ဖြစ်ပါသည်။ အဲ့ဒါက မမှန်ဘူးဆိုရင်အဲဒီနောက် အဲ့ဒါက မမှန်သလို ရှိပါ မည်။ ဘုရားသခင်က ထိုသို့သော အရာနှင့်အတူအဘယ်အမှုကိုမှ ပြုတော်မူမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ်တော်က အဲ့ဒါကိုမှန်စေမယ်ဆိုရင် အဲဒီနောက် အမှန်ပဲ ဖြစ်ပါမည်။

အခု ယေရှုလိုပါပဲ။

47 ၄၇။ ဘုရားသခင်က ‘ သင်တို့အကြားပရောဖက်တစ်ပါး ( သို့မဟုတ် ) ဝိဉာဉ်ရေးရာနှင့်ဆိုင်သော အရာတစ်ခုကို ရှိစေမည်။ငါသည် သူ့အား မိန့်တော်မူမည်။ ပေါ်ထွန်းမည့်အရာကို သူပြောကြား၍ ထိုအ ရာကိုကြားနာမှုပြုလော့ ’ ဟုမိန့်တော်မူခဲ့ပါသည်။ အဲ့ဒါပါပဲ။ ဒါပေမဲ့ သူ့ရဲ့ပရောဖက် အမှားအယွင်း ရှိမယ်ဆိုရင်လည်း ဘုရားသခင်ကတော့ မမှားယွင်းနိုင်ပါဘူး။ ကိုယ်တော်သည် အဆုံးအစမဲ့ပါသည်။ ပျက်ကွက်ခြင်း မရှိပါဘူး။ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူပါသည်။ ကိုယ်တော်ကမှားယွင်းမှု မရှိနိုင်ပါဘူး။ ဒါကြောင့် လူပြောတာဆိုရင် အဲဒီနောက် အဲ့ဒါကလူကိုပြုပါမည် ___ သူကသူ့ကိုယ်ပိုင် စကားလုံးတွေ ကို ပြောတာဆိုရင်တော့ အဲ့ဒါက ကျဆုံးခြင်းရှိပါမည်။ဒါပေမဲ့ သူဟာ ဘုရားသခင်၏ နှုတ်ကပတ်တော် ကို ပြောတာဆိုရင်တော့ အဲ့ဒါက ကျဆုံးခြင်းမရှိနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် အဲ့ဒါက ဘုရားသခင် မိန့် တော်မူခြင်းကြောင့်ဖြစ်ပါသည်။ အဲဒီနောက် သူ့ရဲ့လှုံ့ဆော်ခံရခြင်းက ဘုရားသခင်ထံမှ ရောက်လာတာဖြစ်ပါသည်။ အဲ့ဒါက မှန်ကန်မှု

ရှိပါသည်။ အဲဒီ့လို ဘုရားသခင်မိန့်တော်မူသည့်အတိုင်း ပြောရမှာ ဖြစ်ပါ သည်။

အဲဒီ့အတိုင်း သမ္မာကျမ်းစာက ........ဓမ္မဟောင်းကျမ်းမှာ ကိုယ်တော်က ‘ပညတ်တရားအတိုင်း ပြောကြားမှုမပြုသော ပရောဖက်များတွင် သူတို့၌ အသက်မပါ ’ ဟု မိန့်တော်မူ ခဲ့ပါသည်။ သူတို့၌အသက်မပါကြပါ။ အဲ့ဒါ အမှန်ပါပဲ။ သူတို့က ပညတ်တရားအတိုင်း ပြောကြရသည့် ပရောဖက်များဖြစ် ကြပါသည်။ ပရောဖက်ပြုချက် ဒါမှမဟုတ် ဘယ်လိုအရာမျိုးမဆို နှုတ်ကပတ်တော်အတိုင်းဖြစ်ရပါသည်။ အဲ့လိုမဖြစ်ရင် မှားပါသည်။

48 ၄၈။ အခုဒါဖြစ်တဲ့နေရာကို ကျွန်တော်တို့ ရှာဖွေကြပါမည်။ ဘာဖြစ်လို့ပါလဲ ........ စောင့်ဆိုင်းခဲ့ပါ သည် .......နှိုးထမှုရှိပါသည် ___ မက်သဒစ် ၊လူသာရမ် ၊ နှစ်ခြင်း ၊ ကယ်လ်သိုလစ် အားလုံးတစ်ခုစီ ကွဲ ပြားနေပါသည်။ သူတို့မှာကြီးမြတ်တဲ့ နှိုးထမှုတွေတော့ ဖြစ်ခဲ့ပါသည်။ နာဇရင်း ၊ ပေးဂရင့်ဟိုးလီးနက်စ် ၊ပင်န်တီကော်စတယ် အားလုံးမှာ ကြီးမြတ်တဲ့ နှိုးထမှုတွေ ရှိခဲ့ကြပါသည်။ ဒါပေမဲ့ကြီးမြတ်တဲ့ ထွက်မြောက်ခြင်းတွေ ရောက်မလာခဲ့ကြပါ။ ဘာဖြစ်လို့ပါလဲ ?

ဘုရားသခင်က အာဗြဟံအား ထို့နောက်တွင်ကတိပြုရာ မြေကြီးကို ပြင်ဆင်ထားကြောင်းကို မိန့် တော်မူခဲ့ပါသည်။ ဒါပေမဲ့ အမေရိက၏ဆိုးယုတ်မှုက အခုထိ ပြည့်စုံမှု မရှိစေခဲ့ပါ။ ဘုရားသခင်က စိတ် ရှည်လက်ရှည်စောင့်ဆိုင်းမှု ပြုပါသည်။ လူတွေကတော့ ပုံစံထုတ်ဖို့ ကြိုးစားမှု ပြုကြပါသည်။တစ်စုံတစ် ခုထဲသို့ အလျင်အမြန် ပြေးသွားတာကြောင့် သူတို့ဟာ မမြင်နိုင်ကြပါဘူး ____ သူတို့ပြောတဲ့ ‘ ဒီနေ့ရက် ၊ ဒီအချိန်နာရီ ’ ဆိုတဲ့ တစ်စုံတစ်ခုထဲသို့ အမှန်ပဲပြေးဝင်သွားကြပါသည်။ ဒါပေမဲ့ ခင်ဗျားတို့က အမေရိ က၏ ဆိုးယုတ်ခြင်းက အခုထိမပြည့်စုံစေတဲ့ အကြောင်းကို နားလည်နိုင်ကြမှာ မဟုတ်ပါဘူး။

49 ၄၉။ နှစ်ပေါင်း( ၄၀၀ ) ဖြစ်ပါသည်။ သူတို့ အဲဒီ့ အီဂျစ်ပြည်မှာ ကျရောက်ခဲ့ရပါသည်။ ပြီးမှ ထွက်ကြရတာ ဖြစ်ပါသည်။ တကယ်တမ်း သူတို့ဟာ အနှစ် ( ၄၄၀ ) နေခဲ့ရတာ ဖြစ်ပါသည်။ဘာဖြစ်လို့လဲဆိုရင် ပရောက်ဖက်ကို ငြင်းပယ်ခဲ့လို့ ဖြစ်ပါသည်။ သူတို့ဟာ အခြားသောဒုက္ခကိုခံရစရာ အကြောင်း ရှိခဲ့ပါ သည် ___

ဘုရားသခင် သူတို့ကို ခေါ်ထုတ်မှုမပြုခင်အဲဒီ့က တောထဲမှာ အနှစ် ( ၄၀ ) လောက် နေခဲ့ရပါ သည်။ မောရှေကတော့ သူတို့အားပြန်ခေါ်ထုတ်ဖို့ ပို့ဆောင်ခြင်း မခံရမှီ အနှစ် ( ၄၀ ) ပတ်လုံး တောထဲ ကိုထွက်ခွာခဲ့ရတာ ဖြစ်ပါသည်။ ခင်ဗျားတို့ မြင်ကြပါ။ နှစ် ( ၄၀ ) လွန်မြောက် ခဲ့ပါသည်။လျှော့ဆင်း လာခဲ့ရပါပြီ။ ဘာဖြစ်လို့လဲဆိုရင် သူတို့က သတင်းစကားကို ငြင်းပယ်ခဲ့လို့ပဲဖြစ်ပါသည်။

အခု ဘုရားသခင်၏ နှစ်ပေါင်း ( ၄၀ )ဆိုတဲ့ အချိန်နာရီက ကျွန်ုပ်တို့ အချိန်နာရီနဲ့ဆို တစ်မိနစ်ခွဲ လောက်ပဲ ကြာပါမည်။အဲ့ဒါက အဲ့လိုဖြစ်တာနဲ့ ဘယ်လောက် ကွဲပြားခြင်း ရှိပါသနည်း။ နှစ် ( ၁၀၀၀ ) က ( ၁ )ရက်သာရှိတယ် ဆိုတာကို မြင်ကြပါ။ တစ်မိနစ်တောင် မဟုတ်ပါဘူး။ ခက်ခဲလှပါသည်။ အဲ့ဒါကိုသတိထားပါ။

50 ၅၀။ အခုကျွန်တော်တို့ ပြေးရင်းနဲ့ နောက်ကျနေပါသည်။ ဘာဖြစ်လို့ပါလဲ ? ဘုရားသခင်က ရှည်ကြာ သော ဒုက္ခကိုခံခဲ့ရပါသည်။ စောင့်ခဲ့ရပါသည်။ ကြည့်နေခဲ့ ရပါသည်။ လူသာရမ်အား နိုးထခြင်း ရှိစေကြပါစို့ ___ အဲဒီ့နောက်ဖွဲ့စည်းပါ။ မက်သဒစ်ကို နိုးထမှု၌ တည်စေပါ __ဖွဲ့စည်းပါ။ ဂျွန်စမစ်၏နှစ်ခြင်း အသင်းတော်ကို ကြီးမြတ်သော နိုးထမှုဖြင့်ပေါ်ပေါက်စေပါ __ ဖွဲ့စည်းကြပါ။ပေါ်ထွက်လာသော ပင်န်တီကော်စတယ် နှင့်အတူ ဆုကျေးဇူးများကို ပြန်လည်၍ အသက်ဝင်စေပါ __ ဖွဲ့စည်းပါ။ညစ်ညမ်းမှုက ပြည့်မောက်လာချိန်အထိ နေပါမည်။ အဲဒီ့နောက် ဘုရားသခင်၏ပင်ပန်းဆင်းရဲခြင်း ဖြစ်ခဲ့ပါသည်။

အဲဒီ့နောက် အဲ့လို ထွက်မြောက်ခြင်းကိုသက်ရောက်စေပါမည်။

51 ၅၁။ ပြီးရင်ကျွန်တော်တို့ အဲ့ဒါကို မြင်ရပါသည်။ လူတွေကိုယ်တိုင်က အချိန်စီးဆင်းမှုကို ပြန်လည်သက်ရောက်စေခြင်းကို မြင်နိုင်ပါသည်။ ထိုသို့သော အရာက ကျိန်အပ်သောအရာ ဖြစ်ပါသည်။သူတို့ ဟာ (မရှင်းပါ) သွေးခွဲမှုကို လုပ်ဆောင်၍ ဖာဗုလုန်၏ ကောင်းမွန်သော ဝတ်စုံကိုတဖန် ဆင်မြန်းလျက် ရှိကြပါသည်။ အဲဒီ့ကိစ္စက လူတို့အကြား ကျိန်အပ်သောအရာ ဖြစ်ပါသည်။လူက သူရဲ့ကိုယ်ပိုင် စိတ်ကူး အတွေးတွေကို ထိုးထည့်ဖို့ ကြိုးစားနေခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့က နှုတ်ကပတ်တော် နှင့်အတူတည်နေကြရပါမည် __ ဘုရားသခင်၏ပညတ်တ ရားတို့က ထိုမြို့၌ အဘယ်သို့သော ထိတွေ့စရာ အကြောင်းမှ မရှိပါဘူး။ အဲ့ဒါကကျိန်အပ်သောမြို့ ဖြစ် ပါသည်။ အဲ့ဒါကို မထိပါနှင့်။ အဲ့ဒါကို သီးခြားထားတာပါ။

အာချမ်က သူ ဒီလိုရွှေရောင်အသင်းထုပ်ပိုးမှုကို ဆောင်ကျဉ်းမယ်။ လောက၏ ခိုနားရာလိုမျိုး လုလုပပ ၊ လျော်လျော်ကန်ကန်အသက်ရှင်မယ်လို့ တွေးထားခဲ့ပါသည် ........ ကောင်းမွန်တဲ့ဖာဗုလုန် ဝတ်ရုံပဲ ဖြစ်ပါသည်။ အို ၊ အာချမ်ဟာ လေ့ကျင့်ရေးခန်းတွေမှာ ရှိတာကိုမြင်ကြပါ။ ဒါပေမဲ့ အဲဒီ့အ ကြောင်းက ကျိန်အပ်သောအရာ ဖြစ်ပါသည်။ အဲ့ဒါက ဆက်လက်၍ကျိန်အပ်သောအရာ ဖြစ်ခဲ့ပါသည်။ ရောမမြို့၏ နိစိန်မှာကို ကတည်းက အလွန်တရာသောနိစိန်ကောင်စီမှာကို ကတည်းက ထိုအရာက ကျိန်အပ်သောအရာ ဖြစ်ခဲ့ပါသည်။ အဲဒီ့ကတည်းကကျိန်အပ်သောအရာ ဖြစ်ခဲ့ပါသည်။ ဘုရားသခင်က အမေရိက၏ အချိန်နာရီ ပြည့်လာတဲ့အထိညစ်ညမ်းမှုအပြည့် ဖြစ်လာတဲ့အထိ ခွင့်ပြုထားခဲ့ပါသည်။

52 ၅၂။ အခုဝိဉာဉ်သဘောကောင်းတဲ့ ဘယ်သူမဆို နားလည်ကြပါသည်။ မှတ်ထားကြပါ။ ကျွန်တော်ကိုးကားဖော်ပြ သွားပါမည်။ ‘ ဝိဉာဉ်ရေးရာနှင့်ပတ်သက်သည့် နားလည်မှု ’ အကြောင်းကိုဖြစ်ပါသည်။ ဒီနိုင်ငံက မစင်ကြယ်ခြင်းနှင့် ပြည့်လျက် ရှိတာကို ခင်ဗျားတို့မြင်တွေ့နိ်ုင်ပါသည်။ သူကဖွဲ့စည်းပြီး ပြန် လည် ဖွဲ့စည်းပြီး ၊ ဖွဲ့စည်းပြီးရင်းဖွဲ့စည်းနေပါသည်။ အခုနိုင်ငံက ဖွဲ့စည်းပြီး တစ်စုံတစ်ခုနှင့် အဆက်အ သွယ်ပြုနေပါသည်။ ညစ်ညမ်းမှုနှင့် ပြည့်လျက် ရှိပါသည်။

အဲဒီ့မှာ ထွက်မြောက်ဖို့ အချိန်ရှိပါသည်။ကတိပြုရာ နယ်မြေသို့ ခေါ်ထုတ်ဖို့ရာ အချိန်နာရီတစ်ခု ရှိနေပါသည်။ အခြားနိုင်ငံတစ်ခုသို့ သွားရောက်ရမည့် ကတိမဟုတ်ပါဘူး။ ဒါပေမဲ့ အိမ်တစ်အိမ်ဆီကိုပါ။ မိလေနီဆိုတဲ့ဆီကို ဖြစ်ပါသည်။ ခေါ်ထုတ်မှုပြုရန် အချိန်ရှိပါသည် ___ ဒီနိုင်ငံ၏ညစ်ညမ်းခြင်း ရှိပါ သည် ___ ဒီနေ့ညအဲ့ဒါကို တဖန် သက်ရောက်မှု ရှိစေပါမည်။ ဘုရားသခင် အလိုတော်အတိုင်း ........ ပြည့်နှက်စေပါမည် ! အဲဒီ့နိုင်ငံ၏ မစင်ကြယ်ခြင်းနှင့်ဖြစ်ပါသည် !

ခင်ဗျားက ‘ ညီအစ်ကို ဘရာဟမ် ၊ ခင်ဗျားနေတဲ့နိုင်ငံကိုလား ? ’ လို့မေးပါသည်။ ဟုတ်ပါသည် ၊ ဆရာ ! အသေအချာပါပဲ ! ခင်ဗျားက ‘ ယူနိုက်တတ်စတိတ်ရဲ့ နိုင်ငံသားတစ်ယောက်အနေဖြင့် ခင် ဗျား အဲဒီ့လို မပြောသင့်ဘူး ’ လို့ ပြောပါမည်။

အဲ့လိုပဲ ဧလိယဟာ ဣသရေလအပေါ်ကျိန်ဆိုမှုကို မသက်ရောက် စေသင့်ပါဘူး။ ပြီးတော့ သူ ဟာ ဣသရေလ တစ်ယောက်ဖြစ်လို့ပါပဲ ! ကျနတ်တဲ့ ပရောဖက်တွေလည်း နိုင်ငံကို မကျိန်ဆဲသင့်ပါဘူး။ သူတို့ဟာဣသရေလ နိုင်ငံကနေ ပေါက်ပွားလာ ကြလို့ပါပဲ။

53 ၅၃။ ဒါပေမဲ့သူတို့ပြောတဲ့ တစ်ခုသော အကြောင်းက သူတို့၏ကိုယ်ပိုင် စဉ်းစားမှု မဟုတ်ပါဘူး။ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်ပါသည်။ ခင်ဗျားတို့ နှိုးဆော်ခံရသည့် နေရာကနေခင်ဗျားတို့ ဆွဲယူ လာတဲ့ အရာပေါ်မှာ မူတည်နေပါသည်။ ဘယ်လို ရောက်လာသလဲ။ နှုတ်ကပတ်တော်ကို ဘယ်လို ဆန့် ကျင်နေသလဲ ဆိုတာပေါ်မှာ မူတည်နေပါသည်။ အဲ့ဒါကိုသီးသန့်ထားထားလိုက်ပါ။ အဲ့ဒါက နှုတ်ကပတ် တော်နှင့် ဆန့်ကျင်နေတယ်ဆိုရင်ဘယ်သူ့ကိုမဆို သက်သေပြဖို့ ကျွန်တော် တောင်းဆိုပါသည်။

သမ္မာကျမ်းစာထဲက ဗျာဒိတ် ( ၁၃ ) မှာ ပြောမထားပါဘူး........ ( အဲဒီ့နေရာကဒီနိုင်ငံ၏ ပေါ် ထွန်းခြင်း ဖြစ်ပါသည် ) ဒီနိုင်ငံက နံပါတ် ( ၁၃ ) ဖြစ်ပါသည်။မိန်းမနိုင်ငံ ဖြစ်ပါသည်။ သမ္မာကျမ်းစာထဲ က မိန်းမတစ်ယောက် ဖြစ်ပါသည်။ကျွန်ုပ်တို့၏ အကြွေစေ့မှာ အမျိုးသမီး တစ်ယောက် ရှိပါသည်။ အဲ့ဒါ ကအမျိုးသမီးနိုင်ငံပဲ ဖြစ်ပါသည်။

အဲဒီ့နေရာက အမျိုးသမီးများ၏ပုတ်ပျက်နံစော်ခြင်းမှ အစပြုကာ အဲဒီ့မှာ အဆုံးသတ်သွားတာ ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို မယုံကြည်ခြင်းအားဖြင့် ပုတ်ပျက်နံစော်ခြင်းသည် အာဒံ ဦးအစပြုခဲ့ပါသည်။ ဒီနေရာကနေ ပေါက်ဖွားလာ ကြပါသည်။ အမျိုးသမီး တရားဟော ဆရာမများနှင့်အ မျိုးစုံ ရှိနေကြပါသည်။ လောက၏ ညစ်ညူးခြင်းက ဟောလိဝုဒ်ကနေ အမှန်တကယ်ပေါက်ဖွားလာပါ သည်။ လောကမှာ အဆိုးဝါးဆုံးနိုင်ငံ ဖြစ်ပါသည်။ အတူတကွ ရှိနေကြတဲ့ကျန်လောကသားတွေထက် ကို ကွာရှင်းမှုက ပိုလာသည်ကို မြင်ကြရပါမည်။

ဘာဖြစ်လို့ပါလဲ ? ခင်ဗျားတို့ ဤနေ့ရက်ကာလများထဲက တစ်ခုသောဘုရားသခင်၏ အလိုတော် ကို ရှာဖွေကြည့်လို့ ရပါသည်။ ဒီလို ကျိန်အပ်သော အရာကဘာကြောင့်ဖြစ်သလဲ ဆိုတာကို ခင်ဗျားတို့ တွေ့ရပါမည် ........လူတို့၏မျက်လုံးကို ဖုံးကွယ်ထားသည့် မမြင်ရသော ကွာရှင်းမှု အပြွတ်အသိပ်ကိုခင်ဗျားတို့ တွေ့မြင်ရမှာ ဖြစ်ပါသည်။ ကျွန်တော်တို့ဟာ ကြောက်ဖို့ကောင်းတဲ့အချိန်မှာ ရှိနေကြပါသည်။ အဆုံးက လက်ထဲရောက်လု နီးနေပါပြီ။ အခု ကျွန်တော်ယုံကြည်ပါသည်။ ကျွန်တော်တို့ဟာ ပုတ်ပျက် ကြပါမည်။ ဗဟိုချက်အထိ ရောက်လာအောင်ပုတ်ပျက်ခံ ကြရပါမည်။

54 ၅၄။ ဗျာဒိတ်ကျမ်း၊ အခန်းကြီး ( ၁၃ ) မှာ ၊ နံပါတ် ( ၁၃ ) မှာ အဲ့ဒါ ပေါ်ထွန်းခြင်း ရှိပါသည်။ပြီးတော့ မှတ်ထားပါ။ သိုးသူငယ် တစ်ကောင်ကဲ့သို့ ထွက်ပေါ်လာပါသည်။ ဘာသာရေးလွတ်လပ်မှု ဖြစ်ပေမဲ့ အဲဒီ့ နောက် သားရဲထံမှ တန်ခိုးကို ရရှိသကဲ့သို့ပုံဖော်ထားတာမျိုး တစ်ခုရှိပါသည်။ သူဟာ အလုံးစုံသော အာ ဏာဖြင့် စကားကိုဆိုကာသူ့ရှေ့၌ရှိသည့် သားရဲလုပ်ဆောင်မှု ပြုသည့်အတိုင်း ပြောင်းလဲခြင်းမရှိ တူညီ သောပုတ်ပျက်မှုကို လုပ်ဆောင်မှုပြုတာပဲ ဖြစ်ပါသည်။ အဲဒီ့နောက် ဒီနိုင်ငံ၏ပရောဖက်ပြုချက် မဟုတ် သော အရာကို ကျွန်တော့်အား ပြောဆိုမှု ပြုပါသည်။

အမေရိက၏ အခြေအနေက မှည့်နေတဲ့အနေအထားမျိုး ဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ ဟာ အဲ့ဒါကို အစကတည်းကလုပ်ဆောင်ခဲ့ကြလို့ပဲ ဖြစ်ပါသည် ! ကျွန်တော်တို့ရဲ့ ပုပ်ရဟန်းမင်းကြီး အသစ်တိုင်းဟာ သူတို့ရဲ့အဓိက ရည်ရွယ်ချက်က ညီအစ်ကိုများ အတူတကွ ပေါင်းစည်းဖို့ပဲဖြစ်ပါသည် ! ဇာတိမျက်စိဆိုတော့ ထိုသို့ ဖြစ်စေပါသည် ! ဒါပေမဲ့ ဘုရားမျက်စိနှင့် ဆိုရင်တော့သန့်ရှင်းသော ဝိညာဉ် တော်နှင့် ဆန့်ကျင်ဘက် ပြုနေပါသည် ! ကျွန်တော်တို့ အဲ့လိုရောပစ်လိုက်လို့ မရပါဘူး ! အသင်းတော် တိုင်းက အဲဒီ့လို ကိုယ်ပိုင်အုပ်ချုပ်မှုဖြင့် အတူတကွ ပေါင်းစည်းနေမယ်ဆိုတဲ့ အရာထဲကို ဝင်ဖို့ရာ အမိ ဖမ်းမှုပြုလာပါမည်။

ခင်ဗျားတို့ မြန်နိုင်သမျှ မြန်အောင်အဲဒီ့လို အရာမျိုးကနေ ထွက်ခွာမှုပြုပါ။ ခင်ဗျားတို့ သားရဲ၏တံ ဆိပ်ကိုခံကြရတော့မှာပဲ ဖြစ်ပါသည်။ ခင်ဗျားတို့ ဘာလုပ်လဲ ဆိုတာကို မသိကြပါဘူး ! အဲဒီ့ကနေထွက် ခွာမှုပြုပါ !

55 ၅၅။ ဝိညာဉ်စိတ်သဘောကအဲဒီ့ကိစ္စကို ဖမ်းမိနိုင်ဖို့ ကျွန်တော် မျှော်လင့်မိပါသည်။ ကျွန်တော် ခင်ဗျားတို့ကို သေသေချာချာ လုပ်ပေးနေတယ်နော်။ ဒါပေမဲ့ အဲဒီ့လို အပြင်မှာ ဖြစ်နေတာကိုကျွန်တော် အံ့ သြမိပါသည်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ခင်ဗျားတို့ဟာ နိုင်ငံတိုင်းကိုအလည်အပတ် ရောက်နိုင်ကြမှာ မဟုတ် ပါဘူး။ ခင်ဗျားတို့ဟာ နိုင်ငံတွေဆီကို တိပ်ခွေတွေပဲပို့လို့ရမှာ ဖြစ်ပါသည်။ ဘုရားသခင်က အဲ့လို အပြင် ထွက်နေမည်ဟူသောစိတ်သဘောဆောင်သည့် နေရာ၌ မျိုးစေ့ကိုကျဲ၍ တစ်နည်းတစ်ဖုံ သိမ်းဆည်းတော်မူပါလိမ့်မည်။ အဲ့ဒါ အမှန်ပါ။ မကြာခင်မှာ အလင်းက ထိုအရာကို ထိခိုက်စေပါမည်။အဲ့ဒါကို မြင်စေ ပါမည်။ အသက် ဖြစ်လာပါမည် ! ရေတွင်းနားက အမျိုးသမီးလေးလိုပါပဲ ၊သူမက ‘ အဲ့လို ’ ဆိုပြီး အဲဒီ့ လို အကြောင်းကို အမိအရရရှိခဲ့ပါသည်။ အဲဒီ့အရာကနေ ထွက်ပါ။ အဲ့ဒါက ကျိန်အပ်သောအရာ ဖြစ်ပါ သည်။ကျိန်အပ်ပါသည်။ တစ်နေရာမှာကျပြီး ပြန်ပေါက်လာတယ်လို့ ကျွန်တော့်ကို ပြောပါသည်။ကျရှုံး ခြင်း မရှိသော အစဉ်အမြဲ ရှင်သန်ခြင်းအကြောင်း တစ်ခုကို ကျွန်တော့်အားပြောကြားမှု ပြုပါသည်။ ဒါ ကြောင့် အဲ့ဒါက မှားယွင်းကြောင်းကို ခင်ဗျားတို့မြင်တတ်ရပါမည်။

56 ၅၆။ ဟုတ်ပါပြီ။ညစ်ညူးခြင်းက အခုထိ မပြည့်သေးပါဘူး။ အာမေရိရဲ့ ညစ်ညူးမှုပါ။ ဒါကြောင့် သူ တို့မှာကြန့်ကြာလျက် ထွက်မြောက်မှုမရှိခင် စောင့်ဆိုင်းနေ ကြရပါသည်။ ဒါပေမဲ့ အာမေရိတွေသူတို့ရဲ့ မစင်ကြယ်ခြင်းနှင့် ပြည့်လာတဲ့ အခါမှာတော့ အဲဒီ့လိုဝိဥာဉ်ရေးနှင့်ဆိုင်သော ထွက်မြောက်မှု သို့မဟုတ် ဇာတိသဘောဆောင်သော ထွက်မြောက်မှုကရောက်ရှိပါလေသည်။ ဇာတိပကတိနှင့်ဆိုင်သော မြေကြီး ဆီသို့ လူတို့အား ဦးဆောင်မှုပြုစရာအကြောင်း ရှိပါသည်။ အဲဒီ့နေရာမှာ ဇာတိပတိဆောင်သော အာမေ ရိတွေက တစ်ချိန်ကနေရာကျခဲ့ ကြပါသည် _____ အဲ့ဒါကိုသူတို့ရဲ့ မြေကြီးလို့ ခေါ်ဆိုမှုပြုခဲ့ ကြပါသည်။

အာမေရိ၏ ညစ်ညူးသော ဂိုဏ်းဂဏ ရှိပါသည်။သူတို့ကိုယ်သူတို့ အသင်းတော်ဆိုပြီး အချိန်အ ကြာကြီး ခေါ်ဆိုမှုပြုခဲ့ ကြပါသည်။သူတို့၏ ညစ်ညူးမှု ပြည့်မှောက်လာတဲ့ အချိန်ထိ ခေါ်ပါမည်။ အဲ့လို ထွက်မြောက်ကြမည့်အရပ်၌ ဘုရားသခင်က ဘယ်သူရဲ့ လူဖြစ်သလဲ ဆိုတာကို ပြသတော်မူပါမည်။ အဲဒီ့နေရာမှာအသင်းတော် ကိုယ်တိုင်က ရှိနေရမှာ ဖြစ်ပါသည်။ ယေရှုခရစ်တော်၏ သတို့သမီးက ကတိပြုရာမြေကြီးဆီသို့ ထွက်ခွာမှု ပြုကြရပါမည် ____ငါ့ခမည်းတော်၏ နေအိမ်၌ ဒီနေရာ၌ မြောက်များစွာ သော နေထိုင်ရာများ ရှိတယ်ဆိုပြီးမိန့်တော်မူ ခဲ့ပါသည်။

ခင်ဗျားတို့ကတော့ အဲဒီ့ကိုမသွားကြပါဘူး။ သူတို့လိုပဲ တိုက်ခိုက်နေ ကြပါသည်။ အဲ့ဒါက အစက တည်းကပြင်ဆင်ထားတဲ့နေရာ ဖြစ်ပါသည်။ ဒီလောကဆန်သော အသင်းတော်၏ အခြေချမှုက ပြိုကွဲသွားမယ်ဆိုရင် ကျွန်တော်တို့ဟာ အစကတည်းက လုပ်စရာရှိတာက စောင့်နေဖို့ပဲ ဖြစ်ပါသည်။ ‘ ငါရှိတဲ့ အရပ်၌ သင်တို့လည်းရှိမည် ’ ဟု မိန့်တော်မူ ခဲ့ပါတယ်။ ကြီးမြတ်တဲ့ထွက်မြောက်မှုက လက်ထဲမှာပင် ရောက်နေပါပြီ။

57 ၅၇။ ဘုရားသခင်ကအဲ့လို ထွက်မြောက်ခြင်းကို မထည်သို့ဖြစ်စေသလဲ ဆိုတာကို စောင့်ကြည့်ကြပါ။ကိုယ်တော်က ........ ပြင်ဆင်မှုကိုလုပ်ပါသည်။ အခု တစ်မိနစ်လောက် လေ့လာကြည့်ကြပါ။ ဒီကနေ့ကို ကြည့်လိုက်ပါ။

ဟုတ်ပါပြီ။ သတိပြုပါ။ဒီလိုမထွက်မြောက်ခင် ယောသပ်ကိုမသိတဲ့ ဖာရောမင်းတစ်ပါး ပြောထွက် ခဲ့တယ် ဆိုတာကို မြင်ကြရပါမည်။ ယောသပ်ကိုမသိတဲ့ ဖာရောမင်းတစ်ပါး ဖြစ်ပါသည် ____ယောသပ် ကို မသိပါဘူး။ ယောသပ်၏ ပုံဆောင်ချက်က ဘာလဲဆိုရင် ဒီလိုဝိဉာဉ်ရေးရာထွက်မြောက်ခြင်း၌ တည် သော ဝိဉာဉ်သဘော တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။

အခု အဲဒီ့ကနေ ထွက်ပေါ်လာတာက ____ ကျွန်ုပ်တို့၏လွတ်မြောက်ခြင်း ဖြစ်ပါသည်။

မိန်းမတစ်ယောက်ဟာ အချိန်နာရီ တစ်ခုအတွက်အာဟာရ ဖြည့်တင်းမှု ပြုရပါသည်။ အချိန် ပြီး တော့ အချိန်နာရီကို ခွဲခြားသတ်မှတ်မှုပြုပါသည်။

ဒါပေမဲ့ နောက်ဆုံး အဲဒီ့ကနေထွက်ပေါ်လာပါသည် ........ ဖာရောဘုရင်တစ်ပါးဟာအာဏာရှင် ဖြစ်ပါသည်။ သူဟာ ဘာသာတရား၏ လွတ်မြောက်မှု ဆိုတာကို သိတဲ့လူ မဟုတ်ပါဘူး။သူတို့ကို အတူ တကွ ပေါင်းစည်းမှု ပြုခဲ့ပါသည်။ အဲဒီ့လို ခင်ဗျားမှာဖြစ်ခွင့်မပြုပါနှင့်။ ဖာရောဘုရင်ရှိတဲ့ အဲဒီ့နေရာသို့ အချိန်နာရီတစ်ခု ကျရောက်ခဲ့ပါသည်။ပထမက ရောက်လာစရာအကြောင်း ရှိပါသည်။ အဖွဲ့အစည်းများ ဟာ ပြိုးပြိုးပျက်ပျက်နှင့် ရှင်သန်ခဲ့ကြပါသည်။စစ်မှန်သော ခရစ်ယာန်ဖြစ်မှုဆိုတဲ့ စပျစ်ကိုင်းတွင် ကိုင်း ကူး ၊ ကိုင်းဆက်လုပ်ထားသလိုမျိုး ရှင်သန်ခဲ့ကြတာ ဖြစ်ပါသည်။ ဒါပေမဲ့ အဲဒီ့လိုလုပ်ခြင်းက မူလအသီးများကို သီးစေစဲသာ ဖြစ်ပါသည်။

မိန်းမတွေဟာ တစ်ဝက်ပဲ ဝတ်ကြပါတော့သည်။လူများဟာ အသိဉာဏ် ပညာပိုင်းနှင့်သာ ဆိုင် ကြပြီး ဝိဉာဉ်တော်၏တန်ဖိုးကိုငြင်းပယ်မှု ပြုလာကြပါသည်။ ဒါပေမဲ့ အဲ့လိုပဲ ခရစ်ယာန် အသင်းတော် တစ်ခု၏ အမည်နာမအောက်ကပဲ ရှင်သန်ခဲ့ ကြပါသည်။ အဲ့ဒါက ကိုင်းကူး ၊ ကိုင်းဆက် လုပ်ထားသော စပျစ်ပင်ဖြစ်ပါသည်။ သို့သော် ထိုစပျစ်ပင်ကို အခု အကိုင်းချိုင်ဖို့ လင်ယောကျာ်းကရောက်လာပါမည်။ ကိုယ်တော်ရှင်က ထိုသို့လုပ်ဆောင်ရမည်ဟု မိန့်တော်မူ ခဲ့ပါသည်။အဲဒီ့လို အသီးမသီးတဲ့ အကိုင်းတွေ ကို ဖြတ်တောက်၍ မီးထဲသို့ လွှင့်ပစ်ကာ ဖျက်ဆီးမှုပြုစရာအကြောင်း ရှိပါသည်။

58 ၅၈။ အဲဒါက ထိတ်လန့်စရာအကြောင်းဟု ဆိုဖွယ်ရာရှိပါသည်။ ဒါပေမဲ့ သမ္မာတရားဆိုတာက အခုခင်ဗျားကို ပြောရမယ်ဆိုရင် တစ်ခါတစ်လေ မြင်ရတာ ထိတ်လန့်စရာ ကောင်းပါသည် _____ ဘယ်လိုပဲ ဖြစ်ဖြစ်ဘုရားသခင်သည် သူ့ရဲ့သားသမီးတွေကို ရေနက်ရာအရပ်နှင့် စိုစွတ်သော သဲမြေရှိရာ ၊ထိုသို့ သော နယ်မြေများတောက်လျှောက် ပို့ဆောင်တော်မူပါသည်။ ကိုယ်တော်ရှင်သည် အဲဒိ့အတိုင်းထိုအမှု ကို လုပ်ဆောင်တော်မူပါသည်။

မှတ်ထားပါ။ အိုးကိုတစ်စစီလွှင့်စင်သွားအောင် ၊ တစ်ပိုင်းစီ ကွဲထွက်သွားအောင် ၊ အစလေးတွေဖြစ်သွားအောင် ခွဲပစ်လိုက်စရာအကြောင်း ရှိပါသည်။ ပြန်၍ပုံသွင်းဖို့ဆိုရင်တစ်ဖန်မြေကြီးပြန်ဖြစ် ရပါ မည်။ အဲ့ဒါကို ဖျက်စီးဖို့ဆိုရင်တော့ ကြောက်စရာကောင်းသည့်ကိစ္စကို မြင်ရပါသည်။ ဒါပေမဲ့ အဲ့လိုအ လုပ်ခံရစရာအကြောင်း ရှိပါသည်။အိုးကို အစီအစဉ်တကျ ပြန်လုပ်ဖို့အတွက် ဖြစ်ပါသည်။ ပန်းအိုးပဲ ဖြစ် ဖြစ်ခင်ဗျားတို့ ဘာပုံပဲ လုပ်ချင်တာ ဖြစ်ဖြစ်ပါ။

59 ၅၉။ အဲ့ဒီမှာဖာရောဘုရင်တစ်ပါး ထွက်ပေါ်ခဲ့ပါသည်။ သူက ယောသပ်ကို မသိပါဘူး။ အဲ့ဒါက အစရဲ့ အစပဲဖြစ်ပါသည်။ အဲ့ဒါက ထွက်မြောက်ခြင်း၏ အစပဲ ဖြစ်ပါသည်။ အဲ့ဒီလို ကိစ္စက နိုင်ငံရေးစွမ်းအား တစ်ခု၏ အောက်ကနေ ပုံဖော်ဖို့ အစပြုလိုက်တဲ့အခါ စပြီးပုံပေါ်လာပါသည်။ဘုရားသခင်က အဆင်သင့် ဖြစ်စေဖို့ အစပြုလိုက်ပဲ ဖြစ်ပါသည်။

အာမေရိ၏ ညစ်ညူးမှုက ပြည့်လျက်ရှိပြီးကိုယ်တော်က အာဗြဟံအား ပြုတော်မူသည့် ဂတိတော် ပြည့်စုံဖို့ရာ အချိန်ကျလာပြီဖြစ်ပါသည်။ လက်ဝယ်၌ ပို့ဆောင်တော်မူရာ အချိန်နာရီ ရှိနေပြီ ဖြစ်ပါသည်။ ဘုရားသခင်ကယောသပ်ကိုမသိတဲ့ ဖာရောဘုရင်တစ်ပါး ပေါ်ထွက်ဖို့ရာ

အခွင့်ပေးခဲ့ပါပြီ။ ရမ်းစီးဆိုသူမွေးလာခဲ့ပါသည်။ ဘက်တီနောက်မှာ အမှန်တကယ် ရမ်းစီး ရောက်လာပါသည်။ ရမ်းစီးဆိုသူဟာယောသပ်ခံရသော ကောင်းကြီးများကို မသိရှိပါဘူး။

သူဟာဝိဉာဉ်သဘောဘက်က အခြမ်းကိုမသိရှိပါဘူး။ သူဟာနိုင်ငံရေး ကျွမ်းကျင်တဲ့ လူတစ် ယောက်သာ ဖြစ်ပါသည်။ သူဟာ အီသီယိုးပီးယားနှင့် ကျန်တဲ့တိုင်းနိုင်ငံတွေအကုန်လုံးကို စစ်တပ်၏ အင်အားအောက်သို့ သိမ်းယူနိုင်ခဲ့ပါသည်။ အဲဒါက သူသိထားတဲ့အလုံးစုံသော စစ်အင်အား ဆိုတာပါပဲ။

60 ၆၀။ ဘယ်သူမဆိုဝိဉာဉ်သဘောရှိလျှင် ကျွန်တော်ထင်ပါတယ်။ အခု ဘာဖြစ်မလဲဆိုတာကို မြင်နိုင်ပါ သည်။ကျွန်တော်တို့မှာ ဘာသာတရား၏ လွတ်မြောက်ခြင်းဆိုတာကိုမသိတဲ့ ဖာရောဘုရင်တစ်ပါးကိုပိုင်ဆိုင်ထား ကြပါသည်။ ကျွန်ုပ်တို့ရဲ့ သမ္မတကို သူ့ရုံးလုပ်ငန်းကိုတာဝန်ယူလိုက်တဲ့အခါ အဲ့ဒီလိုမျိုး တိုင်တည်မှု ပြုရမည်မဟုတ်ပါ။ ဘာသာတရား၏လွတ်မြောက်၍ သူယုံကြည်မှု ပြုခဲ့ဖူးပါသည်။

61 ၆၁။ ကျွန်တော်တို့မှာဒီလိုခွဲထုတ်ခြင်းဆိုတဲ့ မေးခွန်းရှိလာတဲ့အခါ တနေ့က ဘာဖြစ်ခဲ့ပါသနည်း ၊တောင်ပိုင်းမှာတုန်းကပါ ? ဒီ်အယ်လာဘားမားကအုပ်ချုပ်သူက .......... ကျွန်တော် အဲဒီက သာသနာပြု ဆီကိုပြောလို့ရနိုင်ဖို့ ကျွန်တော် ဆန္ဒရှိခဲ့ပါသည် ____ မာတင်လူသာကပင် ရှိခဲ့ပါသည်။ ခေါင်းဆောင် တဲ့ လူတစ်ယောက်ဟာလူတွေကို သေစေတတ်သော ထောင်ချောက်ထဲဆီသို့ မည်သို့ ခေါ်သွားလို့ ရနိုင် ပါမည်နည်း ?

အဲဒီလို လူတွေဟာကျွန်ဖြစ်ခဲ့ကြတယ်ဆိုရင် ကျွန်တော် အဲဒီ့ကိုဆင်းသွားပြီး ကျွန်တော့်အင်္ကျီကိုချွတ်ပါမည်။ သူတို့တွေအတွက် အဝေးကို ရိုက်ထုတ်ပစ်လိုက်ရမှာပဲ ဖြစ်ပါသည်။သူတို့တွေဟာ ကျွန်မ ဟုတ်တော့ပါဘူး။ သူတို့ဟာ နိုင်ငံသားတွေ ဖြစ်သွားကြပါပြီ။သူတို့ဟာ နိုင်ငံတစ်ခု၏ နိုင်ငံသားများ ဖြစ်သွားကြပါ၏။

ကျောင်းတက်ခြင်း၏ မေးခွန်းက ........ လူတွေကို ........... သူတို့မှာမာကျောတဲ့နှလုံးသားနှင့် ထိုသို့သောအရာများကို မယုံကြည်ဘူးဆိုရင် ခင်ဗျား အဲဒီ့လူတွေထဲသို့ဝိဉာဉ်သဘောတရားတွေကို မောင်းထည့်လို့ မရပါဘူး။ အဲဒီ့မှာ နိုင်ငံရေးအစွမ်းနှင့်ရိုက်ထုတ်နေတာ ဖြစ်ပါသည်။ သူတို့ ထိုအရာကို ထပ်မံ၍ ဒုတိယမွေးခြင်းကို ခံကြရပါမည်။အဲဒီနောက် သူတို့က ထိုသို့သောအရာများကို မြင်တွေ့ရမည် ဖြစ်ပါသည်။

62 ၆၂။ ဒါပေမယ့်ဒီလူက ကျွန်တော် သူ့ကိုပြောလို့ရမယ်ဆိုရင် ____အဲဒီအဖိုးမဖြတ်နိုင်တဲ့ လူတွေကို ဦးဆောင်မှု ပြုသွားပါမည်။ ဘာသာရေးနာမည်အောက်ကနေ သေမင်းထောင်ချောက်တစ်ခုထဲ သွားနေ ခြင်းမှ ဖြစ်ပါသည်။အဲဒီနေရာမှာ သူဟာ ထောင်သောင်းချီသော သူတို့ကို သတ်ဖြတ်ပစ်လိုက်ပါမည်။ သူ တို့မရပါ ......... သူတို့ဟာ ဇာတိပကတိသဘောဘက်ခြမ်းတွင် ရှိနေကြပါသည်။

ဒီလူက ........လူမည်းညီအစ်ကိုပါ ____ လူဝစ်ဇူးဟားနားမှာကြီးမြတ်သည့် ပေါ်ထွန်းမှုတစ်ခု တက်ရောက်ခဲ့ပါသည်။ ကျွန်တော်အဲဒီကိုရောက်တုန်းကပါ။ အဲဒီ့အချိန် ......... လူမည်းသာသနာပြု တစ်ယောက်တန်ဖိုးမဖြတ်နိုင်တဲ့ ညီအစ်ကိုကြီးတစ်ယောက် ဖြစ်ပါသည်။ အဲဒီအပြင်မှာ မတ်တပ်ထွက်ပြီး ပြောခဲ့ပါသည်။ ပြည်သူ့စစ်ကို ‘ကျွန်တော် သူတို့ကို စကားပြောလို့ ရနိုင်မလား။ သူတို့က ကျွန်တော့် လူတွေပါ ’ ဟု ပြောခဲ့တာ ဖြစ်ပါသည်။

ဒီတရားဟောဆရာအိုကြီးက အဲဒီမှာမတ်တပ်ထွက်ရပ်ပြီး ‘ ဒီမနက်ကျွန်တော်ပြောချင်တာရှိ တယ်။ ကျွန်တော် လူမည်းဖြစ်တာကို ကျွန်တော်လုံးဝ မရှက်ဘူး။ကျွန်တော့် ဖန်ဆင်းရှင်က ကျွန်တော့် ကို ကျွန်တော်ဆိုပြီး ဖန်ဆင်းမှုပြုလို့ ’ ဟု ပြောခဲ့ပါသည်။

အဲဒီအတိုင်း ကိုယ်တော်ရှင်က သူ့ကိုကြွင်းကျန်စေချင်ပါသည်။ အဲဒီအတိုင်း ကိုယ်တော်ရှင်က လူတိုင်းကိုကျန်ကြွင်းစေချင်ပါသည်။ ကိုယ်တော်ရှင်က အဖြူရောင်ပန်းများ ၊အပြာရောင်ပန်းများနှင့် အမျိုးစုံသောပန်းများကို ဖန်ဆင်းတော်မူပါသည်။မျိုးမတူတာကို မျိုးဆက်မှု မလုပ်ပါနှင့်။ သူတို့ကို ဖြတ် မပစ်လိုက်ပါနှင့်။ခင်ဗျားတို့က သဘာဝကို ဆန့်ကျင်ဘက်ပြုတာပဲ ဖြစ်ပါသည်။

63 ၆၃။ သူက ‘ ကျွန်တော် ဒီမနက်ထိလူမည်းဖြစ်ရတာကို လုံးဝမရှက်ဖူးဘူး ’ဟုဆိုပါသည်။ သူက ‘ ကျွန်တော်ကျွန်တော့်လူတွေ ပေါက်ဖွားလာပြီး အခု သူတို့လုပ်နေတဲ့ အရာတွေကို ကျွန်တော်မြင်ရတဲ့အခါ ’ ဟု ဆိုပါသည်။ သူက ‘ အဲဒီလို ဖြစ်တာက သူတို့ရဲ့ရှက်စရာကိစ္စအဖြစ် ကျွန်တော်ကို ဖြစ်စေပါ တယ် ’ လို့ ဆိုပါသည်။

ကျွန်တော် တွေးမိလိုက်တာက ‘ အဲဒီအသံကို ဘုရားသခင် ကောင်းချီးပေးပါစေ ’ ဟူ၍ပါ။

သူက ‘ ပြဿနာတက်စေဖို့ ခင်ဗျားတို့သွားနေတဲ့ တစ်ခုသောအကြောင်းဖြစ်တယ် ’ လို့ ဆိုပါသည်။ ‘ ဒီကျောင်းကိုကြည့်ပါ။ ကျွန်ုပ်တို့မှာ ကျောင်းမရှိရင် သူပြောတာက အဲဒါက ခြားနားပါလိမ့်မည်။ ဒါပေမယ့်ဘယ်သူက ဒီနေရာက အကောင်းဆုံးကျောင်းကို တက်ရလို့လဲ လူဝစ်ဇူးဟားနားမှာလို့ ’ ပြော ပါသည်။

သူက ‘ လတ်တလော ဖြစ်များခြင်းအတွက် လုပ်ဆောင်ကြပါစို့။ကျွန်ုပ်တို့ မြို့တော်ကိုပါ။ ရှရီဗီ ပေါ့မှာပါ ’ ဟု ဆိုပါသည်။ သူက ‘အဲဒီအကျော်က အဖြူကျောင်းက ကျောင်းဟောင်းဖြစ်ပါတယ်။ သူ တို့က အခြားကျောင်းတစ်ခုကိုကျွန်တော်တို့အတွက် ဆောက်ပေးထားတာပါ။ ပစ္စည်းပစ္စယတခုမှ က လေးတွေအတွက်ကစားစရာပစ္စည်းတခုမှ သူတို့ဟာ ထားပေးခြင်းမရှိပါဘူး။ ကျွန်တော်တို့ ခြံဝန်းပြည့်တခု ရလိုပါတယ်။ အဲဒါအပြင် သူတို့ ကျွန်တော်တို့ရဲ့ ကလေးများအတွက် ကြီးမားတဲ့ကျောက်ရေကန် ကို တည်ဆောက်ပေးရပါမည်။ ကျွန်တော်ရနိုင်မည့် အကောင်းဆုံးအရာတွေကိုလည်း ရကြရပါမည် ’ ဟုဆိုခဲ့ပါသည်။

‘ဘာလို့ ခင်ဗျားတို့က အဲဒီကို သွားချင်နေရတာလဲ။ ဒီအချိန်မှာ ကျွန်တော်တို့ပိုကောင်းတာ တစ်ခုကို ရအောင်လုပ်လို့ မရဘူးလား ? ခင်ဗျားတို့နဲ့ ဘာဖြစ်နေကြတာလဲ ? ’ ဟု မေးပါသည်။ သူပြောခဲ့ပါသည်။

သူတို့တွေက ‘ အ အ အ ’ နှင့်ပါပဲ။ အသံက ဆိတ်သုဉ်းနေကြပါသည်။ အဲဒါကခင်ဗျားတို့ပါပဲ။ မြင်လား ?____ လွဲမှားသည်။ စိတ်ကူးယဉ်မှု ဖြစ်ပါသည်။

64 ၆၄။ လူတွေဟာကျွန်ဖြစ်ခဲ့ကြ ရပါသည်။ သူတို့ဟာ ကျွန်တော်တို့ရဲ့ ညီအစ်ကို ၊ ညီအစ်မများပင် ဖြစ်ပါသည်။ သူတို့က ကျွန်ဆိုရင် ကျွန်တော်က ‘သူတို့နှင့် ဆက်သွယ်ကြပါစို့။ လမ်းတောက်လျှောက် ဆင်း သွားပြီး အဲဒီအကြောင်းကိုကန့်ကွက်မှု ပြုကြပါမည် ’ ဟုပြောပါမည်။

သူတို့က ကျွန်တွေမဟုတ်ကြပါဘူး။ သူတို့ဟာနိုင်ငံသားဖြစ်ခြင်းနှင့်အတူ ဘယ်သူမဆိုရတဲ့ တူ ညီသော အခွင့်အရေးများကို ရကြရမှာပဲဖြစ်ပါသည်။ အဲလို အခုဖြစ်နေတဲ့ ဧရဲကလာသော စိတ်ကူးယဉ် မှု အစုအဝေးက သန့်နဲ့ချီသောလူတို့ကို သတ်ဖြတ်မှု ပြုစရာအကြောင်း ရှိပါသည်။ သူတို့ဟာ ပြောင်းလဲ မှုတခုကိုအစပြုကြမှာ ဖြစ်ပါတယ်။ အဲ့လိုအသေအချာ လုပ်ကြမှာ ဖြစ်ပါသည်။ အဲဒါက မမှန်ကန်ပါဘူး။

အမျိုးသား ၊ အမျိုးသမီးများမှာ သူတို့ရဲ့ကိုယ်ပိုင်အခွင့်အရေးတွေ ရှိကြပါသည်။ ကျွန်ုပ်တို့၏ လူ မည်း ညီအစ်ကိုများ ၊ ကျွန်ုပ်တို့၏ဂျပန်များနှင့် လူဝါ ၊ လူဖြူ ၊ လူမည်း သူတို့ဟာ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ ____ ဘုရားသခင်အားဖြင့်အရောင်ကွဲပြားမှု မရှိတော့ပါဘူး။ ကျွန်တော်တို့အားလုံး တစ်ယောက်သော သူ အာဒံမှ ဆင်းသက်လာကြပါသည်။ဒါပေမယ့် ဘုရားသခင်က ကျွန်ုပ်တို့အား သီးခြားခွဲ၍ အရောင် တွေပြန်ခွဲပစ်ပြန်ရင်လည်း အဲဒီအတိုင်းပဲ ရှိပါစေ။ ကျွန်တော်ဟာ လူဝါတစ်ယောက်ဖြစ်ခဲ့မယ်ဆိုရင် လည်း ကျွန်တော်ဟာ ဂျပန်လူမျိုးလို ဒါမှမဟုတ် တရုတ်လူမျိုးလိုပဲဖြစ်နေချင်ပါသည်။ ကျွန်တော်က လူမည်းတစ်ယောက် ဖြစ်ခဲ့ရင်လည်း ကျွန်တော်အဲဒီအတိုင်းပဲ ထားလိုက်ချင်ပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့အား အဲဒီအတိုင်းပဲဖန်ဆင်းမှု ပြုခဲ့လို့ပဲ ဖြစ်ပါသည်။

65 ၆၅။ ဖရန်ကလီပါ။အဲ့လိုလူဖြူမျိုးနွယ်စုမှာ ဖြစ်သင့်သလို လူမည်းမျိုးနွယ်စုမှာ ဖြစ်သင့်တဲ့အရာအများကြီး ရှိနေပါသည်။ သူတို့မှာ စိုးရိမ်ပူပန်မှု မရှိကြပါဘူး။ သူတို့ဟာပိုပြီးတော့ ဝိဉာဉ်သဘောဆန်ပါ သည်။ သူတို့အကြောင်းက လူဖြူတောင် ထိလို့မရတဲ့အကြောင်းထောင်ချီပြီး ရှိနေပါသည်။ ထို့ကြောင့် ဘုရားသခင်က သူတို့အား အမှုပြုတော်မူခဲ့ပါသည်။ လူမည်း သံစုံသီချင်းဆိုသလို မည်သူတွေထွက်၍ _ သီဆိုခဲ့ဖူးပါသနည်း ? ခင်ဗျားတို့ အသံတွေကို ဘယ်နေရာမှာရှိနိုင်ပါသနည်း ?

အနောက်ဘက် အဲဒီက ရောက်လာတဲ့ သူတို့ကိုကျွန်တော် မြင်ဖူးပါသည်။ ဘယ်လက် ၊ ညာ လက်တောင် မသိကြပါဘူး။ သူတို့မှာကွဲပြားခြားနားတဲ့ မျိုးနွယ်စု သုံးဆယ် ၊ လေးဆယ်လောက်ရှိနေပါ သည်။ အဲဒီမှာမတ်တပ်ရပ်နေတဲ့ သခင်များရှိတဲ့ နေရာတစ်ခုကို သူတို့က သီချင်းဆိုမှု ပြုကြတာပဲဖြစ်ပါ သည်။ ‘ ကျွန်တော်တို့အဲဒါကို မထိနိုင်ဘူး ’ ဆိုပြီးတော့ပါ။

တစ်နှစ်လုံး သီချင်းတိုက်နေတာဖြစ်ပါသည်။ ဘယ်သံ ၊ ညာသံ အနိမ့်အမြင့် အမျိုးစုံပါပါသည်။ ‘အဲဒါကို နားထောင်ပါ ’ ဟုဆိုပါသည်။ ပြီးပြည့်စုံစွာဖြင့် သီဆိုမှု ပြုပါသည်။ ဘာသာစကား ကွဲပြားနေ တာတောင်မှဖြစ်ပါသည်။ သူတို့ရဲ့ ဆုကျေးဇူးပဲ ဖြစ်ပါသည်။

66 ၆၆။ ဒါပေမယ့်ခင်ဗျားတို့ မြင်ကြပါ။ ဒီလိုပြည့်သိပ်ညက်နေတာက ဖြစ်စရာအကြောင်း ရှိပါသည်။ ခင်ဗျားတို့ရဲ့ ကွေ့ကောက်နေတဲ့ ယန္တရားနှင့်အတူ ခင်ဗျားတို့ဟာ ရွေးကောက်ခံထားရတဲ့နိုင်ငံရေးသတ္တဝါ တစ်မျိုး ဖြစ်နေလို့ပါပဲ။ အခြားနေ့တစ်နေ့က အုပ်ချုပ်တဲ့လူအဲဒီမှာ မတ်တပ်ရပ်နေပါသည်။ ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပါသည်။ အဲ့ဒီရုံးထဲမှာရွေးချယ်တင်မြှောက်ခြင်းကို ခံခဲ့ရပါသည်။ လူများအားဖြင့် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအရသီးခြားခွဲထွက်ခြင်း မေးခွန်းရှိပါသည်။ အဲဒီအကြောင်းနှင့် ပတ်သက်၍ပြည်နယ်တိုင်းမှာ ကိုယ်ပိုင်စဉ်းစားထားတာတွေ ရှိနိုင်ပါသည်။

သူက ဂရုမစိုက်ခဲ့ပါဘူး။ ဒါပေမယ့် သူကဖွဲ့စည်းပုံကို ဖတ်ပါသည်။ ‘ အခုကျောင်းက သီးခြားခွဲ ထုတ်မှုအတွက် ရပ်တည်ချက်ဖြစ်နေတယ် ’ လို့ ဆိုပါသည်။ အဲဒီနေရာ အလွန်နားကကျောင်းတစ် ကျောင်းကို သူတို့ရထားကြပါသည်။ သူတို့ဟာ သူတို့ရဲ့ဆိုင်ရာကောလိပ်ကိုလျှောက်ကြရမည့် အချိန် မှာတော့ အဲဒီကျောင်းကို လူမည်းကလေးနှစ်ယောက်ကဝင်ချင်ကြပါသည်။ ဒါပေမယ့် သူရပ်ပြီး ပြောတာ က ...... သူပြောခဲ့တာက .......ဖွဲ့စည်းပုံကို ဖတ်ပါဆိုတာပဲ ဖြစ်ပါသည်။

67 ၆၇။ အဲဒီနောက်ဒီမှာ ကျွန်တော်တို့ သွားထားကြသည့် ယောသပ်ကိုမသိတဲ့ ဒီအကောင်ဆီကို ပြန် လာကြပါမည်။လွတ်မြောက်ရပါမည်။ အဲလိုလူမည်းတွေရဲ့ မဲအတွက်ဆိုရင် ဆွဲယူတတ်ရပါမည်။ သူ တို့ကိုဖယ်ထုတ်တဲ့ လစ်ပါဘလစ်တန်ပါတီက အဲဒါကို မသိပါဘူး။ ပထမတစ်ချက်က လူလုပ်တဲ့စနစ်တိုင်းက ကျဆုံးတတ်တယ်ဆိုတဲ့ သူတို့ရဲ့မွေးရာပါ အခွင့်အရေးကို ရောင်းထုတ်ပြီးသေမင်းထောင် ချောက်တစ်ခုထဲသို့ သူတို့အား အဲဒီလိုမျိုးအကြောင်းက ခေါ်သွားတာကိုပြသစရာအကြောင်း ရှိပါသည်။ အဲဒါက အတိအကျ အမှန်အကန်ပါပဲ။

မစ္စတာ ကနေဒီ ဖြစ်ပါတယ်။ နိုင်ငံတော်လုံခြုံရေး ဖြစ်စေခဲ့ပါသည်။ အဲဒီလူတွေကို သူတို့ရဲ့ဖခင် အရင်း၏ မျက်မှောက်ဆီသို့မှန်မှန်ကန်ကန် ပြန်လည်ပို့ဆောင်မှု ပြုခဲ့ပါသည်။ ဖွဲ့စည်းပုံကို တဖန်ဖြိုခွဲ မည့်ဖွဲ့စည်းပုံအောက်ကနေပဲ အဲဒီလို ရပ်တည်ခဲ့တာ ဖြစ်ပါသည်။

68 ၆၈။ ‘ ကျွန်တော်တို့ မတိုက်ကြတာ မဟုတ်ဘူးနော်၊ ဆရာ ’ ဟုဆိုပါသည်။ ‘ ဒီမိုကရေစီအောက်မှာ ကျွန်တော်တို့ ဘယ်ကိုမှပိုပြီးတော့ မရှင်သန်နိုင်တော့ဘူး ဆိုတာကို နိုင်ငံကရှာတွေ့နိုင်ဖို့ ကျွန်တော် မျှော်လင့်ပါသည်။ သို့သော် စစ်တပ်အာဏာရှင်စနစ်အောက်ကိုရောက်ရပါဦးမည် ’ ဟုဆိုခဲ့ပါသည်။

69 ၆၉။ လူအိုတစ်ယောက်ပြောတဲ့ ‘ တစ်ခါက တောင်းပိုင်းဒီမိုကရက်တွေက အမြဲတမ်းပဲ ’ ဆိုတာကို ခင်ဗျားတို့ သိပါတယ်။ အခု ကျွန်တော်မသိပါဘူး။အသေအချာပါပဲ။ လူတစ်ယောက်ဟာ တစ်ခုခုနိုးထဖို့ ဆိုရင် ပြည့်ဝတဲ့စိတ်အာရုံ ရှိရပါမည်။အဲဒီအဖိုးဖြတ်လို့မရတဲ့ လူတွေကို သီးခြားထားလိုက်ပါ။ အဲဒီ ကောင်တွေကို အဲဒီမှာသတ်ဖြတ်ပစ်မနေပါနှင့်။ အဲဒီသေနတ်နဲ့ အတိတ်ကညတစ်ညမှာ အဲဒီလိုအစ်ကို ကိုပစ်သတ်ခဲ့ပါသည်။ သူ့ရဲ့ကလေးတွေနဲ့ဇနီးက အိမ်မှာရှိနေခဲ့ပါသည်။ သူဘယ်သူဆိုတာကိုကျွန် တော် ဂရုမစိုက်ပါဘူး။ နိမ့်ကျသွားပြီးတော့ နည်းနည်းလေး ဖြစ်သွားပါသည်။ဟုတ်ပါတယ် ဆရာ။

တစ်ခါက အဲဒီကိစ္စပေါ်မှာ ကျွန်တော်စီရင်ချင်ပါသည်။ အဲဒီလို သူ့ဇနီးနဲ့ ကလေးတွေရှိတဲ့နေရာ ဆီ ပြန်လာတဲ့ လူတစ်ယောက်ကိုပစ်သတ်ခဲ့ပါသည် ___ သူဟာနိုင်ငံသားတစ်ယောက် ဖြစ်ပါသည်။ သူထင်တဲ့ အမှန်တရားဆိုတာအတွက် မှန်ကန်သောရပ်တည်ချက်တစ်ခု၌ ရပ်တည်ခဲ့တဲ့ လူကောင်းတစ် ယောက် ဖြစ်ပါသည်။

လိုက်မဂ္ဂဇင်း၌ ပုံပါပါသည် ___ သားငယ်လေးဟာသူ့ဖခင်အတွက် ငိုကြွေးနေပါသည်။ အဲဒီလို အရာကနေ တချို့ကတော့ မိမိတို့၏အယူဝါဒကိုစွန့်ခွာသွားခဲ့ ကြပါတော့သည်။ အနောက်ဘက်ကထွက် လာတဲ့ ရန်သူ၏ချောင်းမြောင်းတိုက်ခိုက်မှုကို ခံခဲ့ရပါသည်။ ခရစ်တော်ကို ခင်ဗျားတို့ငြင်းပယ်တဲ့အခါ အဲ့ဒီအဖြစ်ကို ခင်ဗျားတို့ရမှာပဲ ဖြစ်ပါသည်။ အဲဒါအမှန်ပါ။အဲဒီနေရာမှာ နိုင်ငံတစ်ခုလုံး ရောက်စရာအ ကြောင်း ရှိပါသည်။အားလုံးနိုင်ငံရေးအောက်ကို ရောက်ကြရပါမည်။ အဲဒါက ရှက်ဖို့ကောင်းတဲ့ အရာ တစ်ခုဖြစ်ပါသည်။ ဒါပေမယ့် အဲဒါကို ကျွန်တော်တို့က လိုချင်ကြပါသည်။ ရွေးကောက်ပွဲမှာအဲလိုဖြစ် ကြောင်း သက်သေပြကြပါသည်။

70 ၇၀။ ကျွန်တော်ရဲ့သားလေးကဒီမနက် ကျွန်တော်ကို ပြောပါသည်။ ‘အဖေ ပေးဂရင်းဘုန်းကြီးတွေ ဟာ ဒီနေရာကို ရောက်လာကြတဲ့အခါ သူတို့အားလုံးမှာဒီဂိုဏ်းဂဏဆိုင်ရာ အသင်းတော်တွေ ပါလာသ လား ?သူတို့အားလုံးက ....... ’ ဟု ပြောပါသည်။ ‘ သူတို့မှာ ဝတ်လုံအကြီးကြီးတွေကိုဝတ်ထားကြပါ သည် ’ ဟုဆိုပါသည်။

ပြီးတော့ ကျွန်တော်က ‘ မဟုတ်ပါဘူး သားရေ။ သူတို့ဟာ ဘာသာရေး၏လွတ်မြောက်ခြင်းကို ရဖို့လို့ ဒီကိုရောက်လာကြတာပါ။ အဲလို အပြည့်အသိပ်သွပ်သွင်းထားတဲ့ အဲ့လိုအရာမျိုးကနေ ထွက်ခွာဖို့ သူတို့ ဒီနေရာကို ရောက်လာကြတာပါ ’ ဟု ဖြေခဲ့ပါသည်။

အခု အဲဒါက ဘယ်နေရာမှာရှိလဲ ဆိုတာကိုခင်ဗျားတို့ မြင်ပါသလား ? ဒီလိုမျိုးနိုင်ငံတော်တွေ အားလုံးဟာ ကျကိုကျဆုံးရမယ်ဆိုတာကို ပြသနေခြင်း ဖြစ်ပါသည်။ (ကျွန်တော် မြန်မြန်သွားရပါသည်။ )

71 ၇၁။ တစ်ခုသောကျွန်တော်ဆုတောင်းသည့်အရာက ညီအစ်ကိုမာတင်လူသာ သတင်းအမှန် တကယ် မကြာခင်မှာနိုးထလာဖို့ပဲ ဖြစ်ပါသည်။ သူဟာ လူတွေကို ချစ်ပါသည်။ သံသယ မဖြစ်ပါနှင့်။ ဒါပေမယ့်သူ့ရဲ့စိတ်ကူးနေတဲ့အရာက ဘယ်နေရာမှာ ရှိလဲဆိုတာကို သူမြင်နိုင်မယ်ဆိုရင် ............

ခင်ဗျား ကျောင်းသို့သွားပြီးခင်ဗျားရဲ့သန်းချီတဲ့အရာက အဲဒီမှာ သေဆုံးနေမယ်ဆိုရင် ကောင်း တဲ့ကိစ္စဘာဖြစ်လာပါမည်နည်း ? အခုမပြောင်းမလဲကျောင်းဆက်တက်နေခြင်းက အဲဒါကို ဘာမှဖြစ် လာစေမှာ မဟုတ်ဘူး မဟုတ်လား ?

အခု ဘာကောင်းမှုအတွက် တစုံတခုအတွက်အဲဒါက အခြားအရာကို ဖြစ်စေမယ်ဆိုရင် ___ကျွန်တွေ ဖြစ်ပါသည်။ လူတစ်ယောက်ဟာ အဲလိုကိစ္စမျိုးအတွက် သူ့အသက်ကိုပေးဆပ်ခြင်းဖြင့် သူရဲ ကောင်းတစ်ယောက် ဖြစ်စေကြပါမည်။ ထိုက်တန်တဲ့ ကိစ္စတစ်ခုဆိုပြီးတော့ပါ။ အဲဒါက ထိုက်တန်တဲ့ ကိစ္စတစ်ခု ဖြစ်ပါမည်။ ဒါပေမယ့် အခုကျောင်းတက်ဖို့ဆိုတာကတော့ အဲဒါကို တွေ့မြင်ရမှာ မဟုတ်ပါ ဘူး။

ထိုသို့သော ကိစ္စအပေါ်တွင်သန့်ရှင်းသောဝိဉာဉ်တော်က သူ၌အလုံးစုံသော စိတ်သဘောထား တူညီမှုရှိမည်လို့ ကျွန်တော်မထင်ပါဘူး။ ထိုအရာက လူတွေအားလုံးကို ဝက်ဝက်ကွဲ ဟိုးလေးတကျော် ဖြစ်စေတဲ့ လူအစုအဝေး၌အလုပ်လုပ်စေတယ်ဆိုတာကို ခင်ဗျားတို့မြင်ကြပါ။ အခု ဂျာမန်မှာ ဟစ်တလာလုပ်ခဲ့သလိုမျိုးပဲ ဖြစ်ပါသည်။ သူတို့ကို သေမင်းထောင်ချောက်ထဲသို့ လမ်းပြသွားတာပဲဖြစ်ပါသည်။ အင်မတန် တန်ဖိုးရှိတဲ့ဂျာမန်များ ဖြစ်စေခဲ့ပါသည်။ သူတို့ဟာသိန်းသန်းချီပြီး လဲလျောင်းခဲ့ရပါသည်။ အဲဒီလို တစ်ယောက်အပေါ် တစ်ယောက်ထပ်ပြီးအစုလိုက်သေနေကြတာ ဖြစ်ပါသည်။ အဲဒါက ပြောင်း လဲခြင်းမရှိသည့် အကြောင်းအရာအတိအကျပဲဖြစ်သည်။ ကျွန်တော်အသံ သွင်းထားတာကို အမှတ်ရာ ကြပါ။ သည့်နောက်တွင်ခင်ဗျားတို့ တွေ့မြင်ရပါမည်။ ကျွန်တော်ထွက်ခွာသွားတဲ့ နောက်ပိုင်းလည်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။

အဲဒါက ဆက်လက်၍ ဖြစ်လာမည့်အရာ အတိအကျဖြစ်ပါသည်။ အဖိုးတန်တဲ့ လူတွေဟာ အဲ့ဒီ မှာ ယင်ကောင်တွေလိုမျိုးလဲကျသေဆုံးစရာအကြောင်း ရှိပါသည်။ တော်လှန်ရေးတစ်ခုကို အစပြုကြပါ။ အဖြူအမည်းနှစ်ဘက်စလုံး ပြန်တိုက်ကြလျှင် ယင်ကောင်တွေလိုမျိုးပဲ သေကြရပါမည်။ အဲဒါကဖုံးလွှမ်း သွားတဲ့အခါ ခင်ဗျားမှာလည်း ဖြစ်စရာအကြောင်းရှိတယ် မဟုတ်ပါလား ? လူသေအုပ်စုတစ်စုတည်း ဖြစ်ပါသည်။

72 ၇၂။ ဒါပေမယ့်ယောသပ်ကိုမသိတဲ့ ဖာရောဘုရင်တစ်ပါး ထွက်ပေါ်ခဲ့ပါသည်။ ဒီကနေ့လည်း အတူတူ ပဲဖြစ်ပါသည်။ လူတစ်ယောက် ပေါ်ထွက်လာပြီး အိမ်ဖြူတော်မှာ သူ၏ကျမ်းသစ္စာ ပြုအပ်သောအရာမဟုတ်သည့်အရာကို သူက ကျိန်ဆိုမှုပြုမှာ ဖြစ်ပါသည် ___ သူဟာ ကျိန်ဆိုမှု ပြုရမည့်သူ မဟုတ်ပါဘူး။ သူဟာ ဘာသာရေးလွတ်လပ်ခွင့်ဆိုတာကို ယုံကြည်တဲ့သူ ဖြစ်ပါသည်။

ဒီပုပ်ရဟန်းမင်းအသစ်က ဘာပြောပါသနည်း ? တစ်ခု ___ သူမှာ လေးချက်လောက် ရှိပါသည်။ အဲဒီထဲမှတစ်ခုကပန်တီကော်စတယ်နှင့် ရိုမန်ကသလစ် အတူတကွ ပူးပေါင်းဖို့ပဲ ဖြစ်ပါသည်။ ဉာဏ် ပညာနဲ့စပ်ဆိုင်သော ဘယ်သူမဆို အဲဒီလို လုပ်ဆောင်စရာအကြောင်း ရှိပါသည်။ ဒါပေမယ့် နှုတ်ကပတ်တော်အရဆိုရင် အဲဒါက မှားယွင်းမှုကို လုပ်ဆောင်တာပဲ ဖြစ်ပါသည်။ သမ္မာကျမ်းစာကသူတို့ အဲဒီလို လုပ်မည်ဟု

ဆိုထားပါသည်။ ( နည်းနည်းလေး ထပ်သွားကြပါစို့။ )

အီဂျစ်ပြည်၌ ရမ်းစီး၏ခေတ်ကာလကကြီးထွားမှု ရှိခဲ့ပါသည်။ သူဟာ ဇာတိပကတိလူ ဖြစ်ပါ သည်။ ရမ်းစီး ဖြစ်ပါသည်။ ကြီးထွားခဲ့ပါသည်။ ဇာတိပကတိလူ ဖြစ်ပါသည်။ ခရစ်တော်အတု ဖြစ်ပါ သည်။နိုင်ငံရေးအားဖြင့် အခု ကြီးထွားလျက် ရှိပါသည်။ သူဟာ အစကတည်းက အိမ်ဖြူတော်ကိုရောက်နေခဲ့ပြီးသား ဖြစ်ပါသည်။

ဘာသာရေးမှာ သူရထားတဲ့ လူတွေဟာဆိုရင်ထိုသို့သော အရာအတွက် အမှန်တကယ် ကျဆုံး ခြင်းရှိစေဖို့ အလွန်သံသယစိတ်ရှိသူများပင်ဖြစ်ပါသည်။ ဂိုဏ်းဂဏနှင့်ဆိုင်သော ခေါင်းဆောင်များက ... .... လက်တွေ့ကျကျပဲ နိုင်ငံမှာရှိနေတဲ့အဲဒီလို အသင်းတော်တိုင်းဟာ အစကတည်းက အသင်းတော် များ၏ မဟာမိတ်ဖွဲ့ခြင်း၌တည်နေပြီးသား ဖြစ်ပါသည်။ ရမ်းစီးဟာ ကြီးထွားလျက် ရှိပါသည်။ သူတို့အား လုံး အတူတကွပေါင်းစည်းလျက် နေကြပါသည်။ အဲဒီလိုပဲ သူတို့ဖြစ်လာပါမည်။ အဲဒါကို ဘယ်လိုလုပ်ပါမည်နည်း ? အဲဒါကတန်ခိုးတစ်ခုကို ဖြစ်စေပါသည်။ အခု ပထမဆုံးတစ်ခုလိုကိစ္စက သားရဲတစ်ကောင်ပဲဖြစ်ပါသည်။

73 ၇၃။ အဲဒီနောက်မှာတော့အဲဒါနှင့်မပေါင်းတဲ့ လူတွေအပေါ်သို့ ညှင်းပန်းနှိပ်စက်မှုတစ်ခု သက်ရောက် လာပါသည်။ပြီးတော့ သပိတ်မှောက်မှုတစ်ခု ရှိပါမည်။ အဲဒီနောက်မှာတော့ အဲဒါက အရမ်းနောက်ကျသွားပါမည်။ ခင်ဗျားတို့ဟာ အမှတ်အသားကို အစကတည်းက ခံယူပြီးသားဖြစ်ပါသည်။ ‘ အဲဒီနောက် အဲဒါကိုကျွန်တော်လုပ်ဆောင်မှု ပြုပါမည် ’ဟု မပြောပါနှင့်။ အခုပဲ အဲဒါကို ပိုကောင်းအောင် ခင်ဗျားလုပ်ဆောင်ပါ။ ရမ်းစီးဟာကြီးထွားလျက် ရှိပါသည်။

အီဂျစ်ပြည်၌ ရမ်းစီးကဘုန်းတန်ခိုးကြီးလာတာကို မှတ်ထားကြပါ။ ဘုရားသခင်က မောရှေကို တောကန္တာရထဲသို့ရောက်ရှိစေခဲ့ပါသည်။ သူကတော့ ဘုန်းတန်ခိုး အလွန်ထွားလာခဲ့ပါသည်။ ရမ်းစီးမှာနိုင်ငံရေးနှင့်ဆိုင်တဲ့ စနစ်တစ်ခုကို ပိုင်ဆိုင်ထားပါသည်။ ဘုရားသခင်မှာကတော့လူတွေကို ကြားပြောဖို့ ပရောဖက်တစ်ယောက်ကို စေလွှတ်ဖို့ အသင့်ဖြစ်စေသောအရာ၏ အောက်ကနေ ဝိညာဉ်ရေးရာစနစ်တစ် ခုကို ပိုင်ဆိုင်ထားတော်မူပါသည်။

74 ၇၄။ သူတို့နှစ်ဦးလုံးတဖန် ကြီးထွားလာပါသည်။ အဲဒါက ဤသို့သော တစ်ခုသော နေ့ရက်ကာလ၌ ပြသတော်မူမည့်တစ်ခုသောအရာ ဖြစ်ပါသည်။ အဲလိုပြသမှုသက်ရောက်လာတဲ့အခါ အချိန်က သိပ် မဝေးတော့ပါဘူး။

ဇာတိသဘောလိုပဲ ___ ဝိညာဉ်သဘောကလည်း ‘ ဇာတိသဘောက ဝိညာဉ်သဘောကို ဆောင် သည် ’ ဟု ဆိုပါသည်။ အဲဒီကနေ ခင်ဗျားတို့အဝေးကို ရောက်လို့မရပါဘူး။ အဲမှာ ခင်ဗျား မျက်စေ့ရှေ့မှာ အဲဒါအမှန် ရှိပါသည်။ အဲဒါကသမ္မာတရား ဖြစ်ပါသည်။

အခု အသင်းတော်ကို ကြည့်ကြရအောင်ခေါ်ထုတ်နေပါသည်။ တန်ခိုးထဲသို့ ရောက်လာရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူပါမည်။ ဘုရားသခင်၏ နက်နဲရာများကို ဖွင့်ပြတော်မူပါမည်။ အ စီအစဉ်တကျဖြစ်မည်ဆိုတာကို မြင်ကြပါ။ အိမ်ဖြူတော်မှာ ဒီနေရာမှာ သူကအစကတည်းက ရှိနေပြီး သားဖြစ်ပါသည်။ အသင်းတော်ကိုယ်၌ကား အတူတကွပေါင်းစည်းဖို့ ဆွဲယူနေခြင်း ဖြစ်ပါသည် ___ ဂိုဏ်းဂဏတစ်ခုမဟုတ်ပါ။ ဒါပေမယ့် ညစ်ညူးမှု၏ အစိုးရမှုကနေ ထွက်ခွာမှုပြုရပါမည်။ အာမောရိ ပြည်မှအဝေးကိုထွက်ခွာရပါမည်။ အဲဒါက လူတွေကို လွတ်မြောက်စေတဲ့အရာ ဖြစ်ပါသည်။ အို !

75 ၇၅။ ဘုရားသခင်မှာတော့မောရှေရှိပါသည်။ သူ့ရဲ့ပရောဖက် ဖြစ်ပါသည်။ သူက အစကတည်းက ပရောဖက်ပြုခဲ့ပြီးသားဖြစ်ပေမယ့် သူမှန်ကြောင်းကို အဲဒါက သက်သေပြရပါမည်။ ဒါပေမယ့် အခုထိ သူဟာတောကန္တာရထဲက ကျောင်းထဲကိုရောက်ခဲ့ ရပါသည်။ လောက၏ခိုလှုံစရာမှ အဝေးတွင် ရှောင်ပုန်းနေခဲ့ ရပါသည်။ ဒါပေမယ့်လည်း သူဟာ ကျောင်းတက်ခဲ့ရပါသည်။ လေ့လာခဲ့ရပါသည်။ တောကန္တာ ရထဲကို ထွက်ခွာခဲ့ရပါသည်။

ရန်သူက အမြဲတမ်း တင်ပြနေပါတယ်။သူ့ရဲ့စနစ်ကိုပါ မယုံကြည်မှုက အဲဒါကို လက်ခံစေပါ သည်။ ဘာဖြစ်လို့လဲဆိုရင်ရန်သူဆိုတာက ဉာဏ်ပညာနှင့်ဆိုင်တဲ့ လက္ခဏာဖြစ်နေလို့ပါပဲ။ အခု မှတ် ထားကြပါ။ အဲ့မှာနှစ်ခုရှိပါသည် ........ ဒါကိုမမေ့ပါနှင့်။အဲ့မှာ တန်ခိုးနှစ်ခု ရှိပါသည်။ တစ်ခုက သန့်ရှင်း သောဝိညာဉ်တော်၏ဝိညာဉ်တော်တန်ခိုးဖြစ်ပြီး နောက်တစ်ခုကတော့ ဉာဏ်တန်ခိုးအားဖြင့် နတ်ဆိုး အလုပ်လုပ်တဲ့ တန်ခိုးပဲဖြစ်ပါသည်။အဲဒီနေရာကတော့ သူဝင်ရောက်ခဲ့တဲ့ ဒေင်ဥယျာဉ်ဆိုတဲ့နေရာ ဖြစ် တဲ့အတွက်ကြောင့် ___ ဉာဉ်စွမ်းများအားဖြင့်နှုတ်ကပတ်တော်ကို ဆန့်ကျင်ဘက်ပြုသည်။ ဉာဏ်ပညာ နှင့် သက်ဆိုင်သော အယူအဆကိုဧဝအားယုံအောင် လုပ်နိုင်ခဲ့ပါသည်။ အဲဒါကို တတ်နိုင်သလောက် အလွတ်ထားကြရပါမည်။ မြင်ကြပါ။ အဲဒီအတိုင်း အားလုံးကကျရောက်ခဲ့ပါသည်။

76 ၇၆။ ဒီနေ့ကဒီလိုနေရာဟာ အီဂျစ်ပြည်မှာ ရှိနေပါသည်။

အဲလို အသိဉာဏ်နှင့်ဆိုင်တဲ့စွမ်းအားတစ်ခုက ရမ်းစီး၌ အလုပ်လုပ်နေပါသည်။ သူ့ကို တန်ခိုးထဲ ကို ခေါ်သွားပြီးသူ့ကို ပေါ်ထွက်လာစေပါသည်။ သူသိထားတာက မလွတ်မြောက်မှုကို ဖြစ်ပါသည် ___ ယောသပ်လုပ်ခဲ့တာကတော့အသင်းတော်ကို အစအဦး၌ တည်ထားဖို့ပဲဖြစ်ပါသည်။

အခု ကျွန်တော်တို့ဟာ တူညီသောအကြောင်းအရာကို တွေ့မြင်နေကြ ရပါသည်။ ဉာဏ်စွမ်းက အသင်းတော်များအကြားမှာရောယှက်လျက် ရှိပါသည်။ အဲဒါက အသင်းတော်များနှင့်ဆိုင်သည့် ဦးခေါင်း တစ်ခုလို့ထွက်ပေါ်လာပါသည်။ သမ္မာကျမ်းစာက ပြောတာကို ဂရုမစိုက်ကြတော့ပါဘူး။ သူတို့မှာ သူတို့ရဲ့ကိုယ်ပိုင်စနစ်တွေ ရှိပြီးသား ဖြစ်ပါသည်။ အဲဒါက သမ္မာကျမ်းစာကမိန့်တော်မူတဲ့အရာ မဟုတ်ပါဘူး။ အဲဒါက အသင်းတော်က ပြောတဲ့အရာ ဖြစ်ပါသည်။

အဲလို အားလုံးဟာ သူတို့ရဲ့အုပ်စုလေးတွေဖြစ်လာချိန်အထိ ပရိတက်စတန်တွေက အဲဒီအထဲမှာ အမှန်တကယ် ရောယှက်မှု

လုပ်သွားကြမှာပဲဖြစ်ပါသည် ......... ‘ ကောင်းပါတယ်အသေအချာပါပဲ။ အဲဒါက ဒီလိုပြောတာကို ကျွန်တော်သိပါတယ်။ ဒါပေမယ့် ကျွန်တော်ခင်ဗျားကို ပြောပါမည်။ သူတို့ရဲ့ နေ့ရက်ကာလက လွန်သွားခဲ့ပြီ ’ ဆိုပြီးတော့ပါ။ ဘုရားတရားမြဲတဲ့ပုံသဏ္ဍာန် ရှိပါသည်။ ဒါပေမယ့် ဝိဉာဉ်တော်ကို ငြင်းပယ်မှု ပြုပါသည်။ ကျမ်းစာထဲကနှုတ်ကပတ်တော်တိုင်းက အဲဒါကို တည့်တည့် ထောက်ပြမှု ပြုပါသည်။

အခု ဘာကြောင့် ကျွန်တော် ဒါကိုအသံဖမ်းထားချင်လဲဆိုတာ ခင်ဗျားတို့ မြင်ကြပါ။ အဲဒါကို လူ တွေဆီပို့မှာ ဖြစ်ပါတယ်။အချိန်နာရီ ရောက်လာပါပြီ။ သမ္မာတရားက သိထားစရာအကြောင်း ရှိပါသည်။ ထွက်မြောက်ခြင်းကလက်ထဲမှာပင် ဖြစ်ပါသည်။ မြင်ရပါမည်။ ဉာဏ်နှင့်ဆိုင်တဲ့ အပိုင်းကတော့ ပြီးပြည့်စုံတယ်လို့ မြင်ရပါသည်။ အဲဒါက ပြီးပြည့်စုံပါသည်။ အဲဒါက အတိအကျပါပဲ ......... ဒါပေမယ့် ပြည့်စုံတယ်ဆိုတာက နတ်ဆိုး၏စိတ်ကူးတွေ ပါနေပါသည်။

77 ၇၇။ အဲဒီနောက်တစ်ချိန်လုံး ဉာဏ်ပညာပိုင်းဆိုင်ရာ ရမ်းစီးက ကြီးထွားလာပြီး ပလ္လင်ထက်ကိုရောက်ရှိသွားပါသည် ......... ပြီးတော့ မှတ်ထားကြပါ။ သူဟာညီအစ်ကိုတစ်ယောက်အဖြစ် မောရှေကို ပေါက်ပွားလာစေတယ် ဆိုတာကို မြင်ကြပါ။ မောရှေနှင့်ညီအစ်ကိုတော်သူတစ်ယောက် ဖြစ်ပါသည်။ သူတို့ထဲက တစ်ယောက်ကတော့ဉာဏ်နှင့်ဆိုင်သောပလ္လင်ကို ပိုင်ဆိုင်ခဲ့ပါသည်။ အခု ယောသပ်က သူ့ညီအစ်ကိုတွေကိုဖြစ်စေသလိုမျိုးပါပဲ။ သူတို့ဟာ ယောသပ်နှင့် ဘယ်လိုအမှုကို ရှိစေခဲ့ကြပါသနည်း ? ___ နှုတ်ကပတ်တော်ကနေသူ့ကိုပြင်ပကို ထုတ်ထားခဲ့ပါသည်။ နှုတ်ကပတ်တော်က ဘုရားသခင်ပဲ ဖြစ်ပါသည်။ သူတို့ဟာ နှုတ်ကပတ်တော်ကို အပြင်ထုတ်ထားလိုက်ကြပြီးအယူဝါဒတစ်ခု လက်ခံမှုပြုခဲ့ ကြပါသည်။ အခု အယူဝါဒက တန်ခိုးအဖြစ် ကြီးထွားလာပါသည်။အို ၊ ဘုရားသခင် လူတွေကို အဲဒီကိစ္စ အား မြင်စေပါ။

ကျွန်တော် မည်သို့အသံကိုပို၍အသုံးချလို့ ရနိုင်ပါမည်နည်း ?သန့်ရှင်းသောဝိဉာဉ်တော်၏ နှိုးဆော်မှုအောက်မှာရှိသောနှုတ်ကပတ်တော်အားဖြင့် ကျွန်တော်မည်သို့ ပိုပြီးတော့ အလွတ်သဘော ဖြစ်အောင်လုပ်ဆောင်ရပါမည်နည်း။ ဒီနေရာမှာ ကျွန်တော်တို့ ရှိနေကြတာ မဟုတ်ပါလား ? ‘ အို ’ ခင်ဗျားက ‘ ကောင်းပြီ။ အခု အဲဒါက ပုပ်ရဟန်းမင်းကြီးဂျွန် ၊ ပုပ်ရဟန်းမင်းကြီး ဟိုဟာ ဒါမှမဟုတ် ဘီးရှော့ ဒီဟာကနေ ရောက်လာတာဆိုရင် ’ ဟု ပြောပါမည်။

ဘုရားသခင်က ဒီလိုမထင်မရှားသဲကန္တာရထဲမှာ အခြေချနေထိုင်တဲ့ လူတစ်ယောက်ကို ခေါ် ထွက်တော်မူခဲ့သည်ကိုခင်ဗျားတို့ မြင်ပါသလား ? အဲလိုမှားနေတဲ့အရာအားလုံးကို ဘယ်လိုလုပ်နိုင်ပါ သနည်း ?

78 ၇၈။ ဘုရားသခင်ကတစ်ဦးတစ်ယောက်ချင်းစီကို အချိတ်အဆက် ပြုတော်မူပါသည်။ အုပ်စုတွေနဲ့ အချိတ်အဆက် ပြုတော်မူတာ မဟုတ်ပါဘူး။တစ်ဦးတစ်ယောက်ချင်းစီနှင့် ဖြစ်ပါသည်။ ဘုရားသခင်က ရထားပါသည် ......... ကိုယ်တော်ပိုင်ဆိုင်ထားတဲ့ တစ်ခုတည်းသော အရာကတော့လူတစ်ဦးတစ် ယောက်အားဖြင့်ပဲ ကိုယ်တော်က အလုပ်လုပ်နိုင်ပါတယ်။ အဲဒါကကိုယ်တော်အလိုရှိတဲ့ အလုံးစုံ သောအရာပဲ ဖြစ်ပါသည်။ လူတစ်ဦးတစ်ယောက်စီကိုအချိတ်အဆက်ပြုတာ ဖြစ်ပါသည်။

သူကခေတ်ကာလများ တောက်လျှောက်အဲဒါကိုရဖို့ ကြိုးစားနေခဲ့တာ ဖြစ်ပါသည်။ ကိုယ်တော် က လူတစ်ယောက်ကိုခေါ်ဆိုမှုပြုနိုင်တယ်ဆိုရင်ပါ။ ကိုယ်တော်ဟာ နောဧ၏ခေတ်ကာလ၌ လူတစ် ယောက်ကိုခေါ်ဆိုမှု ပြုခဲ့ပါသည်။ ဧလိယ၏ခေတ်ကာလ၌ လူတစ်ယောက်ကို ခေါ်ခဲ့ပါသည်။ ဗတ္တိဇံယောဟန်၏ နေ့ရက်ကာလ၌ လူတစ်ယောက်ကို ခေါ်ခဲ့ပါသည်။ အခု လူတစ်ယောက်ဟာဆိုရင် ကိုယ်တော်လိုအပ်နေတဲ့ အလုံးစုံသောအရာပဲ ဖြစ်ပါသည်။

တရားသူကြီး၏ နေ့ရက်ကာလ၌ ကိုယ်တော်ဟာ ရှံဆုန်ဆိုတဲ့လူတစ်ယောက်ကို ခေါ်ဖို့လို့ရာ ကြိုးစားမှု ပြုခဲ့ပါသည်။ သူ့အားကြီးစွာသောခွန်အားကို ပေးသနားတော်မူပါသည်။ ဒါပေမယ့် သူဟာ အဲဒါကိုအမျိုးသမီးတစ်ယောက်ဆီသို့ ရောင်းထုတ်လိုက်ပြီး မျက်စိကွယ်ခဲ့ရပါသည်။ တရားသူကြီးတွေက အဲ့လိုမဖြစ်ရပါ။ ဘုရားသခင်၏ တရားသူကြီး ဖြစ်ရမယ်ဆိုတာကို မြင်ကြပါ။

ဒီကနေ့ကို ခင်ဗျားတို့ မြင်ကြပါ။ကိုယ်တော်ရှင်က သူ့လက်တော်၌ ရောက်နိုင်သည့် လူတစ် ယောက်ကို ကြိုးစား၍ ခေါ်ဆိုမှုပြုပါသည် ......... ထိုအရာက သမ္မာတရားကို ပြောဆိုမှု ပြုပါမည်။ ထိုသို့ သောအရာကအဲဒါနဲ့အတူ ကြောက်ရွံ့မှုကို ကင်းမဲ့သွားစေပါသည်။ ထိုအရာက တွန်းထိုးလို့ မရပါဘူး။အဲဒါက အယူဝါဒနှင့် သက်ဆိုင်တဲ့အရာ ဖြစ်လာမှာ မဟုတ်ပါဘူး။ ကိုယ်တော်က သူ့လက်ထဲမှာလူတစ် ယောက်ကို ကိုင်ထားနိုင်လိုက်ပြီးဆိုရင် သူ့ရဲ့နှုတ်ကပတ်တော်အသက်ရှင်ကြောင်းကို ပြသတော် မူပါ သည်။ သူ့ကိုသူ အသက်ရှင်ကြောင်းကိုပြသတော်မူပါသည်။

ကိုယ်တော် အဲဒီလိုလူစားမျိုးရလိုက်ပြီဆိုရင် အဆင်သင့်ပဲလို့ ကျွန်တော် ယုံကြည်ပါသည်။ ကျွန် တော်လုပ်ဆောင်ပါမည်။ အဲဒါကို ကျွန်တော် ယုံကြည်ပါမည်။ ထိုသို့သောအရာကို ယုံကြည်ဖို့နှုတ်က ပတ်တော်ကို ကျွန်တော် အခု အပြည့်အဝ ယုံကြည်ပါသည်။ ကိုယ်တော်က အဲဒါကိုရနိုင်တယ်ဆိုရင် အဲဒါက အမှန်ပဲ။ သမ္မာတရားဆိုတာကို ပြောပြလိမ့်မည်။

79 ၇၉။ ကျွန်တော်တို့ခဏလောက် ရာပြီးနောက် ဒီလိုကျောင်းမျိုးတွေကို သူတက်ပြီးနောက်မှာတော့ .... အခု စောင့်ကြည့်ပါ။ ရန်သူက တစ်ခုခုကို တင်ပြမှု ပြုပါမည် ___ အသိဉာဏ်နှင့်ဆိုင်သောသဘောထား တို့ဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် ရန်သူက အသိဉာဏ်ပေါ်မှာအလုပ်လုပ်သွားမှာ ဖြစ်လို့ပါပဲ။ စိတ်သ ဘောက ဆက်ရောက်လာပြီး အဲဒါကိုအကြောင်းပြပါမည်။ အခု တစ်မိနစ်လောက်စောင့်ပါ။ ကောင်စီ ကြောင့် အဲဒါဖြစ်တာ မဟုတ်လား........ ဟု ဆိုပါမည်။တစ်နေ့က လူတစ်ယောက်ကို ကျွန်တော် ပြောခဲ့ ပါသည်။ သူက ‘ ကြည့်ပါ ၊ ဘီလီ ...... ’ ဟု ဆိုပါသည်။ ( သူဟာ အများပိုင် ဝန်ဆောင်မှု ကုမ္ပဏီတစ်ခုအတွက် အလုပ်လုပ်ပေးနေတဲ့ လူကောင်းတစ်ယောက် ဖြစ်ပါသည်။ ) ပြီးတော့ သူက ‘ ကျွန်တော် ခင် ဗျားကို တစ်ခုခုမေးမြန်းလိုပါသည် ’ ဟုဆိုပါသည်။ သူက ‘ ခင်ဗျားကအိုင်းရစ် ဖြစ်တယ် ’ လို့ ဆိုပါသည်။

ကျွန်တော်က ‘ ဟုတ်တယ် ဆရာ ’ ဟု ဆိုပါသည်။ ‘ အဲဒီက ကျွန်တော်ကို ရှက်သလို ဖြစ်စေတယ်။ ဒါပေမယ့် အခု ကျွန်တော် ’လို့ ပြောခဲ့ပါသည်။

ပြီးတော့ သူက ပြောပါသည် ....... ‘ ကောင်းပါပြီ ’သူက ‘ အဲဒါကခင်ဗျားဆိုတာ မသိဘူးလား။ ခင်ဗျားဟာ တကယ်ဆိုရင် ကယ်သိုလစ် ဖြစ်သင့်တယ် ’ လို့ ပြောပါသည်။

ကျွန်တော်က ‘ ကျွန်တော်ဟာ ကနဦးကဆို ကယ်သိုလစ်ပါ ’ ဟု ဆိုခဲ့ပါသည်။

ခင်ဗျားတို့ သိပါသည်။ကနဦးအသင်းတော်သာဆိုရင် ကယ်သိုလစ်အသင်းတော် ဖြစ်ပါသည်။ ဒီ ကနေ့ ဘယ်နေရာကိုရောက်နေလဲဆိုတာ ခင်ဗျားတို့ မြင်ပါသလား ?အဲဒါက ပင်န်တီကော်စတယ်က စ ခဲ့ပါသည်။ ဒါပေမယ့် အခု အသင်းတော်ရှိတဲ့နေရာမှာအဖွဲ့အစည်း၏ နေရာကျမှုဆိုပြီး ပါလာပါသည်။ ပင်န်တီကော်စတယ်ကို ကြည့်ပါ။အမှန်ပြန်လာပြီး ဖွဲ့စည်းမှု ပြုခဲ့သည်။ ကနဦး ကယ်သိုလစ်အသင်းတော်ဆိုတာကလုပ်ဆောင်မှု ပြုခဲ့ပါသည် ___သူတို့ဟာ နှစ်နှစ်ထောင်ကို ကျော်လွန်ခဲ့ကြသလိုပဲ သူတို့ ဟာ ဒီကနေ့မှာလည်းအဝေးသို့ လွင့်မျောလုနီးပါး ရှိနေကြပါသည်။ နှစ်ငါးဆယ်ဆိုတဲ့ အချိန်ကာလကသူတို့ကို ထိုသို့သော အချိန်နာရီဆီသို့ ခေါ်သွားလုနီး ရှိနေကြပါသည်။

80 ၈၀။ သူက ‘ ခင်ဗျားမယုံဘူးလား။ခရစ်ယာန်အသင်းတော်များ ညီညွတ်ရေးဆိုတဲ့ စိတ်ထားရှိတဲ့ လူတစ်စုပေါ်လာတဲ့အခါ ( အဲဒါခင်ဗျားတို့ပါ။ ) အတူတကွ ပေါင်းစုမိတဲ့အခါ တစ်စုံတစ်ခုကို အကြောင်း ပြမှုပြုပါမည်။ တစ်အုပ်လုံးက တစ်ညီတစ်ညွတ်တည်း ဖြစ်နိုင်ပါသည်။ သူတို့ဟာ အခုနည်းနည်းလေး လို့ မထင်လိုက်ပါနဲ့ .......... ’ ဟု ပြောပါသည်။

‘ကျွန်တော် ခင်ဗျား တရားဟောတာကို နားထောင်ဖို့ ရောက်လာတာ ’ ဟု ပြောပါသည်။

‘ဒါပေမယ့် ကျွန်တော် ကျွန်တော်နှင့် သဘောတူညီမှုမရှိ ’ ဟု ဆိုပါသည်။

ကျွန်တော် ‘ ခင်ဗျားသဘောမတူကြောင်း ရုပ်တိဗေဒ္ဒကျကျသက်သေပြနိုင်မည့် တစ်ခုတည်း သောနည်းလမ်းကတော့ အဲဒါကို နှုတ်ကပတ်တော်ဖြင့်ပဲသက်သေပြဖို့ပါ ’ ဟုပြောခဲ့ပါသည်။

သူက ‘ ကျမ်းစာက အဲဒါနဲ့ ဘာမှလုပ်လို့ရမယ့် အရာမဟုတ်ဘူး ’ ဟု ဆိုပါသည်။

ကျွန်တော်က ‘ ခင်ဗျားကတော့အဲလိုဟုတ်ချင်မှဟုတ်မှာပေါ့။ ဒါပေမယ့် ကျွန်တော်အတွက်က တော့ အဲဒါနဲ့ဘဲ အားလုံးကိုအလုပ်လုပ်ခဲ့ရတာ ’ ဟုပြောခဲ့ပါသည်။ မြင်ပါ။ အဲဒါက နှုတ်ကပတ်တော် ဖြစ်ပါသည်။

သူက ‘ အသင်းတော်များညီညွတ်ရေး စိတ်ရှိသည့် လူအုပ်စုတစ်အုပ်ဟာပိုပြီးမှန်နိုင်တယ်။ ခင်ဗျားကိုခင်ဗျားလုပ်နေတဲ့ နည်းနည်းပညာမတတ်သလိုပုဂ္ဂိုလ်ထက်တော့ ပိုမှန်မယ်လို့ ခင်ဗျားမထင် ဘူးလား ? ’ လို့ မေးပါသည်။

ပြီးတော့ ကျွန်တော်က ‘ ကောင်းပြီ ........ ’ လို့ ပြောခဲ့ပါသည်။ ‘ခင်ဗျားအလုပ်က ခင်ဗျား ကျမ်း ___ကျွန်ုပ်တို့ရဲ့အသင်းတော်ကို ဆန့်ကျင်မယ့် ဘယ်လိုအကြောင်းကိုမဆို ပြောဖို့လို့မဟုတ် လား ? ခေတ်ကာလတောက်လျှောက်အဲလိုသက်ရောက်မှုရှိစဉ်အခါ ___တစ်ညက အဲမှာ ခင်ဗျားပြော သလိုပဲ သူတို့ဟာ ကနေဦးအသင်းတော်ကောင်စီမှာရှိခဲ့ကြပါသည်။ နိစိန်ကောင်စီ ရောမမြို့၌ စုဝေး သော အသင်းတော်များ ညီညွတ်ရေးကောင်စီ၏အသင်းတော်ခေတ်ကာလဆိုတာကို သူကြားခဲ့ရစဉ် အခါ ရောမကယ်သိုလစ်အသင်းတော်ကိုဖွဲ့ခဲ့တာဟု ’ ပြောခဲ့ပါသည်။အဲဒီကောင်စီမှာ ဘုရားသခင်က ထောင်သောင်းချီသော လူများနှင့်ဝိဉာဉ်တို့ကိုသက်ရောက်စေခဲ့တယ်ဆိုတာ ခင်ဗျားမသိဘူးလား ?သူ တို့ရဲ့ စိတ်သဘောထားများက ဒီမှာ ခင်ဗျားရှိနေတာထက် ဘုရားသခင်၏ အလိုတော်ကိုသိကျွမ်းဖို့ရာ ပိုသောအကြောင်းတရား ဖြစ်လိမ့်မည်ဟု ခင်ဗျားမထင်ဘူးလား။အဲဒီအသင်းတော်ကမှန်ကြောင်း ဘုရား သခင်က နှစ်နှစ်ထောင်လုံးတောက်လျှောက်သက်သေပြခဲ့ပြီး နောက်ပိုင်းမှာတော့?ဟု ပြောပါ သည်။

81 ၈၁။ ကျွန်တော်က ‘ ကိုယ်တော်က အဲဒါကိုလုံးဝသက်သေမပြခဲ့ပါဘူး ’ ဟုဆိုခဲ့ပါသည်။ ကျွန်တော် က ‘ အဲဒီအသင်းတော်ကဘုရားသခင်ရဲ့ အသင်းတော်ဆိုရင် အဲဒီနောက်ပိုင်း ကနဦးအသင်းတော် ဖြစ် ခဲ့သလို ဆက်လက်၍ဖြစ်ပွားခဲ့သောအရာကို ကျွန်ုပ်တို့အားပြလေ။ ကနဦးနေရာ၌ သူတို့ပြုခဲ့ကြသောအမှုတို့ကို ထိုပေါ်စေသည့် ထိုအရာကို ကျွန်ုပ်တို့အား မြင်ခွင့်ပေးလေ ’ ဟု ပြောခဲ့ပါသည်။ ကျမ်းစာက စကားပြောတဲ့အချိန်မှာတောင် အဲဒီအချိန်မှာပင်လျှင် ‘အဲဒီကနေ တလုံးတလေ တစကက်ကလေးကိုမှ ပျက်ကွက်စေခြင်း မရှိပါဘူး။ ’ ကိုယ်တော်က ‘ ဒီအရာက စကားလုံးတစ်လုံးကိုနှုတ်ပယ်ခြင်း သို့မဟုတ် ပေါင်းစည်းခြင်း ပြုမည်ဆိုပါက ထိုသူကို ထုတ်ပယ်မှုပြုမည် ’ ဟု မိန့်တော်မူခဲ့ပါသည်။ အသက်စာစောင် မှအဲဒီလို အသင်းတော်များ ညီညွတ်ရေးပဲဖြစ်ဖြစ် ၊ ဘာပဲဖြစ်နေဖြစ်နေပါ သူဟာအဆုံးသတ်သွား ပါမည်။

‘ဘီလီ ခင်ဗျားဟာ ရည်ရွယ်ချက်မရှိ လျှောက်သွားနေတဲ့ လူပဲ ’ ဟု ပြောပါသည်။

ကျွန်တော်က ‘ အဲဒီနောက် ဣသရေလတို့၏ ကြီးမြတ်သောဂုဏ်သိက္ခာရှိချိန်ဟာ တစ်ချိန်က ’ဟု ကျွန်တော်ယူဆပါသည်။ ဒီကနေ့ ပရိုတက်စတန့်နှင့် ပင်န်တီကော်စတယ်လို သူတို့ကွဲကွာခဲ့ရပါသည် ___ အစွဲရေးကတော့အစွဲရေးကိုပဲ ကျန်ကြွင်းလိုပါသည်။ ဒါပေမယ့် ကျွန်တော်က ‘ ကျွန်တော်တို့ဟာ သူတို့မှာ ဂျဟောရှဖက်လို့ခေါ်တဲ့ဖြောင့်မတ်တဲ့ ဘုရင်တစ်ပါး ရှိခဲ့ကြောင်းကို ကျွန်တော်တို့ ရှာစားမှု ပြုခဲ့ပါသည်။ဒါပေမယ့် အာဟပ်မင်းလို့ခေါ်တဲ့ အဲဒီမှာ အခြားဘုရင်တစ်ယောက်ကို ရလာတဲ့အခါမှာတော့ မိန်းမတစ်ယောက်နဲ့ဆောင်နှင်းမှု ပြုပါသည်။ နိုင်ငံရေးဆိုတာပဲ ဖြစ်ပါသည်။ အခြားနိုင်ငံနဲ့ မိတ်ဆွေတွေဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ သူတို့ရဲ့သမီးများထဲက တစ်ယောက်ကိုလည်း ထိမ်းမြားမှုပြုပါသည်။ ယေဇဗေလဆိုသူပါ။ သူမကို ခေါ်လာပါသည် ___ ဘုရားသခင်၏ လူတို့အကြားကိုပါ ___

ကျွန်တော်တို့ဟာလည်း တူညီသောအမှုကို ပြုနေကြတာ ဖြစ်ပါသည်။ ခေါ်လာပါတယ် ...... သူမဟာ အုပ်ချုပ်သူ တစ်ယောက် ဖြစ်လာခဲ့ပါသည်။ အာဟပ်ကဒီလိုပြောတာကို လုပ်ကြရပါသည်။ အာဟပ် ဟိုလိုပြောတာ ကို လုပ်ရပါသည် ___ အခုသူတို့လုပ်နေကြတာလည်း အတူတူပဲ ဖြစ်ပါသည် ’ဟု ပြောခဲ့ပါသည်။ ပြီး တော့ ကျွန်တော်က ‘ပြသတော်မူခြင်းကို ရောက်လာစေပါ ’ဟု ပြောခဲ့ပါသည်။

82 ၈၂။ အခုသူတို့ကြိုးစား၍ လုပ်ဆောင်နေကြသလိုပဲ သူတို့ဟာ အသင်းတော်များကို အတူတကွပေါင်းစည်းစေချင် ကြပါသည်။ အာဟပ်နှင့် ဂျေဟောရှဖက်တို့ကိုတောင် အဖွဲ့အစည်းလူဖြစ်စေခဲ့ပါသည်။

‘ဟုတ်တယ် အဲဒါက သိပ်ကောင်းတာ။ ခင်ဗျားတို့ဟာ ကျွန်တော်ရဲ့လူတွေပဲ။ ကျွန်တော်တို့အားလုံး ခရစ်ယာန်တွေပါ။ ကျွန်ုပ်အားလုံးယုံကြည်ကြပါသည်။ အတူတကွ သွားကြပါစို့ ’ဟု ပြောခဲ့ကြပါသည်။ ဒါပေမယ့်ခုပြဖို့ သူရောက်ရှိလာတဲ့အခါ သူက ‘ဒီအကြောင်း ဆုတောင်းဖို့ ကျွန်တော်တို့ သွား သင့်တယ်လို့ ခင်ဗျား မတင်ဘူးလား ? ကျွန်ုပ်တို့ ဘုရားသခင်ကိုတိုင်ပင်သင့်တာပေါ့ ’ ဟုဆိုပါသည်။ ပြီးတော့ သူက ‘ ဟုတ်တယ် ’ ဟု ဆိုပါသည်။ အာဟပ်ကို ပြောတာပါ။

ဒါကြောင့် သူက ‘ အာဆိုတာ ခင်ဗျားကို ကျွန်တော်ပြောပြမယ်။ဘုရားသခင်၏ ပရောဖက်ကို ရှာကြရအောင် ’ဟု ပြောပါသည်။ ဒါပေမဲ့ ခင်ဗျားတို့ မြင်ကြပါ။ အာဟပ်ဟာ ဘုရားသခင်၏ စနစ်တစ်ခုဆိုတာကို တွေးထားခဲ့ပါသည်။ သူက ‘ကျွန်တော် အယောက်လေးရာကို ရခဲ့ပါတယ်။ ကျောင်းတတ်ပြီး သင်တန်းတတ်ထားပြီးသားတွေပါ။ ဟေဗြဲပရောဖက်များအဖြစ် သူတို့ဟာ ကြွေးကြော်ကြပါသည် ’ ဟု ပြောပြခဲ့ပါသည်။ ( ဒီကနေ့သာသနာပြုဆိုင်ရာ အစုအဖွဲ့တွေ လုပ်ကြသလိုမျိုးပါပဲ )

သူတို့က သူတို့ကို ခေါ်ထုတ်ပြီးတိုက်ပွဲ၏ အကျိုးရလဒ်နှင့် ဆက်စပ်သည့် မေးခွန်းတစ်ခုကို သူ တို့အား မေးပါမည်။ သူတို့တစ်ယောက်ချင်းစီ အတူတကွစုရုံး၍ တစ်နေ့မှာလည်း အသင်းတော်များ ညီ ညွတ်ရေးကောင်စီလုပ်သလိုမျိုး ပေါင်းစည်းလျက် လုပ်ကြပါသည်။ သူတို့ဟာ မေးခွန်းနှင့်အတူ ထွက်ပေါ်လာကြပါသည်။ ‘ သွားပါ။ဘုရားသခင် သင်နှင့်အတူရှိမည်။ အဲဒီမြေကြီးကို ကျွန်ုပ်တို့ အမှန်အကန်ပိုင်ဆိုင်ကြရမည် ဖြစ်သောကြောင့်ပေတည်း။ အဲဒီ့က ထွက်လာတဲ့ ဆီးရီးယားတွေကိုတွန်းထုတ်ပါ။ ဒါမှ မဟုတ် ပါလက်စတိုင်းတွေ ဖြစ်ပါမည်။ သူတို့ကို တွန်းထုတ်ပစ်ကြပါ။အကြောင်းမှာ ကျွန်ုပ်တို့ မြေကြီးကို ပိုင်ဆိုင်ကြရမှာ ဖြစ်လို့ပါ ’ ဆိုပြီးတော့ပါ။ အဲဒီ့အသံကို ကြားရတာ သိပ်ကိုကြောင်းကျိုးဆီလျော်လှပါသည်။

83 ၈၃။ ဒါပေမဲ့ဂျေဟောရှဖက်၏ နှလုံးသားထဲ သက်ရောက်ခြင်းရှိတဲ့ အရာကတော့ အဲ့ဒါကတော့ အဲ့ဒါကမှန်တဲ့အကြောင်း ကြားရတာတော့ မဟုတ်ပါ။ သူက ‘ခင်ဗျား အဲဒီ့မှာ အသင်းတော်များ ညီညွတ်ရေးနှင့် ဆိုင်သော သာသနာပြုများကိုအနှစ်လေးရာလောက် ကောင်းစွာ - သင်တန်းပေးထားတာကို ကျွန်တော် သိပါတယ်။ သူတို့အားလုံးတစ်စုတစ်စည်းတည်း ရှိကြပါတယ် ’ဟု ပြောပါမည်။ ( သူတို့ဟာ သံဦးချို တစ်စုံကို လုပ်ပြီးသည့်တိုင် ‘ ထို့ကြောင့် ဘုရားသခင် မိန့်တော်မူသည် ’ ဟု ပြောနေကြပါသည်။ ) ‘ ဒါပေမဲ့ ကျွန်တော်တို့ အခြားတစ်ခုကိုအခု ရှာဖွေနိုင်ကြပါသလား ? ’

သူက ‘ ဒါကြောင့် ဘုရင်ပြောတာ ဆိုတာကို ခွင့်မပြုပါနှင့် ’ ဟု ပြောပါသည်။ နိုင်ငံရေးသမားပြောခဲ့တာပါ။ ‘ ဒါကြောင့်ဘုရင်ပြောတာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဒီလူတွေဟာ သင်တန်း တတ်ထားတဲ့လူတွေဖြစ်နေလို့ပါ။ ကျွန်တော်ကိုယ်တိုင် သူတို့ကို သင်တန်းပေးထားတာ ’ ဆိုပြီးတော့ပါ။ အဲ့ဒါပါပဲ။ အဲ့ဒါပဲဖြစ်ပါသည်။ ‘ ကျွန်တော်သင်တန်းပေးထားတဲ့ လူတွေဆိုတာပါ။ ဒါပေမဲ့ အဲ့ဒါက ဘာမှမလိုပါဘူး။ ဒါပေမဲ့ ကျွန်တော်သူ့ကိုမုန်းပါတယ်။ ’ မြင်ကြလား ?

‘အဲ့ဒါက မိက္ခာ ၊ အာမလတ်၏သား ၊ ဒါပေမဲ့ ’လို့ ပြောပါသည်။ ‘ ကျွန်တော်သူ့ကိုမုန်းတယ်။ သူဟာ ဘာမှမဟုတ်ပေမဲ့ သူတို့အကြား အယူအဆ ပြောင်းသွားတာတစ်ခုရှိတယ်။ သူဟာ အမြဲတမ်း သူတို့ကိုအော်ဟစ်မောင်းထုတ် နေပါသည်။ ကျွန်တော် မှားတယ်ဆိုပြီး သူက ကျွန်တော့်ကို အမြဲပြောနေတာ ကျွန်တော့်နိုင်ငံကို ကြည့်ပြီးတော့ ’ဟု ပြောပြခဲ့ပါသည်။

ဟုတ်ကဲ့။ အဲ့ဒါကိုကြည့်ပါ။ အဲဒီ့အထဲမှာဖရိုဖရဲဖြစ်နေတာကို မြင်ကြည့်ပါ။

84 ၈၄။ ဒီကနေ့ခင်ဗျားတို့ရဲ့ ဂိုဏ်းဂဏကိုကြည့်ပါ။ ဘုရားတရား ကိုင်းရှိုင်းသလိုမျိုးပုံဖမ်းထားတာတစ်ခု ရှိပါသည်။ ဒါနဲ့ပဲ တန်ခိုးကို ငြင်းပယ်နေကြတာ ဖြစ်ပါသည်။ အို ၊ခင်ဗျားတို့ဟာ သန်းနဲ့ချီပြီး ၊ ထောင်နဲ့ချီ ပြီး ကောင်းကောင်းပို၍သင်တန်းတတ်ထားကြတဲ့လူတွေ ဖြစ်ချင်ဖြစ်ပါမည်။ ဒါပေမဲ့ ခင်ဗျားတို့ဟာ ဝိဉာဉ်တော်၌မည်သည့်နေရာမှာ နေကြပါသနည်း ?အဲ့လို ရှန်ဆုန်၏ နေ့ရက်ကာလ၌ရှိသော ခင်ဗျားတို့ ရဲ့ ခွန်အားက ဘယ်နေရာကိုရောက်သွားပါသနည်း။ တစ်နေ့က ကျွန်တော် ပြောခဲ့ပါသည်။ အဲဒီ့မှာ သူ့ရဲ့အလုံးစုံသောမှုဆောင်ကြီးနှင့်အတူ အဲဒီ့မှာ အရာအားလုံးဟာ နှောင်ကြိုးတွေ ရှိနေပါသည်။ ဒါပေမဲ့သူ့မှာ အသက်မရှိဘူး မဟုတ်လား ?

ဝိဉာဉ်တော်က သူ့ကိုချန်ထား ခဲ့ပါသည်။သူဟာ အကူအညီမဲ့ ဖြစ်ခဲ့ပါသည်။ သူ့နားမှာ ကလေး တစ်ယောက်က လမ်းပြရပါသည်။ မျက်စိများမမြင်လို့ ဖြစ်ပါသည်။ အကြောင်းမှာ မိန်းမအချို့ကြောင့် ဖြစ်ပါသည်။ ဒီကနေ့မှာရှိတဲ့အသင်းတော်ကလည်း အတူတူပဲ ဖြစ်ပါသည်။ နိုင်ငံရေးဖြင့် အနီးအနားမှာ လမ်းပြမှုခံရတာဖြစ်ပါသည်။ ဘီးရှော့ အကြီးအကဲနှင့် အဲ့လိုအပြည့်အသိပ် သပ်သွင်းထားတဲ့အရာ အလုံးစုံနှင့်အတူဖြစ်ပါသည်။ လူတွေဟာ သူတို့ရဲ့ ဦးထုပ်ထဲက အကျိုးမရှိတဲ့ တစ်ခုခုသော ကောက်ရိုး ကိုဆွဲထုတ်ပြီး အမျိုးမျိုးလုပ်နေ ကြပါသည်။ ကျွန်တော်တို့ ဘယ်နေရာမှာ ရှိနေကြတာပါလဲ ?

ဒါကြောင့် ကျွန်တော်တို့ ဒီအချက်ကိုရောက်လာကြတဲ့အခါ

85 ၈၅။ သူတို့ဟာပို့ဆောင်မှု ပြုကြပါသည်။ အာမလက်ကို ရပါတယ်။ အာမလက်ကို မဟုတ်ပါဘူး။ ဒါပေ မဲ့မိက္ခာက အာမလက်၏သားကို

ဖြစ်ပါသည်။ သူ့အားပို၍ ရရှိစေခဲ့ပါသည်။ သူက ပရောဖက် ပြုခဲ့ပါသည်။ အဲဒီ့ကို သူသွားရင် အာဟပ် အသက်ခံရမည် ဖြစ်ကြောင်းကို သူတို့အားပြောခဲ့ပါသည်။ ဘီးရှော့ အချုပ်ကြီးက သူ့နှုတ်ခမ်းကို စုပ်တသပ်သပ် လုပ်ခဲ့ပါသည်။သူကတော့ အဲဒီ့ကိစ္စကို ရိုးရိုးသား သားနှင့် လုပ်ဆောင်ခဲ့တာ ဖြစ်ပါသည်။ သူက ' ထိုအရာ ကျွန်ုပ်ကို ချန်ထားခဲ့စဉ်ဘုရားသခင်၏ ဝိဉာဉ် တော်က ဘယ်နေရာကို သွားသလဲ ? ' ဟု မေးပါသည်။ 'ခင်ဗျား မြင်ရမည် ' ဟုပြောခဲ့ပါသည်။ သူက ' အချုပ်၌သူ့ကိုထားပါ။ အတွင်းအချုပ်ခန်းထဲ သူ့ကိုထားလိုက်ပါ။ ဝမ်းနည်းခြင်း မုန့်နှင့်ရေကိုသောက် စေပါ။ ငါပြန်လာတဲ့အထိ ငြိမ်ငြိမ်သက်သက် ရှိစေပါ ' ဟု ပြောခဲ့ပါသည်။ ' ငါ ဒီကောင်နဲ့ အချိတ် အဆက် လုပ်ရဦးမှာ ' ဟု ပြောခဲ့ပါသည်။

အာမလက်ဟာ သူဘုရားနဲ့ မှန်တယ်ဆိုတာသူသိပါတယ် ....... ဘာဖြစ်လို့ပါလဲ ? သူ့ရဲ့ရှုပါရုံကို နှုတ်ကပတ်တော်နှင့်ချိန်ထိုးမှု ပြုခဲ့လို့ပါပဲ။ သူဟာ ပရောဖက်တစ်ယောက် ဖြစ်ပါသည်။ သူ့ရဲ့ဝိဉာဉ်တော်နှင့် သူ့ရဲ့ရှုပါရုံသည် ပရောဖက်ဧလိယ နှင့်အတူ အတိအကျ ရှိခဲ့ပါသည်။ သူက ' တကယ်လို့ ခင်ဗျားက အားလုံးကိုပြန်လှည့်လိုက်မယ်ဆိုရင် အဲဒီ့နောက် ဘုရားသခင်က ကျွန်တော့်ကို မိန့်တော်မူစရာအကြောင်းမရှိ ' ဟုပြောခဲ့ပါသည်။

အခု ကျွန်တော် ဒီအကောင်ကိုပြောခဲ့ပါသည်။ ' အဲ့ဒါမမှန်ဘူးလား။အသင်းတော်များ ညီညွတ် ရေးကောင်စီဆိုတဲ့ နေရာရှိတဲ့ အရပ်မှာ ရွေးကောက်ခံရတဲ့လူအယောက်လေးရာလောက် အတူတကွ ထိုင်ခဲ့ရတယ်။ လူတွေရွေးထားတဲ့ လူတွေပါ။ နည်းနည်းသဘောထားပြောင်းတဲ့လူလေးတစ်ယောက် ဘုရားသခင် ရွေးကောက်တဲ့ လူဖြစ်ရမှာ မဟုတ်ဘူးလား ? ' ဆိုပြီးတော့ပါ။

သူက ' ကောင်းပါပြီ။ ခင်ဗျားတို့ ခြားနားမှုကိုဘယ်လိုဆိုကြရပါမည်နည်း ? ' ဟုပြောပါသည်။

ကျွန်တော်က ' ပုံကြမ်းဆီ ပြန်သွားပါ ' ဟု ပြောခဲ့ပါသည်။ ကျွန်တော်တို့ပုံကြမ်းမရှိရင် အ ဆောက်အဦ တစ်ခုကိုဆောက်ဖို့ ကျွန်တော်တို့ မည်သို့သိနိုင်ပါမည်နည်း ?

သူတို့ဟာ တစ်မိနစ်လောက်ညွတ်၍အဲဒီ့ပရောဖက်ကို ဧလိယ ရှာဖွေမှုပြုမယ်ဆိုရင် ကျိန်ဆဲမှုပြု ခဲ့ပါသည်။ ခွေးများကသူ့အသွေးကို လျက်လိမ့်မည်။ သူတို့လုပ်မည်ဟု ပြောခဲ့ပါသည်။ ဘုရားသခင်ကကျိန်ထားတာကို သူက မည်သို့ ကောင်းကြီးပေးနိုင်ပါမည်နည်း ? ဘုရားသခင်က ကျိန်ဆဲထားတာကို သူကဘယ်လိုဖြစ်ပြီး ကောင်းကြီးပေးနိုင်ပါမည်နည်း ?

အဲဒီ့ကနေ ထွက်ခွာစရာအကြောင်း ရှိပါသည်။အဲဒီ့ကနေ အဝေးကို ရောက်ရှိစရာအကြောင်း ရှိ ပါသည်။ ခရစ်တော်ထံသို့ဝင်ရောက်ကြရပါမည်။

86 ၈၆။ [တိပ်ဘားမှာ ပြတ်လပ်နေပါသည်။ ] ...... အဲ့ဒါကို ပြင်ဆင်ပါ။ အဲ့ဒါ မှန်တယ်လို့အသိဉာဏ်နှင့် ဆိုင်သော စိတ်သဘောထားက ပြောပါမည်။ အဲဒီ့နေရာမှာ ဒီအဖိုးတန်တဲ့ညီအစ်ကို ဒီလူ ရှိခဲ့ပါသည်။ သူက 'ကြည့်ရတာ ...... ဒီလိုကြည့်ရတာ အသင်းတော် တစ်ခုကဲ့သို့ကျွန်ုပ်တို့ အားလုံးကို အတူတကွ စုရုံးစေမယ်ဆိုရင် ခင်ဗျားတို့ သိပါသည်။ အခုကျွန်တော်တို့ ပြန့်နှံ့နေကြတာထက် ကျွန်တော်တို့ ပို ကောင်းသွားမယ်လို့ခင်ဗျားတို့ မစဉ်းစားမိဘူးလား ?' ဟု မေးပါသည်။

ပရိုတတ်စတန့်နှင့်ကယ်လ်သိုလစ်တွေအားလုံး အတူတကွ ပေါင်းစည်းမှု ပြုနိုင်တယ်ဆိုရင် အပြန်အလှန် အကျိုးရှိစေသည့်နယ်မြေတစ်ခုဆီ သွားရောက်ကြရမယ်ဆိုတဲ့ အကြောင်းအရင်းကို ကြား ရတာကျိုးကြောင်းဆီလျော်မှု မရှိဘူးလား ?ဒါပေမဲ့ နှစ်လမ်းလုံး မည်သို့လျှောက်နိုင်ပါသနည်း။ သူတို့ တစ်သဘောတည်းရှိတယ်ဆိုရင်တောင်မှပါ ? ခင်ဗျားတို့မည်သို့ဖြစ်နိုင်ပါသနည်း။ ဒီနေရာမှာရှိတဲ့ စာ အုပ်က အနာရောဂါငြိမ်းခြင်းကိုမယုံဘဲရှိနေတဲ့အချိန် အခြားစာအုပ်က သူတို့ အဲ့ဒါကို ယုံကြည်တယ်ဆို ပြီး ရှိပါမည်။ အခြားစာအုပ်က အဲ့ဒါကို အခြားအချိန်နာရီ တစ်ခုမှာ ပြန်ထားထားပါမည်။ ( လူအချို့ကတောင် နှုတ်ကပတ်တော်ကို မယုံကြည်ကြတော့ပါဘူး။ ) အဲ့ဒါကို အတူတကွ ထားထားပါသည်။ခင်ဗျား တို့မှာ ရှိကြပါသလား ?ဘုရားသခင်က ရုပ်ယှက်ခတ်မှုကို ရေးသားသူတစ်ယောက် မဟုတ်ပါဘူး။

ဘုရားသခင်က သူ့အသင်းတော်ကို အစီအစဉ်တကျနေရာမချခင် သူတို့အားလုံး တစ်နေရာထဲ ကို ရောက်လာချိန်အထိ တစ်စုတစ်ဝေးတည်းဖြစ်လာချိန်အထိ ဆယ်နှေ့ ၊ ဆယ်ည သူတို့ကို စောင့်ဆိုင်း မှု ပြုပါသည်။ ဦးဆောင်ဖို့ရာအဲဒီ့မှာ သန့်ရှင်းသောဝိဉာဉ်တော်ကို သက်ရောက်စေတော် မူပါသည်။ အချို့သောအသင်းတော်များ ညီညွတ်ရေးကောင်စီလို မဟုတ်ပါဘူး။ မြင်လား ? ခင်ဗျားတို့ ဒါကိုရမည် ဟုမျှော်လင့်ပါသည်။

သတိတစ်ခုပါ။

87 ၈၇။ အဲ့ဒါကမယုံကြည်သူတွေ ဖြစ်ပါသည်။ မယုံကြည်ခြင်းက ဘုရားသခင်၏ နှုတ်ကပတ်တော်ဆီသို့ရောက်ရှိပါသည်။ နှုတ်ကပတ်တော် ပြောတာကို သတိမထားမိကြပါ။ ဒါပေမဲ့ခင်ဗျားတို့ရဲ့ကိုယ်ပိုင် အကြောင်းဆီလျော်မှုကို သတိထားပါ။ အဲ့ဒါက ကနဦးနေရာ၌ရှိသောဧဝလုပ်ဆောင်ခဲ့တဲ့ အရာပဲ ဖြစ်ပါ သည်။ သူမဟာ သူမရဲ့ စဉ်းစားဆင်ခြင်မှု အပေါ်တွင် အဲ့ဒါကိုထားရှိခဲ့တာ ဖြစ်ပါသည်။

စာတန်က ' အခု ဒီကိုကြည့်ပါ။ အဲ့ဒါက အကျိုးအကြောင်း မဆီလျော်ဘူးလား ? နှုတ်ကပတ် တော်က အဲ့လိုပြောတာကိုကျွန်တော် သိတာပေါ့။ ဒါပေမဲ့ တစ်မိနစ်လောက်တော့ စောင့်အုံး။ အဲဒီ့လို မှားနေတာကိုသိထားတာကနေ ဖျက်ပစ်လိုက်တာ ခင်ဗျားအတွက် ပိုကောင်းတယ်လို့ အကျိုးအကြောင်းဆီလျော်စွာ မတွေးမိဘူးလား ?' ဟု မေးလိုက်ပါသည်။

'ကောင်းပါပြီ။ ဟုတ်ပါတယ် ....... ' အဲဒီ့နောက် အဲ့ဒါကိုသူမ ယုံစေခဲ့ပါသည်။ အသေအချာပါ။

88 ၈၈။ အဲဒီ့အတိုင်းပါပဲ၊: သူတို့က အကြောင်းပြခဲ့ပါသည်။

အခု မယုံကြည်ခြင်းက အမြဲတမ်း ____ ဆင်ခြင်တုံတရားဆိုတာကို ဖြစ်ပွားစေပါသည်။ ဒါပေမဲ့ ယုံကြည်ခြင်းကတော့ အဲ့ဒါကို ထိလို့မရပါဘူး။ကျွန်ုပ်တို့၏ ဘိုးဘေးများထံသို့ ထိုအရာက ကျိုးကြောင်း ဆီလျော်မှုဆိုပြီးရောက်ခဲ့ကြရတယ် မဟုတ်ပါလား။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းက ဘိုးဘေးတို့ဆီကရောက်လာကြတာ မဟုတ်ပါလား။ အာဗြဟံ _____ထိုသို့သောအရာက ခြောက်ဆယ့် - ငါးနှစ်အရွယ် အမျိုးသမီးတစ်ယောက်၏ဆင်ခြင်တုံတရားကို ဖြစ်စေတဲ့အရာ မဟုတ်ဘူးလား။ အလုံးစုံသောအရာနှင့် အတူ သူဟာရှင်သန်နေခဲ့ပါသည် ___ သူမဟာမိန်းကလေးငယ်တစ်ဦး ဖြစ်စဉ်ကတည်းကပါ ____ကလေးတစ်ယောက်ကို မရနိုင်ဘူးလား ?

သူမဟာ အသက်တစ်ရာ ( သို့မဟုတ် ) ကိုးဆယ်ရောက်တဲ့အချိန်မှာ သူကတော့ အသက် တစ်ရာရှိပြီ ဖြစ်ပါသည်။ ကလေးမရကြသေးပါ။ အကြောင်းပြချက်မရှိပါဘူး ....... အချို့ဆရာဝန် ၊ အမှု ထမ်းများနှင့်သိပ္ပံပညာရှင်ကြီးများက စာရာကို စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့ကြပါသည်။ ‘ ဘာကြောင့်လဲ။ သူမရဲ့သားအိမ်ကခြောက်နေပြီလေ နို့ရည်ကြောတွေက အသက်လေးဆယ်ကျော်ရင် ခြောက်သွားပြီ ’ ဆိုပြီးတော့ပါ။ အဲဒီ့အရွယ်မှာသူမနှလုံးသားဟာ ____ သူမဟာအလုပ်ထဲသို့ မဝင်နိုင်တော့ပါဘူး။ ဘာ ဖြစ်လို့ပါလဲ။ အဲ့ဒါက တစ်ခုတည်းသောအကြောင်းအရင်းပါပဲ။ ဒါပေမဲ့ အာဗြဟံကတော့ သူတို့ကို ငြင်း ပယ်မှု ပြုခဲ့ပါသည် !အဲဒီ့လို ဆန့်ကျင်ဘက်ပြုသည့် မယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ ကတိတော် ကို သူဟာယိမ်းယိုင်မှု မရှိခဲ့ပါဘူး ____ဘုရားသခင်၏ ကတိတော်ကို ယိမ်းယိုင်စေခဲ့ခြင်း မရှိပါဘူး။ ဘာဖြစ်ဖြစ်ကိစ္စမရှိပါဘူး။ ကိုယ်တော် အမှုပြုတော်မူမည်ဟု ကိုယ်တော် မိန့်တော်မူခဲ့သည့်အရာရာကို ပုံဖော်နိုင်ဖို့ သူဟာ ဘုရားသခင်ကို ရေတွက်မှု ပြုခဲ့လို့ပဲ ဖြစ်ပါသည်။

89 ၈၉။ အခုဒီမနက် အာဗြဟံ၏ သားသမီးတွေ ဘယ်နေရာမှာ ရှိနေကြပါသလဲ ? ခင်ဗျား သာသနာပြု များကတော့ ခင်ဗျားကိုကြောက်ကြပါသည် ....... ခင်ဗျားရဲ့ အစာနှင့်ရေကကြောက်စရာကောင်းပါ သည် ....... ခင်ဗျား ဗာဗုလုန်က ထွက်ခွာမည်ဆိုလျှင်လမ်းပေါ်ရောက်ပါမည်။ ခင်ဗျားရဲ့ ယုံကြည်ခြင်း က ဘယ်နေရာမှာ ရှိပါသလဲ ? ဒါဝိဒ်က ‘ တစ်ခါက ခင်ဗျား ပျိုရွယ်ခဲ့တယ်။ အခု ခင်ဗျားအိုပြီ ၊ , ဖြောင့် မတ်ခြင်းနှင့်ဆိုသော စွန့်ပစ်ခြင်းကို ဒါမှမဟုတ်သူ့ရဲ့မျိုးဆက်က အစာကို တောင်းစားရတယ်ဆိုတဲ့ အရာ ကို ခင်ဗျားတို့ လုံးဝတွေ့မြင်ရမှာမဟုတ် ’ လို့ ပြောခဲ့ပါသည်။မကြောက်ပါနှင့်။ ခရစ်တော်၌ မှန်မှန်ကန် ကန်ပဲ တည်နေပါ။

90 ၉ဝ။ ဒါပေမဲ့မယုံကြည်ခြင်းက ဆင်ခြင်တုံတရား ဆိုတာကို ဖမ်းမိရှာတတ်ပါသည်။ အဲ့ဒါက အဲ့ဒါကိုဖြစ်စေတဲ့အရာ ဖြစ်ပါသည် ...... အခု ခင်ဗျားကို အဲ့ဒါကို ရပါသလား ? မယုံကြည်ခြင်းက ဆင်ခြင်တုံ တရားပေါ်တွင်တည်နေပါသည် ___ ပစ္စုပ္ပန်နေ့ရက်ကာလ၌ဖြစ်နေတဲ့ အကြောင်းအရာတွေပဲ ဖြစ်ပါ သည်။ ယုံကြည်ခြင်းက အဲ့ဒါကို လုပ်ဆောင်မှုမပြုပါဘူး။ ယုံကြည်ခြင်းက နှုတ်ကပတ်တော်ကို ကြည့်ရှုမှု ပြုပါသည်။ယုံကြည်ခြင်းဆိုတဲ့ အရာကိုယ်တိုင်က ရွှေ့လျားမှု မပြုနိုင်သော ကျောက်တုံးပေါ်မှာတည်ရှိ နေပါသည် ____ ဘုရားသခင်၏ထာဝရတည်သော နှုတ်ကပတ်တော် ဖြစ်ပါသည်။ ယုံကြည်ခြင်းက ကျိုးကြောင်းဆီလျော်မှုကိုမကြည့်ပါဘူး။ အဲ့ဒါက ပိုကောင်းတာ ဖြစ်လာမှာဆိုပြီး ခင်ဗျားကို ဘယ် လောက်ပဲဖော်ပြမှုပြုနိုင်ပါစေ။ ကျွန်တော် ဂရုမစိုက်ပါဘူး။ တကယ့်ကို နှုတ်ကပတ်တော်က ‘ မဟုတ် ဘူး ’ လို့ ပြောရင်ပါ။ ယုံကြည်ခြင်းက အဲဒီ့မှာနေရာကျပါသည်။ အဲ့ဒါက ယုံကြည်ခြင်း၏ မွန်မြတ်သန့် ရှင်းရာဌာန နေရာကျတဲ့ အရပ်ပဲဖြစ်ပါသည်။

91 ၉၁။ ခင်ဗျားတို့ကိုပြောချင်ပါတယ်။ လူသာရမ်များ ခင်ဗျာ ၊ ဒီမနက် ခင်ဗျားတို့ဟာ နှစ်ခြင်း ၊ ကယ်လ်သိုလစ် ပြီးတော့ ခင်ဗျားတို့ ဘယ်လိုပဲ ရှိနေကြပါစေ ___ ခင်ဗျားတို့ဟာ လောကထဲက ဂိုဏ်းဂဏဆိုင် ရာ လူတွေပဲဖြစ်နေကြပါမည် ၊: နှုတ်ကပတ်တော်နှင့်ဆန့်ကျင်ဘက်ပြုစဉ်အခါ ခင်ဗျားတို့ရဲ့ ယုံကြည် ခြင်းကို ခင်ဗျားက ခင်ဗျားရဲ့ဂိုဏ်းဂဏဆိုတဲ့ အပေါ်မှာ မည်သို့ နေရာချနိုင်ပါမည်နည်း ? ခင်ဗျားက ဘယ်လို ယုံကြည်ခြင်းမျိုးကိုရထားတာ ဖြစ်ပါသနည်း ? ခင်ဗျားတို့ရထားတဲ့ဆင်ခြင်နိုင်စွမ်းက ယုံကြည် ခြင်း မဟုတ်ပါဘူး။ ‘ ယုံကြည်ခြင်းက ကြားနာခြင်းဖြင့် ရောက်လာပါသည်။ ’ ခရစ်ယာန်အသင်းတော် များညီညွတ်ရေးကောင်စီက ကြားနာခြင်း ဟုတ်ပါသလား ?ခင်ဗျားတို့ အမြဲပြောနိုင်တာက ....... အယ် မန်အေ့။ အမေအိုကြီးများ၏မွေးနေ့ဆိုတဲ့ နေရာမှာတော့ ခင်ဗျားတို့ လုပ်ချင်လုပ်လို့ ရပါမည်။ ဒါပေမဲ့ဘုရားသခင်၏ နှုတ်ကပတ်တော်မှာတော့ ခင်ဗျားတို့ အဲ့ဒါကို ဘယ်တော့မှ ရှာတွေ့နိုင်မှာမဟုတ်ပါဘူး။

92 ၉၂။ ‘ ယုံကြည်ခြင်းက ကြားနာခြင်းဖြင့်ရောက်လာပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာခြင်းဖြင့် ဖြစ်ပါသည်။ ’ အာမင် !

ထိုသို့သောအရာကို ဆန့်ကျင်ဘက်ပြု၍လူတစ်ယောက်ဟာ ဘယ်အရာကိုမဆို ပြောနိုင်တယ်လို့ ကျွန်တော့်ကို ပြောပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆန့်ကျင်ဘက်ပြု၍ ပြောတာကို ဖြစ်ပါ သည်။ ကောင်းကင်နှင့်မြေကြီးမတည်ပေမဲ့ နှုတ်ကပတ်တော်ကတော့ တည်တော်မူပါသည်။ ယုံကြည် ခြင်းက နှုတ်ကပတ်တော်ကိုရှာဖွေမှု ပြုပါသည်။ သူ့ရဲ့သန့်ရှင်းမွန်မြတ်ရာ နေရာဌာနက ခိုလှုံစရာ ဖြစ်ပါ သည်။ထိုသို့သောအရာက ထာဝရတည်သော ကျောက်၏ထိပ်သို့ အမှန်ပဲ ရောက်ရှိသွားမှာ ဖြစ်ပါသည်။ ယေရှုခရစ်တော်ပဲ ဖြစ်ပါသည်။ နှုတ်ကပတ်တော်ပဲ ဖြစ်ပါသည်။ အဲဒီ့မှာ သက်ရောက်၍ခိုလှုံစရာအ ကြောင်း ဖြစ်ခဲ့ပါသည်။

လေပြင်းများ၏ ကျယ်လောင်သောအသံကိုဖြစ်စေပါ။ မုန်တိုင်း၏ လှုပ်ရှားမှု ရှိစေပါ။ သူကတော့ အစဉ်အမြဲ လုံခြုံစရာအကြောင်းရှိပါသည်။ သူက အဲဒီ့က နှုတ်ကပတ်တော် အပေါ်တွင် အမှန်တကယ် ခိုလှုံမှုပြုပါမည်။အဲဒီ့လို ယုံကြည်ခြင်းရှိတဲ့ နေရာမှာ စစ်မှန်သော ခရစ်ယာန် ယုံကြည်ခြင်းကခိုလှုံမှု ပြုပါ သည်။ ခိုလှုံစရာ နေရာကတော့ နှုတ်ကပတ်တော်ပဲ ဖြစ်ပါသည်။ထိုသို့သောအရာက ဘုရားသခင်သည် သူ့ကိုယ်သူ သူ့ရဲ့ရန်သူ အယောက်စီတိုင်း အပေါ်၌အပြတ်သာသည် ဆိုတာကို အစဉ်အမြဲ သက်သေ ထူမယ် ဆိုတာကိုသိစေတဲ့ အတွက်ကြောင့်ပဲဖြစ်ပါသည်။ မြင်ရတာ ဘယ်လောက်ပဲဆိုးဆိုး ရန်သူတွေ ဘယ်လိုပဲ ရောက်လာပါစေ မြင်ရတာခင်ဗျား ကျဆုံးစရာအကြောင်း ရှိသည်လို့ ၊ ဘယ်လိုပဲ မြင်ရပါစေ ၊ ကိစ္စမရှိပါဘူး။ယုံကြည်ခြင်းက သိရဆဲဖြစ်ပါသည်။

93 ၉၃။ အခုခင်ဗျားတို့ မကျန်းမမာတဲ့ လူတွေဆီကို ၊ အို ဒီအိမ်ကို ကျွန်တော် ဘယ်လောက်ကားမောင်း သွားလို့ရပါသနည်း။ ခင်ဗျားတို့ အနာရောဂါ ငြိမ်းသွားမယ်ဆိုတဲ့အဲ့လိုယုံကြည်ခြင်းကို ခင်ဗျားတို့ မိသွား တဲ့အခါမှာ အဖြစ်အပျက်တိုင်းက ၊အရာရာတိုင်းက ၊ နိမိတ်လက္ခဏာတိုင်းက ၊ ရောဂါလက္ခဏာများက ခင်ဗျား သေတော့မယ်လို့ထောက်ပြနေရင်လည်း ခင်ဗျား ရွေ့လျားမှု မပြုပါနှင့်။

ခိုလှုံစရာနေရာကတော့ ဘုရားသခင်၏နှုတ်ကပတ်တော်တည်ရာ သန့်ရှင်းရာဌာနတော်၌ တည် တော်မူပါတယ်။ ယုံကြည်ခြင်းရှိတဲ့အခါစစ်မှန်သော ယုံကြည်ခြင်းကိုယ်တိုင်က အဲဒီ့မှာတည်တာ ဖြစ်ပါ သည်။ အခု ယုံအောင် -လုပ်ထားတာ မဖြစ်စေပါနှင့် ___ယုံကြည်တာ ဖြစ်စေပါ။ မျှော်လင့်တာ မဟုတ် ပါစေနှင့် ___ ယုံကြည်တာ ဖြစ်ပါစေ။ဒီနေရာက ထွက်လာတဲ့ မျှော်လင့်ခြင်းက အဲဒီ့မှာ ရှိတဲ့အရာကို မျှော်လင့်သောအရာဖြစ်ပါစေ။ ယုံကြည်ခြင်းကို အစကတည်းက အထဲမှာ ထည့်ထားပါ။ ကြည့်ရှု၍ ‘ အဲ့ဒါက အမှုပြီးပြီ ’ ဟု ဆိုလိုက်ကြပါ။ အဲ့ဒါက ယုံကြည်ခြင်းပဲဖြစ်ပါသည်။ အဲဒီ့ယုံကြည်ခြင်း ရှိတဲ့နေရာ က အဲ့လိုခိုလှုံစရာနေရာကို ဖြစ်စေပါသည်။ဘုရားသခင်က ဘယ်တော့မှ ဖြစ်စေမှာ မဟုတ်လို့ အဲ့ဒါက သိတဲ့အတွက်ကြောင့် ဖြစ်ပါသည်။ဘယ်တော့မှ ရန်သူကို သူ့ရဲ့ထိပ်ဘက်မှာ စီးနင်းခွင့်ပြုမှာ မဟုတ်ပါ ဘူး။ ကိုယ်တော်ကဘယ်တော့မှ အဲ့လိုဖြစ်စေမှာ မဟုတ်ပါဘူး။ ယုံကြည်ခြင်းက ထိုသို့သောအရာကိုသိကျွမ်းမှု ရှိပါသည်။ ဒါကြောင့် ကြည့်ရတာဘယ်လိုကိစ္စပဲဖြစ်ဖြစ် ပဋ္ဌါနမကျတော့ပါဘူး ......

နောဧကြီးဟာ သင်္ဘောဟာ ရေပေါ်မှာမျှောပါခြင်းရှိမယ် ဆိုတာကို သိနေခဲ့ပါသည် ___အသေ အချာ လုပ်ဆောင်မှု ပြုခဲ့ပါသည်။ ဘုရားသခင်က ခြင်္သေ့ရဲ့ပါးစပ်ကိုပိတ်နိုင်တယ်ဆိုတာ ဒံယေလ သိနေခဲ့ပါသည်။ ဘုရားသခင်က မီးတွေကိုရပ်တန့်ပစ်နိုင်တယ်ဆိုတာ ဟေဗြဲသားသမီးတွေ သိနေခဲ့ပါ သည်။

94 ၉၄။ ဘုရားသခင်ကသူ့ကို တဖန် ထမြောက်စေမယ်ဆိုတာ ယေရှု သိနေခဲ့ပါသည်။ ဘာဖြစ်လို့လဲဆို ရင်နှုတ်ကပတ်တော်က ‘ ငါသည်သူ၏ဝိဉာဉ်ကို ငရဲ၌ချန်ထားခဲ့မည်မဟုတ် အကျင့်ပျက်ခြင်းကို တွေ့ မြင်ရန်အလိုငှါငါသည် ငါ၏သန့်ရှင်းသူတစ်ဦးကို ဒုက္ခခံစေရမည်ဖြစ်သည် ’ ဟု မိန့်တော်မူခြင်းကြောင့် ဖြစ်ပါသည်။ကိုယ်တော်ဟာ ဖောက်ဖျက်ခြင်းအရာ၌ ခုနှစ်ဆယ့် - နှစ်နာရီ ကျရောက်မယ်ဆိုတာ သိနေခဲ့ပါသည်။ ကိုယ်တော်ဟာ ‘ သုံးရက်အတွင်းငါသည် တဖန် ထမြောက်မည် ’ ဟုမိန့်တော်မူခဲ့ပါသည်။

မြင်ရမှာက ထိုအရာက ဘုရားသခင်၏နှုတ်ကပတ်တော်ဆိုတာ သန့်ရှင်းရာဌာန၌ ထာဝရ ခိုလှုံ စရာနေရာ ဖြစ်စေသည် ဆိုတာကိုပါ။ အဲဒီ့မှာ အဲ့ဒါက စိုက်နေပါသည်။

95 ၉၅။ အကြောင်းပြချက်ကအသိအမှတ်ပြုဖို့ အဲဒီလို အကောင်းဆုံးအရာကို ကြိုးစားမှုပြုပါမည် ..... ကောင်းပါပြီ။ ‘ဒီစနစ်က ပိုမိုကောင်းမွန်စေဖို့ အနားသတ်ပေးပါသည်။ ဒါက အဲဒါပါပဲ။ ’ အဲဒါက ပို ကောင်းသလို မြင်ရတာကခင်ဗျားတို့ဟာ ဉာဏ်နှင့်ဆိုင်သော စိတ်သဘောဖြင့် ကြည့်ရှုလို့ပဲ ဖြစ်ပါသည်။

ခင်ဗျားက ဆင်ခြင်တုံတရားတွေကိုသက်သေထူနိုင်ပါသည်။ ဒါပေမဲ့ ခင်ဗျားတို့ဟာ ယုံကြည်ခြင်းကို တော့သက်သေမပြနိုင်ကြပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ခင်ဗျားက အဲဒါကို သက်သေပြနိုင်တယ်ဆိုရင်အဲဒါက ယုံကြည်ခြင်းကို အချိန်ကြာကြာခံစေမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ယုံကြည်ခြင်းဆိုတာကတော့ နှုတ်ကပတ်တော်နှင့် ဂတိတော်ကို ဆိုခြင်းသာ ဖြစ်ပါသည်။ အဲဒါကို ကြည့်ရတာခင်ဗျား မမြင်ရတဲ့အရာ လိုမျိုး ဖြစ်ပါတယ် .... ‘ ယုံကြည်ခြင်းဟာ မမြင်ရသော အရာတို့ကို သိမှတ်စွဲလမ်းသည့်အကြောင်း အရာများ ဖြစ်ပါသည်။ ’ခင်ဗျား အဲဒါကို အကြောင်းပြလို့ မရနိုင်ပါဘူး၊ အဲဒါက ဘယ်လိုအမှုပြုမည်ဟုကျွန်တော် သက်သေမပြနိုင်ပါဘူး။ ဘယ်လိုဖြစ်လာမယ်ဆိုတာ ကျွန်တော် မသိပါဘူး။ အဲဒါကိုကျွန်တော် မသိပါဘူး။ ဒါပေမဲ့ အဲ့ဒါကို ကျွန်တော် ယုံကြည်ပါသည်။ ဒါကြောင့်အဲ့လိုဖြစ်တယ် ဆိုတာကို ကျွန်တော် သိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဘုရားသခင်မိန့်တော်မူခြင်းကြောင့် ဖြစ်ပါသည်။ အဲဒါက အဲဒါကို သက် ရောက်စေပါတယ်။ အဲဒါကဒါကိုအမှန်လို့ ကျွန်တော် သိထားတဲ့အရာပဲ ဖြစ်ပါတယ်။

နှုတ်ကပတ်တော်၏ ဖြောင့်မတ်ခြင်းကိုကျွန်တော် သိပါသည် ! သတင်းစကားက အမှန်ဆိုတာ ကို ကျွန်တော် သိပါတယ်။ အဲဒါကနှုတ်ကပတ်တော်၌ ရှိတဲ့အတွက်ကြောင့် ဖြစ်ပါသည်။ အဲဒါကို သက် သေထူမည့် အရာအကြားမှာအသက်ရှင်တော်မူသော ဘုရားသခင်က ရွေ့လျားဆိုတာကို ကျွန်တော် မြင်ရပါတယ်။

ကျွန်ုပ်တို့ဟာ ထွက်မြောက်ခြင်း၌ရှိနေကြပါသည်။ အသေအချာ အမှန်အကန်ပဲ ဖြစ်ပါသည်။

96 ၉၆။ သေခြင်းကိုယ်တိုင်ကပင်လျှင်ယုံကြည်ခြင်းကို တုန်လှုပ်စေနိုင်ခြင်း မရှိပါဘူး။ သေခြင်း၏မျက် မှောက်၌ လူတစ်ယောက်ဟာအမှန်တကယ် ရပ်တည်မှု ပြုရပါမည်။ ပြီးရင်တော့ ရှင်ပြန်ထမြောက်ခြင်း ၏အောင်မြင်မှုကို အော်ဟစ်မှုပြုမည် ဖြစ်ပါသည်။

ပေါလုက .....‘ အို ၊ သေခြင်း သင်၏ဆူးတောင်က အဘယ်အရပ်မှာနည်း ? သင်္ချိုင်းတွင်း သင် ၏အောင်မြင်ခြင်းက အဘယ်အရပ်မှာနည်း ? ’ အဘယ်ကြောင့်ဆိုသော်ခရစ်တော် ရှင်ပြန်ထမြောက် တော်မူခြင်းကြောင့် ဖြစ်ပါသည်။ ခရစ်တော်၌တည်သောထိုသို့သော အရာသည် ဆက်လက်၍ သူ၏ကြွ လာတော်မူခြင်း၌ သူနှင့်အတူ ရောက်ရှိလာမည့်အရာဖြစ်ပါသည်။ ကြည့်ပါ ___ အဲ့ဒါကိုပြောင်းလဲလို့ မရနိုင်ပါဘူး။ ဟုတ်ပါတယ်။ ယုံကြည်ခြင်းက ဘုရားသခင်၏ နှုတ်ကပတ်တော်သန့်ရှင်းရာဌာနတော် ထာဝရတည်သော ခိုလှုံရာစရာအရပ်ကို ဖြစ်ပေါ်စေပါသည်။ ထိုအရာကဘုရားသခင်၏ နှုတ်ကပတ် တော်၌ တည်တော်မူပါသည်။

တဖန် သတိပြုပါ ........

97 ၉၇။ အခုကျွန်တော်တို့ ခပ်ကြာကြာလေး သွားထားခဲ့ပြီး ဖြစ်ပါသည်။ နှစ်ဆယ့် - ငါး မိနစ်လောက်ရှိပါပြီ။ ခင်ဗျားတို့ စိတ်မရှိကြဘူးဆိုရင်ပါ။ ကျွန်တော် ဒီတိပ်ခွေကိုမိနစ်ပိုင်းလောက် ဆက်ထားလို ပါသည်။

သတိပြုပါ။ ဘုရင်ပါ။ ယောသပ်ကိုမသိတဲ့ဘုရင်အသစ်တစ်ပါး ပေါ်ထွန်းလာခဲ့ပါသည် ____ပထမတော့ သူ့ရဲ့အကြံအစည်ဟာ ဣသရေလတို့၏ တန်ခိုးကို ဖျက်ဆီးပစ်ဖို့ မဟုတ်ပါလား ? ___ သူ တို့၏သားမြေးများကိုပါ ဖြစ်ပါသည်။ အဲ့ဒါမမှန်ဘူးလား ? သူဟာ သူတို့၏သားမြေးများကို ဖျက်ဆီးဖို့ ကြိုးစားမှုပြုခဲ့ပါသည်။ အခု သေသေချာချာ နားဆင်ပါ။

ဘုရင်ဆိုတဲ့ ခြားနားတဲ့ပုံစံတစ်ခု၌ရှိသည့် ပြောင်းလဲခြင်းမရှိသော နတ်ဆိုးသည် ဘုရားသခင်၏ တစ်ပါးတည်းသောသားတော်ကို ဖျက်ဆီးဖို့ရာ ကြိုးစားခဲ့ပါသည်။ မြင်ကြပါ။ ကနဦး ဣသရေလ သား မြေးတို့၏သုတ်သင်ပယ်ရှင်းခြင်း ခံရစရာအကြောင်း ရှိခဲ့ပါသည်။ သူတို့အစပြုမှု တစ်ခုကိုမလုပ်ရသေး တဲ့ အချိန်မှာ ဖြစ်ပါသည်။ နတ်ဆိုးဟာ တကယ့်ကိုမှတော်ပြီး ကောက်ကျစ်တဲ့ငှက်တစ်ကောင် ဖြစ်ပါသည်။ အဲ့ဒါမစခင် ဘယ်လိုရိုက်ရမယ်ဆိုတဲ့ အကြောင်းကို သူသိနေပါတယ်။သူ အဲ့ဒါကို သိတယ်ဆို တာ မြင်ကြပါ။ ခင်ဗျားတို့ သူ့ကို အမြဲတစေ ရိုက်ထုတ်လို့ရမည့်တစ်ခုတည်းသော နည်းလမ်းက ခရစ် တော်အပေါ်၌ ယုံကြည်စိတ်ချခြင်းရှိဖို့နှင့်ခင်ဗျားတို့ကိုယ်ကို နှိမ့်ချခြင်းရှိဖို့ပဲ ဖြစ်ပါသည်။ ခင်ဗျားကို ကိုယ်တော်အားဦးဆောင်မှု ပြုစေရပါမည်။ အဲ့ဒီနည်းလမ်းကလွဲရင် ခင်ဗျား အခြားနည်းလမ်းကို လုံးဝလုပ်ဆောင်လို့ရမှာ မဟုတ်ပါဘူး။

ခင်ဗျားရဲ့ ဉာဏ်ပညာပိုင်းနှင့်စပ်ဆိုင်သော အစွမ်းသတ္တိက အဲ့ဒါကို လုံးဝလုပ်လို့ရမှာ မဟုတ်ပါ ဘူး။ ခင်ဗျားတို့ယုံကြည်ခြင်း ရှိရပါမည်။ အခု ကိုယ်တော်ပေါ်မှာ ယုံကြည်စိတ်ချမှု ရှိရပါမည်။ ကိုယ်တော်က သိုးထိန်းဖြစ်ပါသည်။ ဝံပုလွေကို အဝေးကို ရောက်စေဖို့က သိုး၏အလုပ်မဟုတ်ပါဘူး။ အဲ့ဒါက သိုးထိန်း၏အလုပ် ဖြစ်ပါသည်။ သိုးက လုံခြုံစိတ်ချရစွာနေထိုင်ဖို့ရာ သိုးထိန်း၏ အစီအမံနှင့်အတူ နေထိုင်ရမည် ဖြစ်ပါသည်။ အဲ့ဒါကတော့ကျွန်တော့်ရဲ့ လုံခြုံစိတ်ချရတဲ့ ဇုန်နေရာပဲ ဖြစ်ပါသည်။ ခရစ်တော် ၌တည်တဲ့ အရာကပါခရစ်တော်ဆိုတာက နှုတ်ကပတ်တော်ပဲ ဖြစ်ပါသည်။ အဲ့ဒါက လုံခြုံစိတ်ချရတဲ့ဇုန်ပဲဖြစ်ပါသည်။

98 ၉၈။ သတိပြုပါ။ရမ်းစီးဆိုတဲ့ ဘုရင်၏ပုံစံ၌ နတ်ဆိုးရှိနေပါသည်။ သူလုပ်တဲ့ ပထမဆုံးအရာက ဇာတိ သဘောသေခြင်းဆိုတဲ့ တစ်ခုသော အရာနှင့်အတူ သားမြေးတို့ကို သုတ်သင်ပယ်ရှင်းမှုပြုဖို့ပဲဖြစ်ပါ သည်။ မကြာခင်မှာတော့ ဘုရားသား မွေးဖွားလာခဲ့ပါသည်။ သူဟာ အီဂျစ်ပြည်ကရွှေ့လျားခဲ့ရပါသည်။ ဘာဖြစ်လို့လဲဆိုရင် ဘုရားသခင်က အီဂျစ်ပြည်ကို ဖျက်ဆီးမှာဖြစ်လို့ပါပဲ။ ကျိန်ဆဲမှုပြုလို့ပဲ ဖြစ်ပါသည်။ အဲ့ဒီကတည်းက လုံးဝပြန်ရောက်စရာအကြောင်းမရှိပါဘူး။

အဲ့ဒီနောက် သူဟာရောမကို ရောက်ခဲ့ပါသည်။စာတန်က သူ့ရဲ့ထိုင်စရာနေရာကို ရောမမြို့သို့ ရွှေ့ခဲ့ပါသည်။ ပထမအချက်က ရောမမြို့သည်ထိုသို့သောအရာ အလုံးစုံကို ဖျက်ဆီးမှုပြုစရာအကြောင်း ရှိခဲ့ပါသည်။ သေချာစေဖို့က ...... အဲ့ဒီရောမမြို့၏ စနစ်၌ရှိသော နတ်ဆိုးက ဖျက်ဆီးဖို့ရာကြိုးစားခဲ့ သည့်အရာက ဘာဖြစ်ပါသနည်း ?____ ဘုရားသားတော်၏ အစပြုခြင်းနှင့်အတူ ပြောင်းလဲခြင်းမရှိ သော နတ်ဆိုးရှိခဲ့ပါသည်။

ဒီကနေ့ သူဟာ ပြောင်းလဲခြင်းမရှိသောအမှုကို လုပ်ဆောင်မှုပြုနေပါသည်။ ဝိညာဉ်လက္ခဏာ အောက်မှာ ဖြစ်ပါသည်။ အခု ဘာသာတရားဆိုင်ရာတွေ ရှိပါသည်။ခရစ်ယာန်ဟု အတိအလင်း ကြေငြာ မှု ပြုနေကြပါသည်။ ကျွန်ုပ်တို့၏ သမီးတွေကိုခေါ်ပြီးကယ်လ်သိုလစ် ကောင်လေးတွေနှင့် လက်ထက်စေ ပါသည်။ တစ်ဘက်ကတန်ခိုးကို ဖြိုခွဲဖို့သူတို့ရဲ့ ကယ်လ်သိုလစ် သားသမီးတွေကို သူတို့အား ဖြစ်ပွားစေပါသည်။ အဲ့ဒါက ခင်ဗျားဆိုတဲ့နတ်ဆိုးပဲ ဖြစ်ပါသည်။ အဲ့ဒီက ခင်ဗျားတို့ရဲ့ နတ်ဆိုးက တောင်တန်းခုနစ် လုံးအပေါ်မှာ ထိုင်ပါသည်။ သုံးခွရှိသော သရဖူကို ဆောင်းထားပါသည်။ အခုကျွမ်းကျင်လိမ္မာမှု ရှိပါ သည်။ တီထွင်မှု ရှိပါသည်။ တော်ပါသည်။ မြွေကဲ့သို့လိမ္မာမှု ရှိပါသည်။ စာတန်၏ မျိုးစေ့ပဲ ဖြစ်ပါသည် ___ သူ့ရဲ့သားသမီးပဲ ဖြစ်ပါသည်။ ပြောင်းလဲခြင်း မရှိသောအသိဉာဏ်နှင့်ဆိုင်သော နည်းလမ်းတွေ ရှိပါသည်။

ကြည့်ပါ။

99 ၉၉။ အဲ့ဒီနောက်အခြားသော အချိန်နာရီနှစ်ခု၌ သူတို့ဟာ သားမြေးတို့ကို သတ်ဖြတ်မှု ပြုခဲ့ပါသည်။သူတို့က သားမြေးတို့ကို ဘာနဲ့သတ်ခဲ့တာပါလဲ ?နှစ်ချိန်လုံးမှာပါ ....... အခု မှတ်ထားကြပါ။ အဲ့ဒီနှစ်ချိန် ကိုစောင့်ကြည့်ပါ။ အဲ့ဒီနောက် သုံးခုရှိလာပါမည်။ ပထမနှစ်ချိန်က သူသည် သားမြေးတို့ကိုဇာတိပကတိ သေခြင်း သဘောဖြင့် သတ်ခဲ့တာ ဖြစ်ပါသည်။ ဒီနောက်ဆုံး အချိန်ကတော့ သူဟာသားသမီးတွေကို ခေါ်လာပြီး ဝိညာဉ်သဘော သေခြင်းဖြင့် သူတို့ကို သတ်ဖြတ်မှုပြုခြင်းဖြစ်ပါသည် ___ ဆောင်နှင်းမှု ပြုပါသည်။ ရောယှက်၍ - ထိမ်းမြားဆောင်နှင်းပေးလိုက်တာ ဖြစ်ပါသည်။

သံနှင့်မြေကြီးရောသော နန်းဆက်၌တူညီသောအမှု ဖြစ်မည်ဟု ဒံယေလ မပြောခဲ့ဘူးလား။ အခြားလူတွေနဲ့ စွမ်းအားကိုဖြိုခွဲဖို့ရာ သူတို့ဟာ သူတို့ရဲ့ မျိုးစေ့တွေကို ရောနှောဖို့ ကြိုးစားမှု ပြုကြပါသည်။ သူတို့လုပ်တဲ့ အဲ့ဒီအရာက ဘာဖြစ်ပါသနည်း ? အခု သူတို့ဟာ အဲ့ဒီလို ဖြစ်နေကြတုန်းပါပဲ ____ အထဲမှာ သူတို့ဟာသမ္မတတစ်ယောက်ကို ရထားကြပါသည်။ အခု နောက်တစ်ခု ခင်ဗျားတို့မှာ လုပ်စရာအကြောင်းရှိတဲ့ ကိစ္စကတော့ အထဲမှာ ပုပ်ရဟန်းမင်းကြီးကိုထည့်ဖို့လို့ပဲ ဖြစ်ပါသည်။ အစိုးရအဖွဲ့ တစ်ခု လုံးမှာ ထည့်ထားဖို့ပဲ ဖြစ်ပါသည်။အဲ့ဒီနောက် ခင်ဗျားတို့မှာ ဘာကိုဆက်လုပ်စရာအကြောင်း ရှိကြပါ သနည်း ?

100 ၁၀၀။ နောက်တစ်ခုသူတို့လုပ်ရမှာက သူတို့ဟာ သူတို့ရဲ့ ငွေတွေကိုယူပြီး ယူနိုက်တတ်စတိတ်ရဲ့အကြွေးတွေကို ပေးပစ်လိုက်ဖို့ပဲ ဖြစ်ပါသည်။ အသင်းတော်ကနေ အဲ့ဒါကို ချေးယူတာဖြစ်ပါသည်။ အဲ့ဒီ နောက်မှာတော့ ခင်ဗျားတို့က ရောင်းထုတ်လိုက် ကြပါမည်။ အခု ဒီကနေ့ကျွန်ုပ်တို့ ရှင်သန်နေကြ ရတာ က လွန်ခဲ့သော အနှစ်လေးဆယ်လောက်ကတည်းက မပေးရသေးသည့်အခွန်ငွေနှင့် အဲ့ဒီလိုမျိုး နိုင်ငံခြား အကြွေးတွေကို ပေးချေရမည့် နေ့ရက်မှာရှင်သန်နေကြရတာ ဖြစ်ပါသည်။ ကျွန်တော်တို့မှာ ပိုက်ဆံ လည်း မရှိပါဘူး။ ဒါပေမဲ့အသင်းတော်မှာတော့ ပိုက်ဆံရှိပါသည်။ သမ္မာကျမ်းစာက အသင်းတော်သည်ရွှေဖြင့်မွမ်းမံမည်ဟု မပြောဘူးလား ....... အို ကျွန်တော် ! ဒါပေမဲ့ ခင်ဗျား ....... အဲ့ဒီအတိုင်း အဲ့ဒါက လုပ်ဆောင်မည်ကို မြင်ကြပါ။

ခင်ဗျားတို့ရဲ့ သမီးများကိုဆောင်နှင်းမှု ပြုကြပါသည်။ ခင်ဗျားတို့ရဲ့ သမီးများဟာ ခင်ဗျားတို့ရဲ့ သားများနှင့်ဆောင်နှင်းမှု ပြုကြပါသည်။ ခင်ဗျား သားသမီးတွေဟာ ကယ်လ်သိုလစ်များ ထွက်ပေါ်လာပါသည်။ အတိအကျပါပဲ ___ ဝိညာဉ်ရေးရာအရသူတို့ကို သတ်ဖြတ်မှုပြုမှာ ဖြစ်ပါတယ်။ သမ္မာကျမ်းစာ က သူဟာ သူမကို လောက၏မွေ့ယာတစ်ခုဆီ ပစ်ထည့်၍ သူ၏သားသမီးတို့ကို ဝိညာဉ်သဘော သေ ခြင်း၌ သတ်ဖြတ်မှု ပြုမယ်လို့မပြောခဲ့ဘူးလား ___ ဗျာဒိတ် -၁၇ ကို ___ မြင်လား ?

အဲ့ဒါက အစဉ်အမြဲ နှုတ်ကပတ်တော်ဖြစ်ပါသည်။ ခင်ဗျား ဘယ်သွားလဲဆိုတာကို ကျွန်တော် ဂရုမစိုက်ပါဘူး။ အဲ့ဒါကနှုတ်ကပတ်တော်၌ တည်နေဆဲ ဖြစ်ပါသည်။ အဲ့ဒါက ရုပ်ပုံ၌ မှန်မှန်ကန်ကန် တပ်ဆင်မှုပြုစရာအကြောင်း ရှိပါသည်။ အဲဒီ့လို မဟုတ်ဘူးဆိုရင်ပါ။ အဲ့ဒါက နှုတ်ကပတ်တော် မဟုတ်ပါဘူး။ အဲ့ဒါက နှုတ်ကပတ်တော် မဟုတ်ပါဘူး။ ခင်ဗျားက ထိုအရာကိုနှုတ်ကပတ်တော်အားဖြင့် နည်းလမ်းအလုံးစုံဖြင့် သွားအောင် မလုပ်နိုင်ဘူးဆိုရင်အဲ့ဒါက မှားပါသည်။

101 ၁၀၁။ ကြည့်ပါ။ဒီအချိန်နာရီ အတောအတွင်း ဘုရားသခင်သည် သူ့ရဲ့အလုပ်ကို လုပ်ဆောင်မှုပြုရန် သူ့ရဲ့အစေခံကို သင်ကြားပေးတော်မူခဲ့ပါသည်။ သူတို့ရဲ့ မြင်ကွင်းထဲကနေ သူ့ကိုထုတ်၍သင်တန်းပေးတာ ဖြစ်ပါသည်။ သူတို့ရဲ့ အစီအစဉ်တွေ သူတို့ရဲ့ အချိန်ဇယားတွေကနေထုတ်ပြီးသူ့ကိုသင်တန်းပေးတာ ဖြစ်ပါသည်။ ( ခင်ဗျားတို့ အဲ့ဒါကို မိပါသလား ? ) သူတို့ရဲ့အဖွဲ့အစည်း စနစ်ကနေ ထွက်ခွာမှု ပြုရပါ သည်။ ဘုရားသခင်က သူ့ရည်ရွယ်ချက်အတွက်လူတစ်ယောက်ကို သင်တန်းပေးပါသည်။ အခု သူက အဲ့ဒါကို ဆက်လက်၍ ခွင့်ပြုပေးထားပါသည်။

သူ့ကိုထိမ်းမြားစေ၍ သူ့ဇနီးနှင့်သားသမီးတွေကို ရစေပါသည်။ ကလေးကတော့ ဂါရှုံဖြစ်ပါသည်။ သူဟာ လုပကောင်းမွန်တဲ့အသက်တာတစ်ခုမှာ ရှင်သန်ရပါသည်။ အဲဒီ့ကနေ ထွက်ခွာတဲ့သူကို ကောင်း ကြီးပေးထားပါသည်။ဒါပေမဲ့ တစ်ချိန်လုံး သူ့ကို အဆင်သင့် ပြင်ထားစေပါသည်။ သူ့ကို သင်တန်းတတ်ခိုင်းထားပါသည်။

102 ၁၀၂။ ဘုရားသခင်နှင့်သူ့ရန်သူက အဲဒီ့နောက် ဇာတိသဘော၌ အလုပ်လုပ်ခဲ့ ကြပါသည်။ အခု ဘုရား သခင်နှင့်သူ့ရန်သူဟာ ဝိညာဉ်သဘော၌ အလုပ်လုပ်စရာအကြောင်း ရှိနေပါသည်။

သူတို့က သူတို့ကို ဇာတိသဘောသေခြင်းနှင့် သတ်ဖြတ်မှု ပြုကြပါသည်။ အခု ဝိညာဉ်သဘော သေခြင်းနှင့် အတူရှိမည်ကိုမြင်ကြပါ။ ဘုရားသခင်က ဇာတိပကတိရှိသော လူတစ်ယောက်ကို အသင့် ဖြစ်စေပါသည်။သူ့ရဲ့ပရောဖက်ကိုပါ။ အီဂျစ်ပြည်သို့ သွားခိုင်းပါသည်။ စာတန်ကတော့ ရမ်းစီးဆိုတဲ့သူ့ရဲ့ဇာတိပကတိ လူသားတစ်ယောက်ကို အဆင်သင့် ပြင်ထားပါသည် ____ ဇာတိသန်သော လူသားတစ်ယောက်ကို အသင့်ပြင် ထားစေပါသည်။ ဘာဖြစ်ပါသလဲ ? သတ်ဖြတ်ဖို့နှင့် အီဂျစ်သားတို့နှင့် ဟေဗြဲ သားတို့ကိုအတူတကွ ပေါင်းစည်းမှုပြုဖို့ပဲ ဖြစ်ပါသည်။ သူ့ကို ကျွန်ခံလာသည်အထိ လုပ်ဆောင်မှုပြုတာ ပဲ ဖြစ်ပါသည်။

အဲ့ဒါ ဘာဖြစ်လို့လဲဆိုရင် အဲဒီ့လိုကိစ္စကိုထောက်ပြနိုင်မည့် ပညာရေးစနစ်ကို ဆန့်ကျင်ဘက်ပြု သည့် ဆင်ခြင်တုံတရားမျိုးရှိသည့်စိတ်သဘောထားဖို့က သိပ်ခက်လို့ပဲ ဖြစ်ပါသည်။ စိတ်သဘောတွေ က ပညာရေးဆီကိုပဲအမြဲသွားနေကြလို့ ဖြစ်ပါသည်။ ဉာဏ်ပညာနှင့် ဆင်ခြင်တတ်သော စိတ်သဘော ကထိုအရာကိုပင်လျှင် မဖြစ်နိုင်တော့ပါဘူး။

103 ၁၀၃။ စီစဲဒီမေးလီ၏ ‘ ပညတ်တော်ဆယ်ပါး ’ ကို ခင်ဗျားတို့ မြင်ဖူးပါသလား ? ခင်ဗျားတို့ အများကြီး မြင်ဖူးမယ်လို့ကျွန်တော် ထင်ပါသည်။ ဆက်ပြီးတော့ ရုပ်ပုံကားချပ်က ပြနေတာကို ဒီလိုအားလုံး အပြည့်အသိပ် သွပ်သွင်းထားတာကို ကျွန်တော် မယုံကြည်ပါဘူး။ ဒါပေမဲ့ အဲဒီ့လိုဆိုရင်ကျွန်တော်ဟာ အသင်း တော်က ဘယ်သူကိုမဆို ချီးမွမ်းပြောဆိုပေးမှာ ဖြစ်ပါတယ် ........ တကယ်လို့ သူတို့မှာ ဘာမှမရှိပေမဲ့ အဲ့ဒါရှိတယ်ဆိုရင်အဲ့ဒါကို မြင်ချင်ပါသည်။ သူတို့ အဲ့ဒါကို မြင်လိုတယ်ဆိုရင် အဲ့ဒါက အမှန်တကယ် ဖြစ်လာပါမည်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော် ခွင့်မပြုလို့ ဖြစ်ပါသည် ....... ပထမ ကျွန်တော်ရဲ့ တချို့ ညီ အကိုတွေ သွားရောက်မှုပြုခဲ့ကြပါသည် ;
သူတို့ရောက်လာပြီးကျွန်တော့်ကို ပြောပြကြပါသည်။ နှစ်များ စွာ ကျွန်တော် အဲဒီ့နားမှာ မရှိခဲ့ပါဘူး။နောက်ဆုံး ကျွန်တော် ဒီကိုဆင်းချလာပါသည်။ အဲ့ဒါက ဒီလို မောင်းထည့်လိုက်တဲ့အခါကျွန်တော် အဲ့ဒါကို ကြည့်ရှုမှု ပြုခဲ့ပါသည်။ ဘာဆိုတာကို ကျွန်တော် မြင်ခဲ့ရပါသည်။ အဲဒီ့နောက် ကျွန်တော် အသင်းတော်သို့ ‘အဲ့ဒါကို ခင်ဗျားတို့သွားရောက် ကြည့်ရှုချင်တယ်ဆိုရင် အဲ့ဒါမှန်တယ် ’ လို့ ပြောကြားခဲ့ပါသည်။

အဲဒီ့လို ချစ်ဖို့ကောင်းပြီး လှလှပပရှိခဲ့ပါသည်။

104 ၁၀၄။ အဲ့ဒါကနတ်ဆိုး၏ မည်သို့သော လှည့်စားမှု ဖြစ်ပါသလဲ။ သူဟာ အဲဒီ့မှာ ဘယ်လောက် ပါးနပ်လိုက်ပါသနည်း။ သူဟာ အဲဒီ့မှာ အဲဒီ့သားသမီးတို့ကို သတ်ဖြတ်ဖို့ရာ ရွေ့သွားခဲ့ပါသည်။အဲ့ဒါကို ကောက်သိမ်းဖို့ ဘယ်လိုအသိဉာဏ်နှင့်ဆိုင်သော စိတ်သဘောမျိုး ဖြစ်ပါသလဲ။ သူတို့ အဲ့ဒါကို မြင်နိုင် တယ်ဆိုရင် အဲ့ဒါကို ယုံကြည်ကြပါသည်။ အဲ့ဒါကအကျိုးအကြောင်း ဆီလျော်မှုလည်း ရှိပါသည်။

အို ၊ ဘုရားသခင် ဒီပရောဖက်ကိုတစ်ချိန်လုံး မည်သို့သင်တန်းပေးခဲ့ပါသနည်း။ ပြီးတော့ အီဂျစ် တွေက နိုင်ငံရေးမှာဘယ်လိုသင်တန်းပေးခဲ့ကြပါသလဲ။ ဒီရမ်းစီးကိုပါ ဖြစ်ပွားစေဖို့ပါ။ အဲဒီ့နောက် တစ်နေ့မှာတော့ ကြီးမားတဲ့ ပြိုင်ပွဲကြီးဟာ ဉာဏ်ပညာနှင့် ဝိညာဉ်ရေးရာ တန်ခိုးအကြားတွင်ထွက်ပေါ်လာ ခဲ့ပါသည်။

ရမ်းစီးကတော့ သူ့ရဲ့ဘုရားများနှင့်အတူရှိနေခဲ့ပါမည် ____ အဲဒီ့မှာထွက်ပြီးမတ်တပ်ရပ် နေခဲ့ပါမည်။ နိုင်းမြစ်ရဲ့ နတ်ဘုရားများကို ကောင်းကြီးပေးဖို့ရေကိုလောင်းချလိုက်ပါမည်။ ဘုရားသခင်ကတော့ သူ့ကို ရိုက်ပစ်ခဲ့ပါသည်။ သူ့ဆီကနေသွေးတို့ကို ပန်းထွက်လာစေ ခဲ့ပါသည်။ အို ၊ အဲ့ဒါက ရိုက်တာလို့ ကျွန်တော် ထင်ပါသည်။မြင်ရပါသည်။ ဘာဖြစ်လဲဆိုတာကို မြင်ရပါမည်။

အို

105 ၁၀၅။ အခုစောင့်ကြည့်ပါ။ အသိဉာဏ်ပညာက အမြဲတမ်း ___အကျိုးအကြောင်း ဆီလျော်မှု တစ်ခုဆီ သို့ ရောက်သွားတတ်ပါသည်။ အသိဉာဏ်ပိုင်းဆိုင်ရာ ဖြစ်နေတဲ့အတွက် ဝိညာဉ်ရေးရာဘက် အပိုင်းကို မမြင်နိုင်တော့တာဖြစ်ပါသည်။ အို အခြား ဘယ်လိုအချိန်မျိုးမှာမှ သူတို့ဟာ အဲ့ဒါကို အခုလည်းမမြင်နိုင် ကြဘူး ဖြစ်နေကြပါသည်။

သူတို့ဟာ ဧလိယ၏နေ့ရက်ကာလ၌ အဲ့ဒါကိုမမြင်နိုင်ခဲ့ကြပါဘူး။ ဒီလိုမျက်နှာမှာ - အမွေးတွေပေါက်နေတဲ့ မျက်နှာပိုင်ရှင်ပရောဖက်ကြီးကို ဘယ်လိုဖြစ်စေနိုင်ပါသလဲ ___အဲ့လိုတစ်ခုသော အကြောင်းကို ပြောဖို့ရာ ဘုရားသခင်က ကျွန်တော့်ကိုခွင့်လွှတ်ပေးတော် မူပါသည်။ ဒါပေမဲ့ အခု ကျွန်တော် လုပ်တာက ...... ကျွန်တော် ကြိုးစား၍ လုပ်ဆောင်မှုပြုတာကို ဘုရားသခင်သိကျွမ်းတော်မူ ပါသည်။ အဲ့ဒါက အဓိပ္ပါယ်မရှိသလို ဖြစ်ပေမဲ့ ကျွန်တော်နိုင်သလောက်လုပ်ဆောင်မှု ပြုပါသည်။ ဒါ ကြောင့် ခင်ဗျားတို့က ဘုရားသခင်ရဲ့ ဝိညာဉ်တော်ကိုမြင်နိုင်တာ ဖြစ်ပါသည်။ ပေါလု ပြောခဲ့သလိုပါပဲ။ ‘ငါသည် သင်တို့ထံသို့ သွေးဆောင်တတ်သော စကားအရာနှင့်လည်းကောင်း ၊ဉာဏ်နှင့်ယှဉ်သော အရာနှင့်လည်းကောင်း ပြောကြားမှုပြုရန် ရောက်လာခြင်းမဟုတ်။သင်တို့၏စိတ်သဘော ဉာဏ်ပညာ၌ မှန်တိုင်းထန်ခြင်းရှိမည် ဖြစ်သောကြောင့်ပေတည်း။သို့သော် ငါသည် ဒီနေရာသို့ သန့်ရှင်းသောဝိညာဉ် တော် တန်ခိုးဖြင့်ရောက်လာခြင်းဖြစ်၏။ သင်တို့၏ မျှော်လင့်ခြင်းနှင့် ယုံကြည်ခြင်းသည် ခိုလှုံစရာအကြောင်း ရှိမည်ဖြစ်သည်။ သူ၏ဉာဏ်ပညာ၌မဟုတ် ယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းတန်ခိုး၌ တည်မည်ဖြစ်သည်။ ’

106 ၁၀၆။ အဲ့ဒါဘာကြောင့်လဲဆိုရင် အမွေးထူသောမျက်နှာနှင့် ကြီးမြတ်သော ဘုရားသခင်၏ ပရောဖက်ကိုခေါ်ခြင်းအားဖြင့် ဒီလိုလုံးဝမဖြစ်နိုင်တာကို ကျွန်တော်ဟာ အလွန်တရာ မဖြစ်နိုင်သောဒီအလုပ်ကို လုပ်ဆောင်မှုပြုတာပဲ ဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် သူဟာကောင်းမွန်စွာဝတ်ထားတဲ့ ယဇ်ပုရောဟိတ်ဘက်မှာ မတ်တပ်ရပ်၍ ထိတ်လန့်စရာ အကြည့်တစ်ခုနှင့် ကြည့်ကောင်းကြည့်နေနိုင်ပါသည်။ သူ့ ကိုယ်သူ ဘုရားလူလို့ ပြောပါမည်။ သူတို့ကို ကြည့်ပါမည်။ခင်ဗျားတို့ ဉာဏ်သဘော၌တည်သော ထိုယဇ် ပုရောဟိတ်၏ သန့်ရှင်းမှု ဆိုတာကိုမြင်ကောင်းမြင်ရ နိုင်ပါသည်။

ခင်ဗျားတို့ သူခေါင်းပေါ်မှာရှိတဲ့ခေါင်းပေါင်းကို ကြည့်ရှုမှု ပြုနိုင်ပါသည်။ ပတ်ပတ်လည်မှာ ....... ဒီလို သူ့ရင်ဘက်ပေါ်မှာတော့ ဗျာဒိတ်ရင်ဖုံးလိုမျိုးဟာကိုတပ်ထားပါမည်။ ခင်ဗျားတို့ ဘိသိတ်ဆီကို ကြည့်နိုင်ပါသည်။ ( ဇာတိပကတိ သဘောအရပါ )သူ့စကပ်၏အနားစွန်းမှာ အမွေးတွေ တွဲလောင်းကျ နေပါသည်။ ခင်ဗျားတို့ မီးရှို့ရာယဇ်လောင်ကျွမ်းနေတာကို မြင်နိုင်ပါသည်။ အစီအစဉ်တကျ ထုံးထမ်းစဉ် လာများအတိုင်းအလုံးစုံ လုပ်ဆောင်မှုပြုတာကို ခင်ဗျားတို့ မြင်နိုင်ပါသည်။

အခု အဲ့ဒါက ဘာလဲဆိုရင် ဇာတိသဘောကိုသွားရောက်စေတဲ့ အရာပဲ ဖြစ်ပါသည်။ အဲ့ဒါက ဘာလဲဆိုရင် ဒီကနေ့ သူတို့ကြိုးစား၍လုပ်ဆောင်မှု ပြုသောအရာပဲ ဖြစ်ပါသည်။ မျက်စိပါ စိတ်၏တံခါးပဲ ဖြစ်ပါသည်။ ဒါပေမဲ့ခင်ဗျားတို့ မြင်ကြပါ။ အဲ့လိုမျက်စိ၏ အနောက်မှာ ဝိညာဉ်မျက်စိ ရှိပါသည်။ သူတို့ကဒီလိုအမွေးတွေနဲ့ မြင်ရတဲ့ အဲဒီ့မှာ မတ်တပ်ရပ်နေတဲ့ လူအိုကြီးကို ကြည့်နေကြပါသည်။ သူ့ရဲ့ရင်ဘက် မှာလည်း အမွေးတွေနဲ့ ဖြစ်ပါသည်။ သူ့ကိုပတ်ထားတဲ့ သားရေကတော့သိုးသားရေ အပိုင်းကြီးပဲ ဖြစ်ပါ သည်။ သူ့ခါးမှာ ခါးပန်းကို စည်းထားပါသည် ....... ခြေဗလာနှင့် ပိန်ခြောက်ကပ်နေတဲ့ လက်မောင်းတွေ ရှိနေပါသည်။အသားအရေက ဒီလိုမျိုး တွဲကျနေပါသည်။ သူ့မျက်နှာကို အမွေးအဖြူတွေက ဖုံးလွှမ်းထားပါသည်။ သူ့လက်ထဲမှာတော့ လိမ်ကောက်နေတဲ့ တောင်ဝှေးတစ်ချောင်း ရှိပါသည်။ အဲဒီ့မှာမတ်တပ်ရပ် နေပါသည်။ ဒါပေမဲ့ ဝိညာဉ်မျက်စိကတော့ အဲဒီ့မှာ ဘုရားသခင်၏တန်ခိုးရွှေ့လျားနေတာကို မြင်နိုင်ပါ သည်။ ဘာဖြစ်လို့လဲဆိုရင် ထိုအရာကနှုတ်ကပတ်တော်နှင့် အမှန်အကန် ရှိနေလို့ပဲ ဖြစ်ပါသည်။

အသိဉာဏ်က မြင်ရသည့်အရာ မဟုတ်ပါဘူး။ဝိညာဉ်မျက်စိက မြင်ရသည့်အရာ ဖြစ်ပါသည်။

107 ၁၀၇။ ဇာတိမျက်စိကဒီကနေ့ စိတ်အာရုံမှာ ကပ်ညှိစေတဲ့ ဘုရားကျောင်းကို တွေ့မြင်ရပါမည်။ မြို့တော်ဝန်နှင့် မိတ်သဟာယဖွဲ့တာကို မြင်ရပါမည်။ ဘာတွေပဲပိုပြီး ဖြစ်နေပါစေ ___ ဒီလိုဂိုဏ်းဂဏများ ၊အဖွဲ့အစည်းများ၌ ရှိကြပါသည်။ အဲဒီ့လို သေတဲ့အရာကို ပေါ်ထွက်လာစေသောအခါ သူတို့ဟာသန့်ရှင်း သောဝိညာဉ်တော်၏ တန်ခိုးကို ကြည့်ဖို့ရာ ပျက်ကွက်လာ ကြပါသည်။ အနာရောဂါငြိမ်းခြင်းနှင့် ...... ဘယ်လိုလဲဆိုရင် မြင်ရတာက ....... သူတို့ကြည့်ရှုမှု ပြုပါသည် .......သူတို့ဟာ ဟောလိဝုဒ်ကို စောင့် ကြည့်ကြပါသည်။ သူတို့ဟာ လမ်းပေါ်က လူတွေကိုစောင့်ကြည့်ကြပါသည်။

ဒီကနေ့ အမျိုးသမီးများ ထင်ကြပါသည်။ ‘ ဘာဖြစ်လို့လဲဆိုရင် ဒီအမျိုးသမီး ဇူဇီဟာအသင်း တော်မှာ ပါဝင်လို့ ဖြစ်ပါသည်။ သူမဟာ ဆံပင်တိုတိုလေးနှင့် ဖြစ်ပါသည်။ သူမဟာမိတ်ကပ်လိမ်းပါ သည်။ ဒီမြို့က ဘယ်သူမဆို သူ့ကိုကြိုက်ကြပါသည်။ ’ ကျွန်တော်ဟာ ကောင်းကင်အကြောင်းတွေးပြီးအံ့သြနေရပါသည်။ အဲ့ဒါက နှုတ်ကပတ်တော်နှင့် ဆန့်ကျင်ဘက် ပြုစဉ်အခါ ဘုရားသခင်ကအဲ့ဒါကို လက်မှတ်မထိုးပေးနိုင်ပါဘူး။ ကိုယ်တော်က သူ့ကိုယ်သူ ဆန့်ကျင်ဘက်ပြုသည့်ထိုအရာကို လက်မှတ် ထိုးမည်။ သူ့ရဲ့ကိုယ်ပိုင် နှုတ်ကပတ်တော်ကို သူဟာငြင်းပယ်မှုပြုမည်။ အဲဒီ့လို သိရပါသည်။ ဘုရား သခင်က အဲဒီ့လိုမျိုး ဘယ်တော့မှမလုပ်ဆောင်ပါဘူး ! ကောင်းကင်နှင့်မြေကြီး မတည်သော်လည်း ဆံပင်တိုတိုနှင့်အမျိုးသမီးဟာ ဘုရားသခင်၏အမြင်၌ ကျိန်အပ်သောသူ ဖြစ်ပါသည်။ ဒါမှမဟုတ် ယောကျာ်းလေးနဲ့ဆိုင်တဲ့အဝတ်ကို အမျိုးသမီး တစ်ယောက်က ဝတ်မယ်ဆိုရင် ကျိန်အပ်သော အရာ တစ်ခုဖြစ်ပါမည်။

မြင်ကြပါ။ ဝိညာဉ်မျက်စိနဲ့ အဲ့ဒါကိုဖမ်းထားကြပါ။ သူတို့ဟာ နောင်တမလွန်အတွက် အသက်ရှင် ကြရပါမည်။ ဇာတိသဘောကဇာတိအရာများရှိသော နေ့ရက်ကို ဆင်ခြင်၍ ရှင်သန်မှုပြုမှာ ဖြစ်ပါသည်။

108 ၁၀၈။ သတိပြုပါ။အခု ဘုရားသခင်က ဒါကိုလုပ်ဆောင်မှု ပြုနေပါသည်။ အခုထိပါ။ လူတွေက အဲ့ဒါကိုမသိကြပါဘူး။ ဇာတိသဘောက

ဆင်ခြင်တုံတရားနှင့် ဆက်သွားနေပါသည်။ အခု ဘုရားသခင်က သူ့ရဲ့လူတွေကို ဇာတိသဘောနှင့်ဆိုင်သော ထွက်မြောက်မှုရှိရန် ခေါ်ဆိုတဲ့အရပ် ရှိပါသည်။ကိုယ်တော် သည် ဒီကနေ့ ဝိညာဉ်ရေးနှင့်ဆိုင်သော ထွက်မြောက်မှုရှိရန် ခေါ်ဆိုလျက်ရှိပါသည် ___ သူ့ရဲ့ဘယ်လို အရာမျိုးဆီသို့ ဖြစ်ပါသလဲ ?____ သူ့ရဲ့ရွေးကောက်မှုခံရခြင်း ဖြစ်ပါသည်။ သူ့ရဲ့ရွေးကောက်ခြင်းကို ခံရ ဖို့သာရှိပါသည် !

109 ၁၀၉။ အခုအီဂျစ်တို့က အစွဲရေးတို့ မှန်တယ်ဆိုတာကို မမြင်နိုင်ကြပါဘူး။ တံခါးပေါက်နှင့်ထုတ်တန်း နေရာမှာ သိုးရဲ့အသွေးကို သုတ်ထားပြီး ထိုသို့သော အရာတို့ကိုဖြစ်ပွားစေသည့်တိုင်း ဘုရားသခင် သည် အဲဒီ့ကို ဆင်းကြွတော် မူခဲ့ပါသည်။ ဒီပရောဖက်၌ရွှေ့လျားမှု ပြုတော်မူပါသည်။ လူတစ်ယောက်၏ စကားတစ်ခွန်းကို ဖြစ်ပွားစေတော်မူခဲ့ပါသည်။

သူဟာ အဲဒီ့မှာ တုတ်ကောက်ကို အားပြုပြီးမတ်တပ်ရပ် နေပါသည်။ အရှေ့အရပ်သို့ရောက်လျှင် ‘ ပိုးမွှားများ ရောက်လာ၍ အီဂျစ်ပြည်သားတို့အား တိုက်ထုတ်လော့ ’ ဟုပြောကြားခဲ့ပါသည်။

အဲဒီ့အနောက်ဘက်ကို လျှောက်သွားတော့ ‘ ဘာမှမဖြစ်ပါဘူး ’ ဟု ပြောပါသည်။ ဘာမှမဖြစ်ပါ ဘူး။ ဒါပေမဲ့ခဏလေးကြာတော့ အစိမ်းရောင် ယဇ်ကောင်ကြီးဟာ စက်ဝိုင်းပုံ အနီးမှာ လည်လာပါတော့ သည်။ခဏကြာတော့ တစ်ကွက်မှာ နှစ်ပေါင်အလေးချိန် နီးပါးလောက် ရှိလာပါသည်။ လူတစ်ယောက် ဟာဖြစ်တည်ခြင်းထံ၌ ဖန်ဆင်းဟု ပြောဆိုမှု ပြုခဲ့ပါသည်။

ဒီနေရာမှာလည်း အသိဉာဏ်နှင့် စပ်ဆိုင်သောရမ်းစီးက အဲဒီ့မှာ မတ်တပ်ရပ် နေပါသည်။ အဲ့ဒါ က ဆန့်ကျင်ဘက် ပြုတာက ....... အလွန်ဘာသာတရား ကိုင်းရှိုင်းသူနှင့် အသက်ရှင်သော ဘုရားသခင်၏ ဝိညာဉ်တော်ကို ဆန့်ကျင်ဘက်ပြုခြင်းက တည်ရှိနေပါသည်။ ဇာတိသဘောက ရမ်းစီးကိုသာမြင်နိုင် ပါသည်။ သို့သော် ဝိညာဉ်သဘောကတော့ ကတိတော်ကို မြင်နိုင်ပါသည်။ အဲ့ဒါကပြည့်စုံဖို့ ရောက်လာ သည်ကို မြင်ရပါသည်။

110 ၁၁၀။ ‘ ကောင်းပါပြီ။ ’ ယောရှုနှင့် ကာလတ်ဟာ အဲဒီ့လူတွေကိုအာမလတ် ဟိုတိတိ ယေဗုသိလူတို့ ဟု ခေါ်ဆိုမှု ပြုခဲ့ကြပါသည်။ ဒါပေမဲ့ သူတို့အဲဒီ့မှာ ရှိမနေခဲ့ကြပါဘူး။ သူတို့ရဲ့ ပမာဏက နှစ်ဆ ၊ သုံးဆ လေးသလောက် ရှိပါသည်။ဇာတိသဘောကတော့ ကဒတ် - ဘာနီရာ အရပ်သို့ သူလျှိုများကို စေလွှတ်မှု ပြုစဉ်အခါမှာတော့ ‘ ဟာ ၊ငါတို့လုပ်နိုင်မှာ မဟုတ်ဘူး။ သူတို့က အရမ်းများတယ် ! ဘာဖြစ်လို့လဲဆိုရင်ကျွန်တော်တို့ဟာ သူတို့ဘက်မှာ ဆိုရင်တော့ နှံကောင်တွေလို ဖြစ်ကြမှာ ’ ဟု ပြောဆိုမှု ပြုကြပါသည်။ ဒါပေမဲ့ကာလတ်နှင့် ယောရှုကတော့ ဘုရားသခင်၏ ကတိတော်ကို မြင်နိုင်ပါသည်။ ‘ အဲဒီ့လို ငါတို့က ပိုပြီးတော့လုပ်နိုင်တယ် ’ လို့ပြောခဲ့ကြပါသည်။ ဘာကြောင့်လဲဆိုရင် သူတို့ ကြည့်တာက ___ ဘုရား သခင်က ‘ ငါသည် သင်တို့အား မြေကြီးကိုပေးမယ် ’ လို့ မိန့်တော်မူတာတို့ ကြည့်ခဲ့လို့ပဲဖြစ်ပါသည်။ မြင်ကြပါ။

ဇာတိသဘောကတော့ အဲ့ဒါကို ရနိုင်မှာ မဟုတ်ပါဘူး။ဝိညာဉ်သဘောကတော့ အဲ့ဒါကို ကောက် ယူလိုက်ပါသည်။ ပြီးတော့

111 ၁၁၁။ ဘာဖြစ်လို့ပါလဲ....... ကျွန်တော် ခင်ဗျားတို့ကို တစ်ခုခုပြောချင်ပါသည်။ ဘာကြောင့် အီဂျစ်လူ မျိုးတွေက ဒီအရာတွေကို မမြင်ခဲ့ကြပါသနည်း ? ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာရွေးနုတ်ခံရတဲ့လူတွေ မဟုတ်လို့ပဲ ဖြစ်ပါသည်။

အဲဒီ့လို မဖြစ်ခင် ဘုရားသခင်ကအာဗြဟံကို မိန့်တော်မူ ခဲ့ပါသည် ...... ( အဲ့ဒါကိုယူပါ။ခင်ဗျား တို့ဟာ အိပ်ပျော်နေတဲ့ အသင်းတော် ဖြစ်ပါသည် ! ) အဲ့ဒါမဖြစ်ခင် ဘုရားသခင်ကအာဗြဟံအား မိန့် တော်မူ ခဲ့ပါသည်။ ‘သင်၏မျိုးဆက်သည် အီဂျစ်ပြည်၌ အနှစ်လေးရာ နေထိုင်ရမည်။ အဲဒီ့နောက် ငါ သည်သင်တို့အား ခေါ်ထုတ်မည် ’ ဆိုပြီးမိန့်တော်မူခဲ့တာ ဖြစ်ပါသည်။ အဲ့ဒါကတော့ အဲဒီ့အချက်ကို သူ တို့ မြင်နိုင်တဲ့အချက်ပဲ ဖြစ်ပါသည်။ ဘာဖြစ်လို့လဲဆိုရင် သူတို့ဟာ အဲ့ဒါကိုကြည့်ဖို့ရွေးကောက်ခံရတဲ့ လူတွေဖြစ်လို့ပါပဲ ဖြစ်ပါသည် ___ သူတို့ဟာ ရွေးကောက်တော်မူခြင်း ခံရတဲ့လူများ ဖြစ်ပါသည်။

ရွေးကောက်ခံရသော ဣသရေလတို့သည်ဘုရားသခင်၏ နိမိတ်လက္ခဏာကို မြင်တွေ့စရာအ ကြောင်း ရှိပါသည်။ မယုံကြည်သူတို့၏ပျက်စီးခြင်းရှိရာ အီဂျစ်ပြည်ကနေ သူတို့ဟာ ထွက်မြောက်လာ ကြရပါသည် ! ဒီကနေ့ဘုရားသခင်ဟာ သူ့ရဲ့ရွေးကောက်ခံရသော လူတို့ကို ခေါ်ဆိုမှုပြုလျက် ရှိပါ သည်။ယုံကြည်ခြင်းဖြင့်ရသော အာဗြဟံ၏မျိုးစေ့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ တည်နေရပါမည်။

ဒီကနေ့ ဝိညာဉ်မျိုးစေ့ကို ခင်ဗျားတို့မမြင်ကြဘူးလား ? အဲ့ဒါကဉာဏ်နှင့်ဆိုင်သော အသင်း တော်ကို ကြည့်မှာမဟုတ်ပါဘူး။ အဲ့ဒါက နှုတ်ကပတ်တော်ကိုပဲကြည့်မှာဖြစ်ပါသည်။ အဲ့လို ကြီးမားတဲ့ ဂိုဏ်းဂဏတွေထဲကနေ ယေရှုခရစ်တော်၏ဖြစ်တည်ခြင်းထဲသို့ ခေါ်ဆိုမှု ပြုသောအရာ ဖြစ်ပါသည်။ အဲ့ဒါကို ရှင်းကြပါသလား ? အဲ့ဒါကို ခင်ဗျားတို့ ရကြပါသလား ? ဟုတ်ပါပြီ။ ကျွန်တော်တို့ ထပ်သွားကြပါမည်။

ရွေးကောက်ခံရမှာသာ ရပါသည် ! ဒေါက်တာ ဒီ. တာယ်လ် . ပီအိတ်ချ်ဒ် တွေကတော့ အဲ့ဒါကို လုံးဝမြင်ကြမှာ မဟုတ်ပါဘူး။ သူတို့ဟာရွေးကောက်ခံရတဲ့လူတွေ မဟုတ်ကြပါဘူး။

112 ၁၁၂။ ပြီးတော့မှတ်ထားပါ။ အခု ဒီကောက်ပွဲက ရောက်လာနေပြီ ဖြစ်ပါသည်။ အခြားနိုင်ငံ တစ်ခုဆီ သွားတာမဟုတ်ပါဘူး။ ဘုန်းဝင်စားခြင်းဆီသို့ သွားနေတာ ဖြစ်ပါသည်။ သူတို့၏နာမည် သိုးသူငယ်၏အသက်စာစောင်ထဲမှာ ရေးသားထားတဲ့ အရပ်ဆီကို ဖြစ်ပါသည်။ သဘာဝ သိုးတိရစ္ဆာန်လေး၏ အောက်မှာရှိရမှာ မဟုတ်ပါဘူး။ အဲ့လို ဣသရေလတို့ကို ခေါ်ထုတ်ခဲ့ပါသည်။ အဲဒီ့မှာသူတို့ဖောက်ပြန်ပြီး ပြန်လို့ ရနိုင်ပါသည်။ ဒါပေမဲ့ ဒီလိုမရနိုင်တော့ပါ။ ဒါက ဘုရားသခင်၏အစမတည်မှီကတည်းက သတ်ဖြတ်မှုကို ခံခဲ့ရပါသည်။ သူတို့ရဲ့နာမည်ဟာ အသက်စာစောင်ထဲမှာရှိနေခဲ့ပါသည်။ လောကအစ မတည်မှီက တည်းက ဖြစ်ပါသည်။

သူတို့ အဲဒီ့မှာ ရှိပါသည်။ရွေးကောက်ခံခဲ့ ကြရပါမည်။ အဲ့လိုမျိုး အဲဒီ့အလင်းက သူတို့အပေါ်သို့ ထွန်းလင်းမှုရှိစဉ်အခါ သူတို့ဆီက

ဂိုဏ်းဂဏ အတားအဆီးများက သူတို့ဆီကနေ ဝေးသွားအောင် ပြုကျသွားကာ သူတို့ဟာ ဒီနေရာကို ရောက်ရှိလာ ကြပါသည် ၊ ‘ ...... သူတို့အကြားမှ ထွက်ခွာမှုပြုပါ။ ’ ဤသို့သော နောက်ဆုံးသော နေ့ရက်ကာလ၌သန့်ရှင်းသောဝိညာဉ်တော် ရှိသည်ဟု ပြောကြပါ။ ‘သူတို့ ၏ စင်ကြယ်သော အရာများကို တို့ထိခြင်းမဟုတ်ပါ။ ငါသည် သင့်ထံသို့ဘုရားသခင်အား ပို့ဆောင်မှုပြု မည်။ သင်တို့သည် ငါ၏သားသမီးများ ဖြစ်ကြရမည်။ ’

အခု စောင့်ကြည့်ပါ။

113 ၁၁၃။ ဣသရေလတို့ကစောင့်မျှော်နေခဲ့ ကြပါသည်။ ဘုရားသခင်ဟာ သူ့ပရောဖက်၌ တည်တော်မူ တယ် ဆိုတာကိုသူတို့ သိကြပါသည် ၊ _____ နှုတ်ကပတ်တော်ကသူတို့ထံသို့ ရောက်သွားပါသည်။ အဲ့ဒါကို ရှုမြင်ရန် သူတို့ရောက်လာ ကြပါသည်။ သူတို့ကအဲ့ဒါကို မြင်ရပါသည်။ အခု ဉာဏ်ပညာနှင့်ဆိုင် သော နိမိတ်လက္ခဏာ ရှိပါသည်။ကျွန်တော်တို့ အခု အဲ့ဒါကို မြင်ရပါသည်။ သူတို့ကတော့ သူတို့၏ အဖွဲ့အစည်းများပေါ်တွင်သာ ယုံကြည်နေ ကြပါသည်။ သူတို့ဟာ သူတို့ရဲ့ အယူဝါဒများ၌သာတည်ရှိနေ ကြ ပါသည်။ အခုထိ သူတို့ဟာ ......

အခု ဗာလမ်လိုမျိုး ဖြစ်နေကြပါသည်။ဣသရေလတို့ရှိရာ တောင်ထိပ်သို့ တက်သွားပါသည်။ အဲဒီမှာ ဣသရေလတို့ ရှိပါသည်။နိုင်ငံတစ်ခု မဟုတ်ပါ။ အဲ့ဒါက လူတစ်စု ဖြစ်ပါသည်။ အနီးအနားမှာ ပေါလောမျောနေကြပါသည်။ ဒုစရိုက်အပြစ်နှင့် ပြည့်နေကြပါသည်။ မောဘကတော့ သူ့ရဲ့ညီအစ်ကို ဖြစ်ပါသည်။ဉာဏ်ပညာနှင့်ဆိုင်သော အဖွဲ့အစည်းလူသား ဖြစ်ပါသည်။ ဘီးရှော့နှင့်အတူ တောင်ထိပ်ကိုတက်လာကြပါသည်။ သူတို့မှာ ပရောဖက် ရှိပါသည်။ ပလ္လင်တစ်ခုဆီ တင်လှူမှု ပြုထားပါသည်။တူညီ သော ပူဇော်သက္ကာကို ဆက်ကပ်အပ်နှံမှု ပြုပါသည်။ ဒါပေမဲ့ သူဟာ မီးတိုင်ကိုမြင်ခွင့်မရပါဘူး။ ဣသရေ လတို့အကြား ကျောက်တုံးကို ခုတ်ဖြတ်ခဲ့ပါသည်။

ဒါကြောင့် အဲ့ဒါက ဒီကနေ့ပဲ ဖြစ်ပါသည်။အသိဉာဏ်နှင့် စပ်ဆိုင်သော စိတ်သဘောက အဲဒီမှာ အနုပညာသမား ရပ်နေတာကို ကြည့်ရှုမှုပြုပါသည်။ သူတို့ဟာ ခုတ်ဖြတ်ခံရသော ကျောက်တုံးကိုကြည့် ဖို့ သူတို့ပျက်ကွက်ခဲ့ကြပါသည်။ ဘီးရှော့ကိုယ်တိုင်က သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးနှင့် တဲတော်၌တည်သော ရှင်ဘုရင်ကြီး၏ အော်ဟာစ်သံကို ကြည့်ရှုဖို့ရာ ပျက်ကွက်ခဲ့ပါသည်။ သူတို့သည်အဲ့ဒါကို ကြည့်ဖို့ ပျက်ကွက်ခဲ့ ကြပါသည်။

114 ၁၁၄။ ဒါကြောင့်အဲဒီအတိုင်း ဒီကနေ့မှာလည်း ဖြစ်နေပါသည်။ ဘုရားသခင်ကတော့ သူရွေးချယ်ထားတဲ့လူတွေကို ခေါ်ဆိုမှု ပြုနေပါသည်။ အခု သူတို့သည် ရွေးချယ်ခံရသောသူများ ဖြစ်ပါသည်။အခု သူတို့ ဟာ ဘာအတွက် ရွေးကောက်ခံ ရကြပါသလဲ ? ရှင်ပြန်ထမြောက်ခြင်း တစ်ခုအတွက် ဖြစ်ပါသည်။ ကိုယ် တော်ကသူတို့အား မည်သို့သော နိမိတ်လက္ခဏာကို ပြသတော်မူ ခဲ့ပါသနည်း ? _____ ရှင်ပြန်ထမြောက်ခြင်းနိမိတ်လက္ခဏာကို ဖြစ်ပါသည်။ အဲဒီနောက် ကိုယ်တော်က သူတို့အား အဘယ်အရာကို ပြ သတော်မူပါသနည်း ? _____ ပို့ဆောင်တော်မူသောနိမိတ်လက္ခဏာတစ်ခုကို ဖြစ်ပါသည်။ အချုပ် အနှောင်ခံရခြင်းမှ သူတို့ထံသို့ ပို့ဆောင်မှုပြုစရာအကြောင်း ရှိပါသည်။ တန်ခိုး၏ နိမိတ်လက္ခဏာက ကောင်းကင်ကိုပိတ်ပစ်လိုက်နိုင်ပြီး ကောင်းကင်ကို မည်းသွားစေ နိုင်ပါသည်။

သူတို့အကြား အခု သူ့သားတော်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုး အသက်ရှင်လျက် ရှိကြောင်းကို ကိုယ်တော်ကပြသတော်မူပါသည်။ သူတို့အား ဤသင်္ချိုင်းမှ ရှင်ပြန်ထမြောက်ခြင်း ရှိစေဖို့အတွက်ဖြစ်ပါ သည် _____ ကျွန်တော်တို့သင်္ချိုင်းထဲကို ဝင်ကြရမည် ဖြစ်ပါသည်။ ကိုယ်တော် ကျွန်ုပ်တို့အား ကတိပြုတော်မူသည့် မြေကြီးကို သွားကြရပါမည် ___ရှင်ပြန်ထမြောက်ခြင်း နိမိတ်လက္ခဏာက ______ဝိညာဉ် ရေးနှင့်ဆိုင်သော အီဂျစ်ပြည်မှလည်းကောင်း ၊ ဝိညာဉ်ရေးနှင့်ဆိုင်သောဗာဗုလုန်မှလည်းကောင်း ခေါ် ထုတ်မှု ပြုတော်မူပါသည်။

သိကြပါ။

115 ၁၁၅။ ကျွန်တော့်ကိုဒီအကြောင်း ပြောခွင့်ပြုပါ။ အခု ငြိမ်ငြိမ်သက်သက် နေကြပါ။ ခင်ဗျားတို့ အဲ့ဒါကိုဖမ်းထားကြပါ။ အစအဦး၌ ကိုယ်တော် အမှုပြုတော်မူသည့် ပြောင်းလဲခြင်းမရှိသောစနစ်အားဖြင့် ထိုအ ရာကို အမှုပြုတော်မူပါမည်။ တူညီသောကိစ္စကို __ ကိုယ်တော်ကလုပ်ဆောင်တော် မူပါမည်။ မယုံကြည် သော သူတို့၏ မျက်စိကို ကွယ်စေပါမည်။ယုံကြည်သူတို့၏ မျက်စိကို ဖွင့်စေပါမည်။ သတိပြုပါ။ ဉာဏ် သဘောဘက်ကနေ နိုင်ငံရေးကထိုအမှုကို အလုပ်လုပ်ပါသည်။ နိုင်ငံရေးနှင့် အသင်းတော် ၊ နိုင်ငံရေး နှင့်နိုင်ငံဆိုပြီးတော့ပါ။ အရာရာတိုင်းနှင့် အခြားဘက်ကတော့ ______ သူတို့နှင့် ဝေးရာဆီမှာ သွားပုံနေ တတ်ပါသည်။ ဝိညာဉ်ရေးရာကိစ္စတစ်ခုပဲ ဖြစ်ပါသည်။

116 ၁၁၆။ ဘုရားသခင်ဟာတောကန္တာရကနေ လူတစ်ယောက်ကို ခေါ်ထုတ်မှု ပြုပါသည်။ သူ့ကိုလေ့ကျင့် သင်ကြားပေးပြီးသူ့ကို ပြန်ခေါ်ထုတ်ပါသည်။ ကိစ္စကို ဖြစ်ပွားစေ၍ လူတို့အား ခေါ်ထုတ်မှု ပြုပါသည်။ကျွန်တော် ဆိုလိုတာကို မြင်ကြလား ?ကိုယ်တော်ဟာ သူ့အစီအစဉ်ကို ပြောင်းလဲမှု မပြုနိုင်ပါဘူး။ ကိုယ် တော်ကဘုရားသခင် ဖြစ်ပါသည်။ ကိုယ်တော်ဟာ လူတစ်အုပ်နှင့် ဘယ်တော့မှ အချိတ်အဆက်ပြုမည်မဟုတ်ပါ။ ကိုယ်တော် ဘယ်တော့မှ မလုပ်ပါ။ ကိုယ်တော်ဟာ တစ်ဦးချင်း ၊တစ်ယောက်ချင်းစီနဲ့ အချိတ် အဆက်ပြုမှာ ဖြစ်ပါသည်။ ကိုယ်တော် အမှုပြုခဲ့ပါသည်။ကိုယ်တော် အမှုပြုတော်မူပါမည်။ ကိုယ်တော် က ( မာလခိ - ၄ ) မှာပင်လျှင်ကတိပြုခဲ့ပါသည်။ ကိ်ုယ်တော်က ထိုအရာကို အမှုပြုတော်မူပါမည်။ အဲ့ဒါ အမှန်ပါ။

ဒါကြောင့် အဲ့ဒါက ကိုယ်တော်ပြုခဲ့သည့်သူ့ရဲ့ကတိတော် ဖြစ်ပါသည်။ ကိုယ်တော် အမှုပြုမည်ဟု မိန့်တော်မူခဲ့သည့် ကတိတော်ဖြစ်ပါသည်။ ဒီနေရာမှာ ကျွန်တော်တို့ ရှိနေကြပါသည် ! လူတွေ ကျွန်တော်တို့ပျော်ရွှင်သင့်ပါသည် _____ ကိုယ်တော်ကတိပြုတော်မူသည့် နှုတ်ကပတ်တော် နိမိတ် လက္ခဏာအားဖြင့် သူတို့အားပေးသနားတော်မူသည်က ကတိပြုတော်မူသော နှုတ်ကပတ်တော် ဖြစ်ပါ သည်။ ကိုယ်တော်ရှင်ကအမှုပြုတော်မူမည့် အရာကို ကတိပြုတော် မူတတ်ပါသည်။ ကိုယ်တော်သည် ယုံကြည်သောသူတို့ကို တဖန်အသက်ဝင်စေပါမည်။ လူတို့၏ နှလုံးသားကို ကနဦး ပန််ငတီကော်စတယ်ဘိုးဘေးတို့၏ ယုံကြည်ခြင်းထဲသို့ ပြန်လည်ရောက်ရှိ စေပါသည်။ ကိုယ်တော်အမှုပြုတော်မူမည်ဟု ကတိပြုခဲ့ပါသည်။ သူ့ရဲ့နိမိတ်လက္ခဏာကို ပြသတော်မူပါသည်။

ပြီးတော့ ‘ သောဒုံမြို့၏ နေ့ရက်ကာလကဲ့သို့သားတော်ကြွလာတော်မူသော နေ့ရက်ကာလ၌ ဖြစ်မည် ’ဆိုပြီးတော့ပါ။ သောဒုံမြို့၌ အဘယ်သို့သော နိမိတ်လက္ခဏာမျိုးကိုအသင်းတော်များအား ကြည့်ရှုမှု ပြုစေပါသလဲ?ဉာဏ်ပညာနှင့်ဆိုင်သော အသင်းတော်အား ဘာကိုကြည့်ရှုမှု ပြုစေပါသလဲ? ___ ဟောပြောသူ နှစ်ယောက်ရှိပါသည်။ ဝိဉာဉ်ရေးရာအသင်းတော် ရွေးနုတ်ခံရသောအရာ အာဗြဟံ နှင့် သူ၏အုပ်စုကိုဘာဖြစ်စေခဲ့ပါသနည်း? လူဇာတိခံ၍ဘုရားသခင်က ထင်ရှားပြသောအရာကို ကြည့်ရှု မှု ပြုစေခဲ့ပါသည်။ လူ့ဇာတိခံခြင်းအရာထင်ရှားပြသောအရာကို ကြည့်ရှုမှု ပြုစေခဲ့ပါသည်။ ထိုအရာက ဝိဉာဉ်သဘောကိုထိုးထွင်းသိမြင်တော် မူပါသည်။ သူ့နောက်က စာရာပြောတာကို မိန့်တော်မူ ခဲ့ပါသည်။

‘လောတ၏ နေ့ရက်ကာလကဲ့သို့ လူသားကြွလာသော နေ့ရက်ကာလ၌မြင်မည်။ ’ ကျွန်ုပ်တို့ အကြားပြောင်းလဲခြင်းမရှိသည့် အမှုကိုပြုတော်မူသည့် သန့်ရှင်းသောဝိဉာဉ်တော်ကိုကျွန်တော်တို့ တွေ့မြင်ရကြပါသည်။ လူ့ဇာတိခံခြင်းအရာ၌ အလုပ်လုပ်ခဲ့ပါသည်။ အချိန်နာရီတစ်ခု ဖြစ်ပါသည်။ မြင်ကြ ပါ။ ဒီမှာ ကျွန်တော်တို့ ရှိနေကြပါသည်။မိတ်ဆွေတို့ အားလုံးပဲ ဖြစ်ပါသည်။ ထွက်မြောက်ခြင်းက ဖြစ်ပါပြီ။

117 ၁၁၇။ ဒါပေမဲ့အခု သတိပြုပါ။ အဲဒီနောက် ဘယ်လိုအရာအားဖြင့် ကိုယ်တော် ထိုအရာကို အမှုပြုတော်မူခဲ့ပါသနည်း ? ခင်ဗျားရဲ့ဝိဉာဉ်ရေးရာ စဉ်းစားခြင်း အပေါ်တွင် သတိပြု၍ ဆင်ခြင်ပါ။ အခု သန့်ရှင်းသောဝိဉာဉ်တော်က ဥပက္ခာပြုခြင်း၏ အထွဋ်အထိပ်သို့ တဖန်ပြန်၍ သက်ရောက်စေတော် မူပါသည်။သေသေချာချာကြည့်ပါ။ ဘုရားသခင်က ဘယ်အရာကိုမဆို ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်ဖို့ရာလမ်း ကြောင်းတစ်ခုကို အမြဲပြင်ဆင်မှု ပြုတော်မူပါသည်။ ကိုယ်တော်က ထိုအရာကို ဘယ်တော့မှမပြောင်းလဲ ပစ်နိုင်ပါဘူး။

ဧဒင်ဥယျာဉ်၌ ကိုယ်တော်ကလူကိုမိတ်သဟာယဖွဲ့၍ ပြန်လည်ရွေးနုတ်လိုတဲ့အခါ ကိုယ်တော် က ဆုံးဖြတ်ချက်တစ်ခုကိုချမှတ်တော် မူပါသည်။ အဲ့ဒါကတော့ အသွေးသွန်းလောင်းမှု ပြုမည်ဆိုတာ ပါပဲ။ သူတို့ဟာပညာရေးကို ကြိုးစားမှု ပြုခဲ့ပါသည်။ သူတို့က ဂိုဏ်းဂဏကို ကြိုးစားမှု ပြုခဲ့ပါသည်။သူ တို့ဟာ နိုင်ငံသားပြုခြင်းနှင့် အရာရာတိုင်းကို ကြိုးစားခဲ့ ကြပါသည်။ အဲ့ဒါကလုံးဝအလုပ် မဖြစ်ပါဘူး။

အဲဒီနေရာဟာ ဘုရားသခင်က လူတစ်ယောက်နှင့်အမြဲတွေ့ဆုံမှုပြုသည့် နေရာတစ်ခုပဲ ဖြစ်ပါ သည်။ အသွေးသွန်းလောင်းခြင်းအောက်၌ရှိသော နေရာတစ်ခုပဲ ဖြစ်ပါသည်။ အဲ့ဒါက ဧဒင်ဥယျာဉ်၌ ရှိသလိုမျိုးပဲဖြစ်ပါသည်။ အဲ့ဒါက ဘယ်တော့မှ ပြောင်းလဲခြင်းမရှိပါဘူး။ ဘုရားသခင်က ယောဘ၏နေ့ရက်ကာလ၌ တွေ့ဆုံမှုပြုသည့် တစ်ခုတည်းသောနေရာ ဖြစ်ပါသည်။ ယဇ်ကောင် သိုးသူငယ်၏အောက်၌ ရှိနေခဲ့ပါသည်။ ဣသရေလတို့၏ နေ့ရက်ကာလ၌ ကိုယ်တော်ရှင် တွေ့ဆုံမှုပြုသည့်တစ်ခုတည်းသော နေရာဖြစ်ပါသည်။ ယဇ်ကောင် သိုးသူငယ်၏အောက်မှာ ရှိနေခဲ့ပါသည်။ဧဒင်ဥယျာဉ်၌ ကိုယ်တော် အမှု ပြုတော်မူသကဲ့သို့ ယဇ်ကောင်၏ သိုးသူငယ်၏အောက်၌ရှိနေခဲ့ကြပါသည်။

ဒီကနေ့ ကိုယ်တော်ရှင် တွေ့ဆုံမှုပြုသည့်တစ်ခုတည်းသော နေရာကတော့ ဂိုဏ်းဂဏများမှာ မဟုတ်ပါဘူး __ သူတို့ဟာရှုပ်ယှက်ခတ်နေကြပါသည်။ တစ်ယောက်နှင့် တစ်ယောက်အကြား ဆူပွက် လာအောင်ပြုတ်ထားသလိုမျိုးပဲ ဖြစ်နေကြပါသည်။ အသင်းတော်ဖြစ်ခြင်း၌ မတည်ကြပါဘူး ___ သူတို့ ဟာတူညီတဲ့အလုပ်ကို လုပ်ဆောင်နေကြဆဲ ဖြစ်ပါသည်။ ဉာဏ်ပညာ၌ တည်နေမှာ မဟုတ်ပါဘူး ____ သူတို့အားလုံးရောနှောမှု ပြုကြပါသည်။ ဒါပေမဲ့ သိုးသူငယ်၏ အသွေးအောက်၌ ရှိနေကြပါသည်။ ယုံကြည်သူတိုင်းက မိတ်သဟာယပြုခြင်း အရာနှင့်အတူ တွေ့ဆုံမှု ပြုနိုင်ပါသည်။ အသက်ရှိတဲ့နေရာပဲ ဖြစ်ပါသည်။

118 ၁၁၈။ ဘုရားသခင်ကထွက်မြောက်ရာ နေ့ရက်ကာလ၌ ရွေးချယ်တော် မူပါသည်။ ကိုယ်တော်က အဲဒီ အုပ်စုတစ်စုထဲကအုပ်စုတစ်ခုကို ခေါ်ထုတ်မှု ပြုပါသည် ....... ကျွန်တော် ခင်ဗျားတို့ကို တစ်ခုခုသတိပြု စေလိုပါသည်။ သူ့မှာရထားတာ နှစ်ခုပဲရှိပါသည်။ အဲ့ဒါကတော့ ကတိပြုရာ နယ်မြေဆီသွားရမယ်ဆိုတာ ပဲ ဖြစ်ပါသည်။ ဘယ်လိုနည်းဖြင့် ကိုယ်တော်က သူတို့အား ခေါ်ထုတ်တော်မူခဲ့ပါသနည်း ? နိုင်ငံရေးနဲ့လား ? အဖွဲ့အစည်းနဲ့လား ? မီးတိုင်ဆိုသော သဘာဝလွန် နိမိတ်လက္ခဏာတစ်ခုနှင့်အတူ ကိုယ်တော် ရှင်သည် ပရောဖက် တစ်ယောက်ကို ရွေးချယ်မှု ပြုခဲ့ပါသည်။အဲဒီလူတွေ မမှားစေဖို့အတွက် ဖြစ်ပါ သည်။ ပရောဖက်က အမှန်တရားကို ပြောရပါသည်။ ဘုရားသခင်သည် မီးတိုင်တော်၌ ဆင်းကြွတော်မူ က သူ့ကိုယ်သူ သက်သေပြတော် မူပါသည်။သူ့ရဲ့နှုတ်ကပတ်တော်ကို ပြသတော် မူပါသည်။ အဲ့ဒါ ဟုတ်လား ?

အဲ့ဒါက ကိုယ်တော် ဆောင်ယူမှုပြုတဲ့ ___ သူ့ရဲ့ကနဦးထွက်မြောက်ခြင်းပင် ဖြစ်ပါသည်။ သူ့ရဲ့ ဒုတိယ ထွက်မြောက်ခြင်းက ....... ကိုယ်တော်က အမြဲသုံးခုဖြင့် သွားလာတော် မူပါသည်။ ကိုယ်တော်သည် သုံးခုသောအရာ၌ ပြည့်စုံစေတော် မူပါသည်။ ခင်ဗျားတို့အားလုံး ကျွန်တော်ရဲ့ဟောပြောချက်ကို သတိပြုကြပါ။ အဲ့ဒါက အမြဲသုံးနှင့် ခုနှစ်မှာ ရှိတော်မူပါသည်။ခုနှစ်ကတော့ ပြည့်စုံခြင်း တစ်ခုဖြစ်ပါ သည်။ သုံးကတော့ သူ့ရဲ့ပြည့်စုံခြင်းဖြစ်ပါသည်။ ပထမ ၊ ဒုတိယ ၊ တတိယ ဆွဲယူခြင်းနှင့် အို အားလုံး က ____ အရာရာတိုင်းကိုမြင်ကြပါ။ ဖြောင့်မတ်ခြင်း ၊ သန့်ရှင်းစင်ကြယ်ခြင်း ၊ သန့်ရှင်းသောဝိဉာဉ် တော်ဗတ္တိဇံ ; ခမည်းတော် ၊သားတော် ၊ သန့်ရှင်းသောဝိဉာဉ်တော် အရာရာတိုင်းကို မြင်ကြပါ။

သတိပြုပါ။

119 ၁၁၉။ ကိုယ်တော်ဘာကိုအမှုပြုတော် မူခဲ့ပါသနည်း။ ပထမထွက်မြောက်ခြင်းကိုပါ ? ကိုယ်တော်က ပရောဖက်တစ်ပါးကိုစေလွှတ်ခဲ့ပါသည်။ မီးတိုင်တော်ကို ဘိသိတ်ပေးခဲ့ပါသည်။ ကိုယ်တော်က လူတို့ကိုခေါ်ထုတ်ခဲ့ပါသည်။ အဲ့ဒါကတော့ သူ့ရဲ့ပထမ ထွက်မြောက်ခြင်း ဖြစ်ပါသည်။ ဣသရေလတို့၏အချိန် နာရီ ရောက်လာသောအခါ ကိုယ်တော်သည် ဘုရားသခင်၏ - ပရောဖက်တစ်ပါးကိုတဖန်စေလွှတ်တော် မူခဲ့ပါသည်။ မီးတိုင်တော်နှင့် တည်တော်မူပါသည်။ ယောဟန်ကချိုးငှက်ကဲ့သို့ ကောင်းကင်မှ ဆင်းသက် သော အရာကို မြင်ခဲ့ရပါသည်။ ပြီးတော့ကိုယ်တော်က ‘ ငါဟာဘုရားသခင်ထံသို့ သွားရမည်။ ဘုရား သခင်ထံသို့

ငါပြန်သွားရမည် ’ ဟု မိန့်တော်မူ ခဲ့ပါသည်။

သူသေပြီးနောက် သင်္ဂြိုလ်ခံ၍ရှင်ပြန်ထမြောက်ပြီးနောက် တာရှုမြို့မှ ပေါလုသည် ဒမာသက်မြို့ သို့သွားရာလမ်းပေါ်မှာ ရှိနေခဲ့ပါသည်။ ပြောင်းလဲခြင်းမရှိသော မီးတိုင်ကို မြင်တွေ့ခဲ့ရပါသည်။ သူ့အား ဟေဗြဲသားတစ်ယောက် ဖြစ်စေခဲ့ပါသည်။ နှုတ်ကပတ်တော်၌ ကောင်းစွာစကားပြောခဲ့ပါသည်။ ‘ အရှင် ကမည်သူနည်း ? ’ ဟုမေးခဲ့ပါသည်။

သူက အဲ့ဒါက ဘုရားဆိုတာ အဲ့ဒါကမီးတိုင်ဆိုတာကို သိလိုက်ပါသည်။ သူက ဟေဗြဲတစ် ယောက် ဖြစ်ပါသည်။ သူက ‘ ကိုယ်တော် မည်သူနည်း ? ’ ဟု ဆိုခဲ့ပါသည်။ကိုယ်တော်က ‘ ငါသည်ယေရှုဖြစ်သည် ’ ဟု မိန့်တော်မူခဲ့ပါသည်။

120 ၁၂၀။ ဒုတိယထွက်မြောက်ခြင်း ဖြစ်ပါသည်။ ကိုယ်တော်က ပရောဖက်တစ်ယောက်ကို ဘိသိတ်ပြု ခြင်းအရာ၌နှုတ်ဆောင်မှု ပြုခဲ့ပါသည်။ သူက သူ့ရဲ့သားတော် ဘုရား - ပရောဖက်ပဲ ဖြစ်ပါသည်။ ကိုယ်တော်က မောရှေကို ပရောဖက်တစ်ယောက် ဖြစ်စေမည်ဟု မိန့်တော်မူ ခဲ့ပါသည်။ မီးတိုင်တော်နိမိတ် လက္ခဏာနှင့် အံ့ဘွယ်သောအရာတို့ကို ပြုတော်မူခဲ့ပါသည်။ပြောင်းလဲခြင်းမရှိသော ပရောဖက်က ‘ငါ့ ကိုယုံကြည်သော မည်သူမဆို ငါပြုသောအမှုတို့ကို သူလည်းပြုမည် ’ ဟု ဆိုခဲ့ပါသည်။

ဒီနေရာက နောက်ဆုံးထွက်မြောက်ခြင်းမှာလည်း ကိုယ်တော်ရှင်သည် ပြောင်းလဲခြင်းအမှုကို ကတိပြုတော်မူခဲ့ပါသည်။ ကိုယ်တော်က ထိုအရာကို ပြောင်းလဲမှု မပြုနိုင်ပါဘူး။ သိပ္ပံနည်းကျသက်သေ ပြခြင်းအားဖြင့် ဝိညာဉ်တော်၏ သက်သေခံခြင်းအားဖြင့် ဝိညာဉ်တော်၏အမှုပြုတော်မူချက်အားဖြင့် ဒီ ကနေ့ အဲ့ဒါကို ကျွန်တော်တို့ တွေ့မြင်ကြရပါသည်။ကြီးမြတ်သော မီးတိုင်တော်သည် ကျွန်ုပ်တို့အကြား ရွှေ့လျားတော် မူပါသည်။ယေရှုခရစ်တော်၏ နိမိတ်လက္ခဏာ ၊ အံ့ဘွယ်သော ရှင်ပြန်ထမြောက်ခြင်းက လူတို့ကိုဂိုဏ်းဂဏ အယူဝါဒကနေ ခရစ်တော်၏ ဖြစ်တည်တော်မူခြင်းဆီသို့ ခေါ်ဆိုမှုပြုလျက်ရှိပါသည် ______ နယ်မြေတစ်ခုဆီသို့သွားရောက်ကြရပါမည်။

အဲဒီ့နေရာမှာ အများရှိပါသည်။မိတ်ဆွေတို့ အဲ့ဒါက ကျွန်တော်ပြောတာ မဟုတ်ပါဘူး ___ ကျွန် တော်က အခု ခင်ဗျားတို့ရဲ့ ညီအစ်ကိုပါ _ ဒါပေမဲ့ အဲ့ဒါက ဘုရားသခင်ခင်ဗျားတို့ကို သက်သေပြမည့် အရာပဲ ဖြစ်ပါသည်။ အဲ့ဒါကို သမ္မာတရား ဖြစ်စေပါမည်။အခြားနှစ်ခုသော အရာအတွက် ဘုရားသခင်က မီးတိုင်တော်ကို အသုံးပြုခဲ့ပါသည်။ ဒီကနေ့ခင်ဗျားတို့အကြား ကိုယ်တော်က အဲ့ဒါကို သယ်ဆောင်လာ ပေးတော်မူ၍ သိပ္ပံပညာဖြင့်အဲ့ဒါကို သက်သေပြပါမည်။

ခင်ဗျားတို့ သိပါတယ်။အဲဒီ့နှစ်လလောက်တုန်းက လိုက်ခ်မဂ္ဂဇင်းမှာ အဲ့ဒါကို ထုတ်ဝေခဲ့ပါသည်။ အဲဒီ့နေရာမှာ .........

121 ၁၂၁။ အဲ့ဒါမဖြစ်ခင်အဲ့လိုဖြစ်မည်ဟု ကျွန်တော် ပြောတာကို ဒီနေရာမှာ ဘယ်နှစ်ယောက်လောက်များကြားခဲ့ကြပါသနည်း ? ဘုရားကျောင်းထဲမှာအယောက်စီတိုင်း ရှိသည်ဟု ကျွန်တော် ထင်ပါသည်။ အဲ့မှာ အဲ့လိုဖြစ်ပါသည်။အဲဒီ့အကြောင်း အားလုံးတော့ သူတို့မသိကြပါဘူး။ သိပ္ပံပညာရှင်တွေက ကြိုးစားမှု ပြုကြပါသည် ....... ‘ အဲဒီ့ပုံတစ်ခုကိုရထားတဲ့လူ အထဲကို ခေါ်လိုက်ပါ။ ’ ___ ပိရမစ်ပုံ နှစ်ဆယ့် - ခြောက်မိုင် အမြင့်ရှိတဲ့ တိမ်တိုက်တစ်ခုပဲ ဖြစ်ပါသည် _____ ကောင်းကင်တမန်ခုနှစ်ပါးက အဲဒီ့ကို ပြန် ဆယ်လာတာကို ပုံဆောင်နေခြင်း ဖြစ်ပါသည် ....... ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ခင်ဗျားတို့ဆီ ပြန်ဆယ်လာတာဖြစ်ပါသည်။ နှိုးဆော်မှု တစ်ခုအောက်မှာ ခင်ဗျားတို့ရောက်လာ၍ ရှင်သန်နေရသောဤသို့သော အချိန်နာရီများ အကြောင်းကို ခင်ဗျားတို့အား ပြောကြားမှု ပြုပါမည်။ ဝိညာဉ်သဘောက ထို မှန်သောအရာကို အခုကောက်ယူ၍ ထိုအရာကို ရရှိစေပါမည်။ အဲ့ဒါကထွက်မြောက်မှုတစ်ခုပဲ ဖြစ်ပါ သည် ! ကျွန်တော်တို့ ဤသို့သော နေ့ရက်ကာလများထဲကနေ့ရက်ကာလတစ်ခုမှ ထွက်ခွာနေကြရတာ ဖြစ်ပါသည်။ ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ အခုမိနစ်ပိုင်းမှာ ကျွန်တော် ရုတ်သိမ်းပါတော့မည်။ ကျွန်တော် ဆယ်မိနစ် ရပါသည်။

122 ၁၂၂။ သတိပြုပါ။မီးတိုင်တော်က သူတို့အား ခေါ်ထုတ်မှု ပြုခဲ့ပါသည်။ ဘိသိတ်ပေးထားတဲ့ ပရောဖက်တစ်ယောက်၏ အောက်ကနေပြီးတော့ သူတို့ကို ကတိပြုရာ နယ်မြေသို့ ဦးဆောင်မှုပြုခဲ့ပါသည်။ မီးတိုင် တော်ကို သူတို့ ကြည့်နိုင်ပါသည်။ ဘိသိတ်ပြုတော်မူသည့်ပရောဖက် တစ်ယောက်၏အောက်မှ သတိပြု တော်မူရာ နယ်မြေသို့ သူတို့အား ဦးဆောင်မှုပြုတော်မူ ခဲ့ပါသည်။ သူတို့ဟာ တစ်သက်မတ်တည်း သူ့ ကို မှောက်ချပစ် ခဲ့ကြပါသည်။အဲ့ဒါပဟုတ်လား ? အသေအချာပဲနော်။

အခု ကျွန်တော်တို့ ဗတ္တိဇံပြုခြင်းဝတ်တစ်ခုဆီသို့ သွားကြရမယ်ဆိုတာ ကျွန်တော် သိပါတယ်။ ဒီ ထက် ကျွန်တော့်မှာခြောက်မျက်နှာလောက် ရှိပါသည်။ ကျွန်တော် ယူဆပါသည်။ အခု မိနစ်ပိုင်းလောက် မှာကျွန်တော် ရပ်ရပါတော့မည်။

အဲ့ဒါကို စောင့်ကြည့်နေပါ။ကျွန်တော်တို့ ခေါ်ထုတ်ပေးသွားပါမည်။ ‘ဗာဗုလုန်ကနေ ထွက်ခွာ ကြပါ။ ကျွန်တော့်ရဲ့လူများ ’ ဟု ကောင်းကင်တမန်၏ အသံတော်ဖြင့်ဆိုပါမည်။ ဘယ်ကနေ ထွက်ရမှာ ပါလဲ ?___ ရှုပ်ထွေးခြင်းမှ ဖြစ်ပါသည်။

မက်သဒစ်က မှန်ပါသလား ? ဒါမှမဟုတ် နှစ်ခြင်းက မှန်ပါသလား ? ဒါမှမဟုတ် ကယ်လ်သိုလစ် က မှန်ပါသလား ? အဲဒီ့ကနေ ထွက်ခွာမှုပြုပါ ! ဘုရားသခင်ကမှန်ကန်ပါသည်။ ခင်ဗျားတို့ ဘယ်လိုသိ ကြပါသနည်း ? ‘ လူတို့၏စကားသည် မုသားသက်သက် ဖြစ်သော်လည်း ငါ့စကားကအမှန်ဖြစ်သည်။ ’ အဲဒီ့ကနေထွက်ခွာမှုပြုပါ။ ခင်ဗျားတို့ ဘယ်လိုသိကြပါသလဲ ? တူညီသောမီးတိုင် ၊ တူညီသော ဘိသိတ် သွန်းလောင်းခြင်းဝိညာဉ်တော် ကတိပြုရာ နယ်မြေသို့ ပို့ဆောင်တော်မူပါသည်။ ကာလရေလတို့ကိုပါ နိုင်ငံကိုဖြစ်စေပါသည်။

123 ၁၂၃။ ပြောင်းလဲခြင်းမရှိသောဘုရားသခင် ၊ ပြောင်းလဲခြင်းမရှိသော မီးတိုင် တစ်ခုတည်းသော ထို အရာက ...... သူတို့ပြောတာက ထိုအရာသည် .......ဓာတ်ပုံရိုက်စက်က ....... ဘယ်အချိန်က ခင်ဗျား ဂျော့ . ဂျေ .လက်စီ၏ဟာကို ဖတ်ခဲ့တာ ဖြစ်ပါသလဲ ___အခု ကျွန်တော့်ကို မဟုတ်ပါဘူး _____ဂျော့ . ဂျေ . လက်စီ စစ်ဆေးခဲ့သော အဲဒီ့ပုံရှိတဲ့နေရာမှာ ခင်ဗျားဖတ်ခဲ့ရပါမည်။ ( လက်ဗွေနှင့်ဆိုင်သော စာ ရွက်စာတမ်း အထောက်အထားများအတွက်အက်ဖ်ဘီအိုင်၏ ရုံးချုပ်ရှိပါသည်။ ) အဲဒီ့မှာ သူ့ရဲ့ဖော်ပြ ချက် ရှိပါသည်။သူတို့ထဲမှ တစ်ချို့ကတော့

‘ အနုစိတ်မှန်ဘီလူးရှိကြောင်း ’ ပြောပြကြပါသည်။

လူတစ်သောင်းလောက် သူတို့၏ကိုယ်ပိုင်မျက်စိဖြင့် မြင်တွေ့ခဲ့ ကြရပါသည်။ ကျွန်တော်တို့ ဒီ နေရာမှာ မတ်တပ်ရပ်ပြီးအဲ့ဒါကို ကြည့်ခဲ့ကြပါသည်။ ခင်ဗျားတို့ အဲ့ဒါကို ကြည့်ခဲ့ကြပါပြီ။ အဲ့ဒါ မဟုတ်ပါဘူး ! အဲ့ဒါက အမြင်ပိုင်းဆိုင်ရာ အထင်မှားမှု ဖြစ်တယ်လို့ သူတို့က ပြောကြပါသည်။မစ္စတာ . လက်စီ ဘာပြောခဲ့ပါသလဲ ? ‘ ဒီကင်မရာ၏ စက်မျက်လုံးကတော့ စိတ်ပိုင်းဆိုင်ရာကို ရိုက်ယူလို့ရမှာ မဟုတ်ပါဘူး။ ’

ထင်ယောင်ထင်မှားမြင်တာ မဟုတ်ပါဘူး ; အဲ့ဒါက အဲ့လိုဖြစ်ခဲ့ပါသည် __ ပြောင်းလဲခြင်းမရှိသော မီးတိုင်တော်ပင် ဖြစ်ပါသည်။ အဲ့ဒီနောက် သူတို့က ‘ အို ၊ ကောင်းပါပြီ။ အဲ့ဒါကအထင်မှားမှုတစ်ခု ’ ဟုဆိုကြပါသည်။ အခု ကင်မရာတွေအားလုံး ______ဘူဆန်ကနေ မိုင်တစ်ရာလောက် ရှိပါသည်။

124 ၁၂၄။ အဲ့ဒီလိုမဖြစ်ခင်ခြောက်လလောက်က သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်တော့်ကို ခင်ဗျား တို့ကိုပြောကြားခဲ့ပါသည်။ ကျွန်တော်တို့ အဲ့ဒီက သတင်းတွေကို ဆက်လက်၍ စုစည်းမှုပြုပါဦးမည်။ ဘာဖြစ်လို့လဲဆိုရင် အပြင်ဘက်မှာ ပိရမစ်ပုံ အရေးအသား ရှိနေတာကြောင့် ........ ညီအစ်ကိုတစ် ယောက် အိပ်မက်မက်တာကို ခင်ဗျားတို့အားကျွန်တော် အနက်ဖွင့်ဆို ပြခဲ့သလိုပါပဲ။ အဲ့ဒါက အနက်ဖွင့် ဆိုမှု အပြည့်အဝဖြစ်ပါသည်။

အခု အလုံးစုံသော ဖြောင့်မတ်ခြင်း၏လျှို့ဝှက်နက်နဲမှုများ ၊ သန့်ရှင်းစင်ကြယ်စေခြင်း ၊ သန့်ရှင်း သောဝိညာဉ်တော်ဗတ္တိဇံတို့က ရှင်းလင်းဖွင့်ဆိုပြခဲ့ပြီး ဖြစ်ပါသည်။ အခု တံဆိပ်ခုနစ်ချက်၌တည်သောဖုံးကွယ်ထားခြင်း၏ အဆုံးသတ် ဖြေလျော့ခြင်းကို ထုတ်နှုတ်ကြပါမည် ; အသင်းတော်ခုနစ်ပါး မဟုတ် ပါ။တံဆိပ်ခုနစ်ချက်၏ လျှို့ဝှက်နက်နဲမှုကို ရှင်းလင်းဖွင့်ဆိုပြခြင်း ဖြစ်ပါသည်။အဲ့ဒီနောက် သူဟာထိပ် ဘက် ဒီအရာကို ဖွင့်လှစ်မှုပြု၍ အဲ့ဒီက ကျောက်တုံးကိုရှာဖွေတွေ့ရှိ ခဲ့ကြပါသည်။ အဖြူရောင် ဖြစ်ပါ သည်။ ဒါပေမဲ့ ဘာမှတော့ ရေးမထားပါဘူး။ အဲ့ဒါက လျှို့ဝှက်ချက်တစ်ခုပဲ ဖြစ်ပါသည်။

ဘူဆန်သို့သွားပါ။ အဲ့ဒါမဖြစ်ခင်အဲ့ဒါကို ကြိုတင်ဟောပြော ခဲ့ပါသည်။ ဘူဆန်၏ မြောက်ဘက် မှာ ထွက်ပေါ်နေပါသည်။ (အဲ့ဒါနှင့် ဒီနေရာမှာ သက်သေခံချက်က စိုက်လျက်ရှိပါသည်။ ) ရောက်လာ တဲ့လေပြင်းမုန်တိုင်းဟာ တောင်တန်းများ၏ မြေပြင်ကို ဖြိုချလုနီးပါး ဖြစ်ခဲ့ပါသည်။တစ်ချိန်တည်းမှာ ဟိုး နားက လေထုထဲမှာ အလင်းရောင်စက်ဝန်းက ချိတ်ဆွဲလျက် ရှိပါသည်။အခု သိပ္ပံပညာရှင်တွေက ဓာတ် ပုံရိုက်ယူကြတုန်းက နှစ်ဆယ့်ခြောက်မိုင်လောက်အမြင့်မှာ ရှိနေပါသည်။ နှင်းထု၏ အကွာအဝေးနှင့်ဆို ငါးဆလောက် မြင့်ပါမည်။ သို့မဟုတ်ဘယ်လိုမဆို ဖြစ်နိုင်ပါသည်။ ထိုသို့အမှုပြုခဲ့တာကို သူတို့ရှာဖွေမှု မပြုနိုင်ပါ။ ‘ ထိုအရာက ညနေခင်းလောက်မှာ ထွက်လာသောအလင်းတန်း ဖြစ်ပါသည်။ ဘုန်းထင်ရှား စေဖို့ရာ ခင်ဗျားတို့ အသေအချာ ရှာတွေ့ရမည့်လမ်းကြောင်းပဲ ဖြစ်ပါသည်။ ’

ခင်ဗျားတို့က ရွေးကောက်ခံရတဲ့လူတွေဆိုရင် သွေ့ခြောက်သောမြေကြီး သို့မဟုတ် ကျောက် ပေါ်မှာ မျိုးစေ့ကကျပါမည်။ထိုအရာက ဘယ်အရာကိုမှ လုပ်ဆောင်မှုမပြုပါ။ ခက်ပါသည်။ မာကျော သော နှလုံးသားကလျစ်လျူရှုလိုက်တာကို အလိုရှိပါသည်။ ဒါပေမယ့် ထိုအရာက ယုံကြည်ခြင်း၏ ပျော့ပျောင်းနူးညံ့သော မြေဆီလွှာအပေါ်တွင် ကျမယ်ဆိုရင်တော့ ထိုအရာက ဆက်လက်၍ ခရစ်ယာန်တစ်ယောက် ဖြစ်လာစေပါမည်။ ဝိညာဉ်အသီးတွေကို ဆက်သီးစေမှာ ဖြစ်ပါသည်။

125 ၁၂၅။ သတိပြုပါ။ဘယ်လိုပဲဖြစ်ဖြစ် ဘုရားသခင်က ထိုအရာကို အမှုပြုတော် မူခဲ့ပါသည်။ အခု ကိုယ် တော်သည်ထိုပြောင်းလဲခြင်းမရှိသော မီးတိုင်ကိုတည်စေ၍ သက်သေထူလျက် ရှိပါသည်။ တစ်စုံတစ်ယောက်က ‘ အဲ့ဒီအကြောင်းဘာဖြစ်လို့ ခင်ဗျား သိပ္ပံပညာတွေကို ပြောမပြသလဲ ’ ဟု မေးပါသည်။ ‘သူတို့ အဲ့ဒါကို ယုံကြည်မယ်လို့ ခင်ဗျား ထင်ပါသလား။ ’ ‘ ခင်ဗျားတို့ရဲ့ပုလဲလုံးတွေကို လူယုတ်မာ၏ ရှေ့ကို မရောက်ပါစေနှင့်။ ’ ယေရှုပြောခဲ့တာ မဟုတ်ပါဘူး ; ကျွန်တော့်မှာ အဲ့ဒါကိုဦးဆောင်မှုပြုစရာ အကြောင်း မရှိပါဘူး။ အဲ့ဒီက မြို့ထဲမှာ အခုထိ အမှန်ရှင်သန်နေဆဲဖြစ်ပါသည်။ အဲ့ဒီနေရာမှာ ထိုသို့ သော အရာအတွက် သူတို့ခေါ်ဆိုမှု ပြုခဲ့ကြပါသည်။ကျွန်တော် ဆင်းသွားရမယ်လို့ ကျွန်တော် တွေးမိပါ သည်။ သန့်ရှင်းသောဝိညာဉ်တော်က ‘ ဝေးဝေးနေ သူတို့ဆီ အဲ့ဒါကိုမရောက်စေနှင့်။ ပြန်လာပြီး အ သင်းတော်ကိုပြောပြ ’ ဆိုပြီး မိန့်တော်မူလျက် ရှိပါသည်။

ဟုတ်ပါပြီ။ အဲ့ဒါက ပြည့်စုံခြင်းရှိပါမည် ....... သူတို့ ပြည့်စုံမယ်လို့ပြောရင်အဲ့ဒီနောက် မှတ်ထား ကြပါ။ ကျွန်တော် ပြောခဲ့ပါသည်။ ‘ ဘုရားသခင် မိန့်တော်မူတယ် ဆိုတာကို မြင်ကြပါ။ ’ အဲ့ဒီလိုမဖြစ်ခင် အဲ့ဒီမှာအဲ့ဒါဖြစ်ခဲ့တာပါ။ သမ္မာကျမ်းစာကို ကြားနာမှုပြုပါ။ ဤသို့သော နေ့ရက်ကာလ၌ဘုရားသခင်၏ အသံတော်သည် ခင်ဗျားတို့အား ခေါ်ဆိုလျက် ရှိပါသည်။

126 ၁၂၆။ အခုကျွန်တော် ခင်ဗျားတို့အား သတိပြုစေချင်ပါသည်။ ဒီပြောင်းလဲခြင်းမရှိသည့် မီးတိုင်ကလူ တို့ကို တဖန် ကတိပြုရာ နယ်မြေတစ်ခုဆီသို့ ဦးဆောင်မှု ပြုတော်မူပါသည်။မိကေနိကာလထဲသို့ ဖြစ်ပါ သည်။ အဲ့ဒီနေရာက ဆဋ္ဌမတံဆိပ်၏ နှိုးဆော်မှု အောက်ကနေကျွန်တော်တို့ ရှာဖွေတွေ့ရှိကြတဲ့ နေရာပဲ ဖြစ်ပါသည်။ သည့်မတိုင်ခင် အဲ့ဒါလို့လုံးဝမသင်ကြားခဲ့ရပါ။ ကမ္ဘာမြေကြီးက မိကေနိကာလအတွက် မည်သို့ပင်ဖြစ်စေစင်ကြယ်စရာအကြောင်း ရှိပါသည်။ မီးတိုင်တော်က သူတို့အား မိကေနိကာလထဲသို့လမ်းပြခေါ်ဆောင်မှု ပြုနေပါသည်။

သတိပြုပါ။ မီးတိုင်တော်သည် ဣသရေလတို့ကိုချုပ်နှောင်ခြင်းထဲကနေ ထွက်မြောက်ခြင်းဆီသို့ ဦးဆောင်လမ်းပြတော် မူခဲ့ပါသည်။ မီးတိုင်တော် ဖြစ်ပါသည်။ ဘုရားသခင်၏ ဦးဆောင်မှုအောက်၌ ရှိပါ သည်။ ဘုရားသခင်ဖြစ်တော်မူသော မီးတိုင်တော် ဖြစ်ပါသည်။ မီးတိုင်တော်သည် ပရောဖက်ကိုသာ ဘိသိတ်ပြုခဲ့ပါသည်။ မီးတိုင်တော်သည် ကောင်းကင်နှင့် သက်ဆိုင်သော ပုံသက်သေတစ်ခုအနေဖြင့် ရပ်တည်မှု ပြုခဲ့ပါသည်။ မောရှေကတော့ ခေါ်ထုတ်ခဲ့ရပါသည်။

ဒါသန်နှင့် သူတို့ကို ခင်ဗျားတို့အမှတ်ရကြပါ။ ‘ ကောင်းပါပြီ။ကျွန်တော်တို့ အဖွဲ့အစည်း တစ်ခု ကို အစပြုသင့်ပါသည်။ မောရှေက ....... ခင်ဗျားတို့ကိုယ်ကို ခင်ဗျားတို့ သိပ်အားကိုး ကြပါသည်။ကျွန်ုပ် တို့အကြား တစ်ဆူတည်းသော သန့်ရှင်းရာ ကိုယ်တော်ရှင် ရှိတော်မူသည်ဟုကြိုးစား၍ ခင်ဗျားတို့ ပြော လိုက်ကြပါ။ အလုံးစုံသော ဘုရားသခင်၏ ပရိသတ်သည်သန့်ရှင်းပါသည်။ ဒီအရာကို ခင်ဗျားတို့အပေါ် ခင်ဗျားတို့ ဘယ်လောက်ဖြစ်အောင်လုပ်နိုင်ပါမည်နည်း ? ’

မောရှေဟာ သူ့မျက်နှာပေါ်သို့ကျဆင်းလာခဲ့ပါသည်။ စပြီးငိုကြွေးမှု ပြုခဲ့ပါသည်။ ဘုရားသခင်က ‘ သင့်ကိုယ်သင် သူ့ထံမှခွာလော့။ ငါသည်မြေကြီးကိုပွင့်စေ၍ သူ့အားမြိုချစေတော်မူမည် ’ ဟု မိန့်တော် မူ ခဲ့ပါသည်။ စာရိုက်ပါ။ မောရှေမည်သို့လုပ်ဆောင်နိုင်ပါသနည်း ___သူက ဘုရားသခင် မိန့်တော်မူ သော အရာကို သူတို့အား ပြောကြားစရာအကြောင်း ရှိပါသည်___ အဲ့ဒါက သမ္မာတရားဖြစ်ကြောင်းကို ဘုရားသခင်က သက်သေထူပါမည်။

127 ၁၂၇။ မေရိအန်ကတောင်သူမကိုယ်တိုင်က ပရောဖက်မ ဖြစ်ပါသည်။ ပြီးတော့ အာရုန်ဟာ အီသီအိုပီး ယန်းမိန်းကလေးနှင့် ထိမ်းမြားမှုပြုသော မောရှေကို လှောင်ပြောင်ခဲ့ကြပါသည်။ သူ့ကိုသရော်ခဲ့ကြပါ သည်။ ဘုရားသခင်က ဒေါသထွက် ခဲ့ပါသည် ___ သူ့ရဲ့အစေခံကို ဆန့်ကျင်သော စကားပြောခဲ့လို့ ဖြစ် ပါသည်။ကိုယ်တော် ဘာလုပ်ဆောင်ခဲ့ပါသနည်း ?ကိုယ်တော်ဟာ သူတို့ကို တံခါးဝသို့ ဆွဲထုတ်သွား ခဲ့ပါသည်။ ပြီးတော့မေရိအန်ကိုပါ သူမဟာ ပရောဖက်မတစ်ယောက် ဖြစ်ပါသည်။ ဒါပေမဲ့ မောရှေဟာ ပရောဖက်တစ်ယောက်ထက်ပိုပါသည် ___ ပရောဖက်တစ်ယောက်ထက်ပိုပါသည်။

ကိုယ်တော်နဲ့ ဘုရားကိုမင်းမကြောက်ဘူးလား ? သင်တို့အကြားပရောဖက်တစ်ယောက် ရှိစေ၍ ငါ ဘုရားသခင်သည် သူ၌ရူပါရုံအားဖြင့် စကားပြောခြင်းရှိမည်။ ‘ သူ၌ ငါ့ကိုယ်ငါ အိပ်မက်ဖြင့် သိစေတော်မူမည် ’ ဟုမိန့်တော်မူ ခဲ့ပါသည်။ ဒါပေမဲ့ ‘မောရှေကိုတော့ မဟုတ်ပါ ’ဟု ပြောခဲ့ကြပါသည်။ ‘ သင်တို့ဘုရားကို မကြောက်ဘူးလား ? ’ ဟုမိန့်တော်မူ ခဲ့ပါသည်။ သူမသည် နူနာစွဲခြင်းဖြင့် ဘဝက တစ်ခဏတာ တစ်ပိုင်းတော့သေနေခဲ့ပါသည်။ အဲ့ဒါကို ခင်ဗျားတို့ သိကြပါသည်။

128 ၁၂၈။ ကိုယ်တော်က ‘ ဗတ္တိဇံယောဟန် ....... မင်း ပရောဖက် တစ်ယောက်ကိုတွေ့ဖို့ အပြင်ထွက်လား ? ပရောဖက်တစ်ယောက် ထက်ပိုပါသည် ’ ဟု မိန့်တော်မမူခဲ့ဘူးလား။ဘာကြောင့်ပါလဲ။ ဘာဖြစ်လို့ သူ ဟာ ပရောဖက်တစ်ယောက် ထက်ပိုပါသနည်း ? သူဟာ ပဋိညာဉ်ပြုချက်၏ သတင်းစကားကိုပို့ဆောင်ရ သောသူ ဖြစ်လို့ပါပဲ _____ပဋိညာဉ်သေတ္တာက ထိုသို့သော ဘဝကြမ္မာနှစ်ခုကို အတူတကွ ရောစပ်ထား သောအရာဖြစ်ပါသည်။

ဒီကနေ ကျွန်ုပ်တို့အကြား ကျွန်ုပ်တို့ရှိနေကြပါသည်။ ဒီကြီးမြတ်သော သန့်ရှင်းသောဝိညာဉ် တော်သည် ပရောဖက် တစ်ယောက်ဆိုတာထက်ပိုပါသည်။ ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော် ကို သက်သေပြဖို့ရာကျွန်ုပ်တို့အကြားတွင် ထင်ရှားစွာ ပြတော်မူခဲ့ပါသည်။ ပရောဖက် တစ်ယောက် ထက်ကိုပိုပြီးတော့ အလုပ်လုပ်ပါသည် _____ပရောဖက်လုပ်တာထက် အဆတစ်ထောင် ပိုပါသည်။

129 ၁၂၉။ ဧလိယဖြစ်ပါသည်။ အကြီးမြတ်ဆုံးသော ပရောဖက်တို့ထဲက တစ်ယောက်ဖြစ်သည့် သူ၏အလုံး စုံသောအသက်ရှစ်ဆယ် နှစ်ကာလအတွင်း သဘာဝလွန် အဖြစ်အပျက် လေးခုကိုသာ လုပ်ဆောင်မှုပြုခဲ့ပါသည်။ ပြီးတော့ ဧလိရှဲ ဖြစ်ပါသည်။ ရှစ်ခုကို နှစ်ပိုင်းခွဲပြီးလုပ်ခဲ့ရပါသည်။ ကျွန်တော်တို့ရဲ့ ကိုယ် ပိုင်မျက်စိဖြင့် အဆထောင်သောင်းချီတဲ့အရာကို တွေ့မြင်ခဲ့ ရပါသည် ! မီးတိုင်တော်၌ တည်သော ဘုရားသခင်၏ ကောင်းကင်တမန်ကိုကြည့်ပါ။ သိပ္ပံပညာက အဲ့ဒါကို လောကထဲရောက်ဖို့ ရှာဖွေမှုပြုပါ သည်။အဲဒီ့လိုနည်းနဲ့ သူတို့ဟာ တရားစီရင်ခြင်းထဲ သွားနေကြတာကို သိရပါမည်။

သိုးသူငယ်လေးက ဘာကိုလုပ်ဆောင်ခဲ့ပါသနည်း ? ဘုရားသခင်၏သတင်းစကား ပို့ဆောင်သူ ကတော့ ခရစ်တော်ပဲ ဖြစ်ပါသည်။ ခင်ဗျားတို့ အဲ့ဒါကိုယုံကြည်ပါ။ ရှင်ယောဟန် - ၆ မှာပါ။ သူတို့သည် ဒီရေကို အလုံးစုံသောက်၍ ကြီးမားသောအချိန်တစ်ခုကိုရကြကာ ဝမ်းမြောက်ခြင်း ရှိကြပါသည်။ ကိုယ် တော်က ‘ ငါသည် ဘုရားသခင်၏ ကောင်းကင်မှလာသောအသက်မုန့်ဖြစ်၏။ ငါသည် တောကန္တာရ၌ တည်သောကျောက် ဖြစ်သည် ’ ဟု မိန့်တော်မူ ခဲ့ပါသည်။

သူတို့ကတော့ ‘ အခု ခင်ဗျားတို့ ရူးနေတာကိုကျွန်တော်တို့ သိကြပါသည်။ ခင်ဗျားတို့က ရူးနေ ကြတာပါ။ ခင်ဗျားတို့ကခင်ဗျားတို့ပေါ်မှာ နတ်ဆိုးတစ်ကောင်ကို တင်ထားတာ ၊ ခင်ဗျားတို့ဟာ နတ်ဆိုးတစ်ကောင်နှင့် ရူးနေကြတဲ့ လူတစ်ယောက်ဖြစ်တယ် ’ ဟု ပြောကြပါသည်။ ခင်ဗျားတို့ သိပါတယ်။ လူ တွေကသူတို့ပေါ်မှာ ဝိညာဉ်တစ်ခုကို ရောက်ရှိစေပါသည်။ တစ်ခါတစ်လေ သူတို့ဟာ အလွန်တရာဘာသာတရား ကိုင်းရှိုင်းမှု ပြုကြပါသည်ဟု ဆိုကြပါသည်။

သူတို့က ‘ ခင်ဗျားတို့က ၊ ခင်ဗျားတို့က နတ်ဆိုးတစ်ကောင်ပဲခင်ဗျားပေါ်မှာ နတ်ဆိုးတစ်ကောင် ရှိတယ်။ ခင်ဗျားဟာ ရှမာရိတစ်ယောက် ဖြစ်တယ်။ခင်ဗျားတို့ပေါ်မှာ နတ်ဆိုးတစ်ကောင်ကို တင်ထား တာ ’ ဟု ပြောကြပါမည်။ ‘ဒီနေရာက ခင်ဗျားဟာ အသက်ငါးဆယ်ထက် ပိုချင်မှပိုကြပါမည်။ ခင်ဗျားက အာဗြဟံကိုမြင်ခဲ့ကြတယ်လို့ ပြောခဲ့တယ် ’ဟု ဆိုပါသည်။

130 ၁၃၀။ နှစ်လုမ်းလောက်နောက်ကိုဆုတ်သွားတဲ့ ကိုယ်တော်ကို ကျွန်တော် မြင်ကြည့်လို့ ရပါသည်။ ‘ ငါ သည် ငါဖြစ်တယ်။ အာဗြဟံမတိုင်မီငါဖြစ်သည် ’ ဟုမိန့်တော်မူခဲ့ပါသည်။

အဲ့ဒါကတော့ မီးလောင်နေတဲ့ ချုံပုတ်ပဲဖြစ်ပါသည်။ ချုံပုတ်မှာ မီးတိုင်တော် တည်နေခြင်းဖြစ် သည်။ ကိုယ်တော် အသေခံတော်မူ၍သုံးရက်မြောက်သောနေ့၌ ရှင်ပြန်ထမြောက်မှု ရှိစဉ်အခါ ပေါလုက ကိုယ်တော်ကိုသူသွားရာလမ်းပေါ်မှာ ဆုံတွေ့ခဲ့ရပါသည်။ ကိုယ်တော်ဟာ မီးတိုင်တော်အဖြစ်သို့ ပြန်ရောက်ခဲ့ပါသည်။ ‘ ငါသည်ဘုရားသခင်ထံမှ ရောက်လာ၍ ဘုရားသခင်ဆီသို့ ပြန်သွားရမည် ’ ဟု မိန့် တော်မူ ခဲ့ပါသည်။ ပေတရုအကျဉ်းကျခံရစဉ် မီးတိုင်တော် ကြွရောက်လာ ခဲ့ပါသည်။ တံခါးကိုဖွင့်၍ သူ့ အားအပြင်သို့ ခေါ်ထုတ်ခဲ့ပါသည်။

အဲ့ဒါက အမှန်ပဲ ဖြစ်ပါသည်။

မီးတိုင်တော်က သူတို့အား ဘယ်နေရာသို့ခေါ်ဆောင်သွား ခဲ့ပါသနည်း ? အခုမှတ်ထားကြပါ။ မောရှေဟာ မီးတိုင်တော် မဟုတ်ပါဘူး။ သူကဘိသိတ်သွန်းခြင်းကို ခံရသည့်မီးတိုင်တော်အောက်က ခေါင်းဆောင်ပဲ ဖြစ်ပါသည်။ မီးတိုင်တော်သည် အံ့ဘွယ်နိမိတ်လက္ခဏာနှင့်အတူရှိသည့် သူ၏သတင်း စကားဖြင့်သာ သက်သေထူမှု ပြုပါသည်။ မီးတိုင်တော်သည်သူတို့အား ဘုရားသခင် ကတိပြုတော်မူ သည့် နယ်မြေဆီသို့ ဦးဆောင်မှု ပြုတော်မူပါသည်။ကိုယ်တော်ရှိရာ အရပ်ကို ဖြစ်ပါသည်။ ကိုယ်တော် ကိုယ်တိုင်က တစ်နေ့ သူတို့အကြားလူ့ဇာတိခံတော် မူပါမည်။ အဲ့ဒါ မှန်ပါသလား ?သူတို့ ဘာလုပ်ခဲ့ပါ သနည်း ?တစ်တွတ်တွတ်ပြောမယ်။ တီကောင်လိုလိမ်ပြီး အဲ့ဒါကိုပြဖို့ အမျိုးမျိုးဖြစ်နေခြင်းက ပင်မသိုး သူငယ်၏ အသွေးအောက်၌ ဖြစ်ခဲ့ပါသည်။

ဒါပေမဲ့ ဒီအချိန်က ( ဘုရားသခင်အားဘုန်းထင်ရှားစေ ကြရပါမည် ! ) ကျွန်ုပ်တို့အကြားက မီး တိုင်ကို ကျွန်ုပ်တို့မြင်တွေ့ကြ ရပါသည်။ မီးတိုင်တော်က ကျွန်ုပ်တို့အား မိလေနီကာလသို့ လမ်းပြတော် မူပါသည်။ကိုယ်တော်သည် ဒီလိုထွက်မြောက်ခြင်း ပြီးနောက် သူ၏လူတို့ကို အဲဒီ့ကြီးမြတ်သည့်မိလေနီ ကာလ အုပ်စိုးခြင်းရှိရာ နေရာသို့ ပြန်လည်ပို့ဆောင်တော် မူပါမည်။ကျွန်တော်တို့ အဲဒီ့နေရာမှာ ထာဝရ ရှင်သန်ကြရမည် ဖြစ်ပါသည်။ ကိုယ်တော်ရှင်မှာခမည်းတော်ဘုရား၏ နှုတ်ကပတ်တော် အစဉ်အမြဲ ရှိ တော်မူပါသည်။ အဲ့ဒါမှန်ကန်ကြောင်းအစဉ်အမြဲ သက်သေထူပါသည်။

131 ၁၃၁။ ကျွန်တော်တို့ထွက်မြောက်ခြင်း တစ်ခုထဲမှာ ရှိနေကြပါသည်။ ထွက်ခွာပြီးရင် ခဏအကြာမှာ တိပ်ခွေကိုဖတ်ရပါတော့မည်။ အို ၊ ကျွန်တော့်ရဲ့ မိတ်ဆွေတို့ ၊ ညီအစ်ကိုတို့ နှစ်ဦးစလုံးရှိနေကြပါ သည်။ အဲဒီ့လို တိပ်ခွေများကို နားဆင်ရပါတော့မည်။ ခင်ဗျားတို့ကိုကျွန်တော့်အား ညီအစ်ကို ဖြစ်ခွင့်ပြု ပါ။ ဘုရားသခင်၏ နိုင်ငံတော်မှ နိုင်ငံသားများဖြစ်ကြပါသည်။ ထွက်ခွာပါ။ ဒီလို ထွက်မြောက်ခြင်း ရှိပါ သည် !

အဲဒီ့လိုအားလုံးကို နောက်ချန်ထားခြင်းကသားရဲ၏တံဆိပ်ကို ခံရမှာဖြစ်လို့ပါပဲ။ ဗာဗုလုန်က ထွက်ခွာပါ။ ဒီလိုရှုပ်နေတာကနေထွက်ခွာပါ။ ဒီလိုစနစ်တွေကနေ ထွက်ခွာပြီး အသက်ရှင်တော်မူသော ဘုရားသခင်ကို အစေခံပါ။ဒီလိုကြီးမြတ်သော ပဋိညာဉ်ပြုချက်၏ သတင်းစကား ပို့ဆောင်သူကို ခွင့်ပြု လိုက်ပါ။ ‘ ယေရှုခရစ်တော်သည် ဘုရားပုံသဏ္ဌာန်၌တည်တော်မူပါသည်။ ဘုရားနှင့်တစ်ညီတည်း ဖြစ် လာတာက လုပ်ယူပြီး ဖြစ်လာတာမဟုတ်ဘူးလို့တွေးပါ။ ’ အခုပြောင်းလဲခြင်းမရှိသော မီးတိုင်၏ပုံစံ၌ တည်တော်မူသော ကိုယ်တော်ရှင်သည် ကနဦးထွက်မြောက်ခြင်းဖြစ်သော အဲဒီ့နေရာသို့ ပြန်လည်ခေါ် ဆောင်မှု ပြုတော်မူပါသည်။ ဒုတိယထွက်မြောက်ခြင်းဆီသို့ ခေါ်ဆောင်တော်မူပါမည်။ ဤနေရာ ကိုယ် တော်ရှင်သည် တတိယထွက်မြောက်ခြင်း နှင့်အတူ ရှိတော်မူပါသည်။

132 ၁၃၂။ ပထမထွက်မြောက်ခြင်းမှာ ကိုယ်တော် ဘာလုပ်ခဲ့ပါသနည်း ? ကိုယ်တော်သည် ဇာတိသဘော၌ တည်သော နယ်မြေမှ ဇာတိနှင့်ဆိုင်သောမြေကြီးဆီသို့ ခေါ်ထုတ်မှု ပြုခဲ့ပါသည်။ ဒုတိယ ထွက်မြောက် ခြင်း ဆိုတာကတော့သူတို့ကို ကိုယ်တော်က ဝိညာဉ်သဘောဆောင်သော အခြေအနေ တစ်ရပ်ကနေဝိညာဉ်ရေးနှင့်ဆိုင်သော သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံပြုခြင်းဆီသို့ ခေါ်ထုတ်မှုပြုခဲ့ခြင်းပင် ဖြစ်ပါ သည်။ အခု ကိုယ်တော်ရှင်သည် သူတို့ကို ဝိညာဉ်ရေးနှင့်ပတ်သက်သည့် သန့်ရှင်းသောဝိညာဉ်တော် ဗတ္တိဇံကနေ ထာဝရတည်သော မိကေနီကာလ မြေပြင်ထဲသို့တဖန် ဝင်ရောက်စေတာပဲ ဖြစ်ပါသည်။ ကြီးမြတ်သည့် နောင်တမလွန် ဘဝဆီကို ဖြစ်ပါသည်။ ပြောင်းလဲခြင်းမရှိသော ဘိသိတ်သွန်းခြင်း စနစ် အားဖြင့် ပြောင်းလဲခြင်းမရှိသောမီးတိုင်တော် တည်ပါသည်။ ပြောင်းလဲခြင်းမရှိသော ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိသောအမှုများကို ပြုတော်မူပါသည်။ ပြောင်းလဲခြင်းမရှိသော နှုတ်ကပတ်တော်သည် ပထမတစ်ခုကိုကြေငြာမှု ပြုခဲ့ပါသည်။ ဒုတိယတစ်ခုကို ကြေငြာမှု ပြုခဲ့ပါပြီ။ပြောင်းလဲခြင်းမရှိသော နှုတ်ကပတ်တော်သည် တတိယတစ်ခုကို ကြွေးကြော်မှုပြုသည့်ဒုတိယတစ်ခုကို ကြေငြာမှု ပြုခဲ့ပါသည်။ ဒီနေရာက ကျွန်ုပ်တို့ဟာကျွန်ုပ်တို့အကြားတွင် တည်ရှိနေသည့် ထိုအရာကို မြင်ကြပါသည်။

ထွက်လာပါ ! အို ၊ ဒီလိုရှုပ်ထွေးမှုကနေထွက်လာပါ ! အသက်ရှင်သော ဘုရားသခင် ထံတော် သို့ လာကြပါ ! နှုတ်ကပတ်တော်ဆီသို့လာကြပါ ! ‘ နှုတ်ကပတ်တော်သည်လူ့ဇာတိခံတော်မူက ကျွန်ုပ် တို့အကြား ကိန်းဝပ်တော် မူပါသည်။ ’ အခု ကိုယ်တော်သည် လူ့ဇာတိခံတော်မူခြင်း၌တည်တော်မူပါ သည်။ ကျွန်ုပ်တို့အကြား ကိန်းဝပ်မှု ပြုပါသည်။ ထွက်လာကြပါ။အသက်ရှင်သော ဘုရားသခင်ကို အစေ ခံကြပါ။ ကျွန်ုပ်တို့ခေါင်းကို ခဏလောက်ငုံ့ထားကြပါမည်။

[ပရိသတ်ထဲက တစ်စုံတစ်ယောက်အားဖြင့် ပရောဖက်ပြုချက်ကို ပေးသနားတော်မူပါသည်။ ‘ ငါ၏လူတို့ ဤအချိန်နာရီ၌ သင်တို့အားငါမိန့်တော်မူမည်။ ’ ဟုတ်တယ်ဤနေ့ရက်ကာလ၌ရှိသော ဤပ ရောဖက်အားဖြင့် သင်တို့အား ငါစကားပြောခဲ့သည်ပင်လျှင် ‘ ငါ၏လူတို့ သူ့ထံမှ ထွက်ခွာလော့။ သင်တို့အား ငါမိန့်တော်မူမည်။ ငါသည် အင်အားကြီးတော်မူသော ဘုရားသခင်ဖြစ်၏။ ငါသည် ဤနေ့ရက်ကာလကို ကောင်းကင်ဝရန်တာမှ ကြည့်ရှုမှုပြုသည်။ ဟုတ်တယ်။ ငါ၏အသင်းတော်သည် သင်တို့အလယ်၌ကြေငြာမှုပြုမည်။ သင်တို့အား ငါပေးသနားတော်မူသည်။ အလင်းတော်နောက်သို့ အပြင်ထွက်၍လိုက်ပါ မှုပြုကြမည် မဟုတ်လား ?သင်တို့အား ငါ့မိန့်တော်မူ၏။ ငါ၏လူတို့ ငါသည် အင်အားကြီးတော်မူသောဘုရားသခင်ဖြစ်သည်။ ငါ့စကားသည် ဘယ်တော့မှ ပြောင်းလဲခြင်းမရှိ။ ငါသည် ထိုအရာကိုသင်တို့ထံသို့ ဆက်လက်၍ သယ်ဆောင်မှုပြုမည်။ သင်တို့ နာခံကြမည်လား ? ဟုတ်တယ်။ သင်တို့အား ငါပေးသနားတော်မူသည့် အလုံးစုံသောအရာကို သင်တို့ကြားနာမှု ပြုကြမည်လား။ ဘုရားသခင်ကိုစကားပြောလော့။ ’ ]

133 ၁၃၃။ ခင်ဗျားတို့ခေါင်းကိုငုံ့ထားကြပါ ....... ခင်ဗျားတို့ဝိညာဉ်၏ နက်နဲရာကနေသင်၌ရှိသော အလုံးစုံ သော နက်နဲရာကနေ သင်တို့ အမှတ်ရကြပါမည်လား ....... လောကအရာ အလုံးစုံကို သင်တို့ရပ်တန့် လိုက်ပြီးဘုရားသခင်အတွက် အသက်ရှင်ကြပါ။ အခု ခင်ဗျားတို့

ဒီလိုမရည်ရွယ်ဘူးဆိုရင် ခင်ဗျားတို့အဲ့ဒါကိုလုပ်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ခင်ဗျား နှလုံးသားအကြွင်းမဲ့ အဲ့ဒါကိုရည်ရွယ်တယ် ဆိုရင်တော့ ခင်ဗျားတို့ အခု ယုံကြည်စိတ်ချရအောင် လုပ်ဆောင်ပါ _____ ယေရှုကသူ့သာသနာအဆုံး၌ တည်မည် ဟု မိန့်တော်မူခဲ့သလိုပါပဲ။ ‘ အခု ခင်ဗျားတို့ ယုံကြည်ပါသလား။ ’

ဒီလိုမှန်သော အရာတွေကို ခင်ဗျားတို့ယုံကြည်ပါသလား။ ဘုရားသခင်အားဖြင့် သက်သေထူခဲ့ ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့ဟာအဆုံးသတ်အချိန်နာရီ၌ ရှိနေကြပါသည်။ အခု ခင်ဗျားတို့ ခရစ်တော်ထံ သို့ အမှန်အကန်ရောက်လာရပါမည်။ ဂိုဏ်းဂဏဆိုင်ရာများ ၊ အတွေးအခေါ်များ လောကအရာအားလုံး ကိုလျစ်လျူရှု၍ ဒီလိုခေါ်ဆိုနေသော ထွက်မြောက်ခြင်းဆီသို့ ရောက်လာကြရပါမည်။ကိုယ်တော်ထံ၌ နှလုံးသားတစ်ခုလုံးကို ခင်ဗျားတို့က အရှုံးပေးလိုစိတ် ရှိရပါမည်။ကောင်းကြီးခံရသော ကတိပြုရာ နယ် မြေအတွက် ထွက်မြောက်ခြင်း၏ ထွက်ခွာသို့ ရောက်လာကြပါ___ ကျွန်တော်တို့ဆုတောင်းနေစဉ် ခင်ဗျားတို့လက်ကို ခင်ဗျားတို့ မြှောက်ကြပါမည်လား ? ခင်ဗျားတို့ အမှန်တကယ် အသေအချာ ထွက်လာချင်ကြရဲ့လား ? အယောက်စီတိုင်းပါ။

134 ၁၃၄။ ကောင်းကင်ဗိုလ်ခြေအဖဘုရားသခင် ထိုသူတို့ဟာ သူတို့၏လက်ကို မြှောက်ထားကြပါသည်။ အခု သူတို့အား ထွက်ခွာခွင့်ပြုတော်မူပါ။ ကတိပြုရာ နှုတ်ကပတ်တော် အပေါ်မှာ သန့်ရှင်းသောဝိညာဉ် တော်တည်တော်မူပါ။ သန့်ရှင်းသောဝိညာဉ်တော် သူတို့ရဲ့ နှလုံးသားထဲသို့ ရွှေ့လျားမှုပြုတော်မူပါ။ အဲဒီက ပရိသတ်ဆီက ထွက်လာတဲ့ လက်တွေက နှစ်ဆယ်လောက် ရှိသည်ဟု ကျွန်တော်ထင်ပါသည်။ အဖဘုရားသခင် အဲ့ဒါက သက်သာရာ ရစေခဲ့ပါသည်။ အဲ့ဒါက သမ္မာတရားဆိုတာကိုသိပါသည်။ သူတို့ ထွက်ခွာချင်ကြပါသည်။

အဲ့လို ဣသရေလ လူနှစ်သန်းခွဲလောက်ကိုထွက်ခွာစေသော နေ့ရက်ကာလ ဖြစ်စေခဲ့တယ်ဆို လျှင် နှစ်ခုတည်းသောအရာက နယ်မြေကိုပြင်ဆင်မှု ပြုခဲ့ပါသည်။ ယေရှုခရစ်တော်၏ နေ့ရက်ကာလ၌ အဲ့လို တစ်ရာ့နှစ်ဆယ်လောက်သောအရာကထိုအရာကို အမှုပြုခဲ့ပါသည်။ အခု လောက၏ အဆုံးသတ် နေ့ရက်ကာလတို့၌ ကိုယ်တော်က ‘ အကျုပ်အတည်းသည် တံခါးဝဖြစ်၏။ကျဉ်းမြောင်းမှုသည် လမ်းဖြစ် ၏။ သို့သော် အဲဒီက အနည်းငယ်သောအရာက ထိုအရာကိုရှာဖွေမှုပြု၏။ သို့သော် ကျယ်သောလမ်းက ပျက်စီးခြင်းဆီသို့ ဦးဆောင်တတ်၏။ များစွာသောသူတို့သည် ထိုထဲသို့ ဝင်ရောက်ကြရမည် ’ ဟု မိန့် တော်မူ ခဲ့ပါသည်။ စကားလုံးတို့သည် ကျဆုံးနိုင်ခြင်းမရှိ။ ထိုသူတို့သည် ခင်ဗျားတို့ပဲ ဖြစ်ပါသည်။

135 ၁၃၅။ အခုသူတို့အတွက် ကျွန်တော် ဆုတောင်းပေးပါသည် ၊ ဘုရားသခင်။ ကိုယ်တော် အမှုပြုတော်မူပါဟု ကျွန်တော် ဆုတောင်းပါ၏ ။ ဒီအချိန်နာရီကို ကိုယ်တော်၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူ တို့၏ နှလုံးအရေဖျားကို လှီးဖြတ်တော်မူပါ။ဒီလောကအရာ အလုံးစုံတို့ကို ထုတ်ဆောင်သွားတော်မူပါ။ သူတို့ ဘုရားသခင်၏ အသံတော်ကိုပြည့်ပြည့်ဝဝ ကြားနာနိုင်ဖို့ရာ သူတို့ရဲ့ နားအရေဖျားကို လှီးတော်မူ ပါ။သူ့ရဲ့နှုတ်ကပတ်တော်အားဖြင့် ခေါ်ဆိုမှု ပြုတော်မူပါ။ အလင်း၏ နေ့ရက်ကာလအားဖြင့်ခေါ်ဆိုမှု ပြု လျက်ရှိပါသည်။

ချပေးတော်မူပါ ၊ ဘုရားသခင်။ သူတို့ရဲ့မျက်စိကိုဖွင့်၍ သူတို့အား ဒီလိုနောက်ဆုံး နီးကပ်နေပြီ ဖြစ်တဲ့ အချိန်နာရီ၌တည်သောဘုရားသခင်၏ ဘုန်းတော်ကို တွေ့မြင်စေတော်မူပါ။ ကိုယ်တော်က ‘ ခပ် သိမ်းသောအရာ၌ တည်တော်မူသောခမည်းတော် ဘုရားသည် ငါ့အားရောက်လာဖို့ ပေးသနားတော်မူ၍ နောက်ဆုံးသော နေ့ရက်ကာလ၌သူတို့အား ငါထမြောက်စေမည် ’ ဟုမိန့်တော်မူ ခဲ့ပါသည်။

ဘုရားသခင် ဒီနေရာမှာရှိသောမြောက်များစွာသော သူတို့သည် အခုထိ နားမလည်ကြသေးပါ။ ကိုယ်တော် သူတို့နှင့်အချိတ်အဆက်ပြုတော်မူပါမည့်အကြောင်း သူတို့အား အခြားသော အခွင့်အရေး ကိုပိုင်ဆိုင်ရရှိစေပါမည့်အကြောင်း ကျွန်တော် ဆုတောင်းပါသည်။ ဘုရားသခင် သူတို့ကိုနားလည်စေ တော်မူပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်အားဖြင့် ကိုယ်တော် မိန့်တော်မူသော အရာကိုကြားနာစေတော်မူပါ။ ကိုယ်တော်ကို ကိုယ်တော် သက်သေပြတော်မူပါ။ သဘာဝလွန်အသံ၌အဲဒီနောက်တွင် ကျွန်ုပ်တို့အား စကားပြောတော်မူပါ။ အဲဒီနောက် အနက်ပြန်ဆိုမှုတစ်ခုနှင့်အတူ ရှိတော်မူပါ။ နှုတ်ကပတ် တော်အရ အမှန်ဆိုတာကို သက်သေပြသည့်ကိုယ်တော်၏ ကြီးမြတ်သော အမှုတို့ကို တွေ့မြင်စေတော် မူပါ။

ကျွန်တော် ဆုတောင်းပါ၏ ၊ ဘုရားသခင်။ကျွန်ုပ်တို့၏ အပြစ်၌ရှိသော ကျွန်ုပ်တို့ကို ကိုယ်တော် ခွင့်လွှတ်တော်မူပါ။ အခုကျွန်တော့်ကိုယ် ကျွန်တော် ဒီနှုတ်ကပတ်တော်အတိုင်း ကန့်လန့်ဖြတ်၍ တည်ရှိနေသကဲ့သို့ ။:

136 ၁၃၆။ ဘုရားသခင်လွန်ခဲ့သော ရက်သတ္တပတ်ကို ကျွန်တော် စဉ်းစားမိပါသည်။ ဒီကြမ်းပြင်ပေါ်မှာ လူသေတစ်ယောက်လို ကျွန်တော့်ကိုယ် ကျွန်တော် ကန့်လန့်ဖြတ်ပြီး လဲလျောင်းနေ ခဲ့ပါသည်။ကြီးမြတ် သော သန့်ရှင်းသောဝိညာဉ်တော်သည် အသက်ကို ထိုလူထံသို့ ပြန်ဝင်ခဲ့တယ်ဆိုတာကို ကျွန်တော် မြင် တွေ့ခဲ့ရပါသည်။ ထိုသူ၏မျက်လုံးတို့သည်သူ့ရဲ့နောက်လွန်နေတဲ့ ဦးခေါင်းဘက်သို့ ရောက်နေပါသည်။ လဲသေနေ ခဲ့ပါသည်။ အနည်းငယ်သောစကားလုံးတို့က ခင်ဗျားရဲ့ နာမည်ကို ခေါ်ဆိုလျက် ရှိပါသည်။ သူအသက်ရှင်နေတာကိုကျွန်တော် မြင်ခဲ့ရပါသည်။ ဒီနေရာမှာ သူ ဒီကနေ အသက်ရှင်လျက် ရှိနေပါ သည်။

ကိုယ်တော်ရှင် ပြောင်းလဲခြင်းမရှိသောဘုရား ဖြစ်တော်မူသည့် ကိုယ်တော်ရှင်သည် ကြာရှည် သော ပေါလု၏တရားဟောခြင်းကိုကြားနာမှုပြုသည့် ကောင်လေးတစ်ဦး ပြတင်းပေါက်မှ ပြုတ်ကျခြင်း အပေါ်သို့ သူ့ကိုယ်သူလဲအိပ်ချစဉ်အခါ _____ ပြောင်းလဲခြင်းမရှိသောဘုရား ဖြစ်တော်မူသည့် ကိုယ် တော်သည် အသက်ကို ပြန်ဝင်စေခဲ့ပါသည်။

ကျွန်ုပ်တို့ ကိုယ်တော်ကို ကျေးဇူးတော်ချီးမွမ်းကြပါ၏ ၊ အဖဘုရားသခင်။ ဖြစ်စေပါ ...... မယုံ ကြည်သူက မယုံကြည်ပေမဲ့ကျွန်တော်ကတော့ ယုံကြည်ပါသည်။ ဘုရားသခင် ကိုယ်တော်ကိုယ်တိုင်က ကျွန်ုပ်တို့ကိုသက်သေပြတော်မူပါ။

137 ၁၃၇။ အခုကျွန်တော့် နှလုံးသား၏ အာရုံပြုခြင်း ၊ ကျွန်တော့် စိတ်သဘော၏ စဉ်းစားခြင်းများ ၊ကျွန် တော်၏ ခွန်အားနှင့် အလုံးစုံသော အရာတို့ကို ဒီနူတ်ကပတ်တော်ထဲမှာပျော်ဝင်စေတော်မူပါ။ နူတ်က ပတ်တော်နှင့် ကျွန်ုပ်ကို အတူတကွ ဖြစ်စေတော်မူပါ။ဘုရားသခင် လူတို့နှင့်အတူ ရှိတော်မူပါ။ ဘုရား သခင်၏ နိုင်ငံတော်သို့ ချီတက်စေတော်မူပါ။ထိုအရာကို ချပေးသနားတော်မူပါ။ ဘုရားသခင် ကျွန်ုပ်တို့၏အပြစ်များကိုခွင့်လွှတ်တော်မူပါ။ ကျွန်ုပ်တို့၏ အနာရောဂါကို ပျောက်ကင်းစေတော်မူပါ။ ကိုယ်တော်နိုင်ငံတော်၏ ဘာသာရပ်များအဖြစ် ကျွန်ုပ်တို့ကို ဖြစ်စေတော်မူပါ။

အခု ဒီအရာတွေ ရောက်လာသလိုပဲ ဘုရားသခင်ရေအိုင်ကို ဖွင့်ထားခဲ့ပြီး ဖြစ်ပါသည်။ ရေကအ သင့်ဖြစ် ရှိပါသည်။ ခဏနေရင်ဗတ္တိဇံကို အစပြုတော့မှာ ဖြစ်ပါသည်။ ဒီပြောင်းလဲမှုမရှိသည့် ဧဝံဂေလိ တရားကဟောပြောမှုပြုစဉ်အခါ ကျွန်တော်တို့ အမှတ်ရကြပါသည်။ သမ္မာကျမ်းစာက ‘ များစွာသော သူ တို့သည် ယုံကြည်၍ဗတ္တိဇံခံကြပြီ ’ ဟုမိန့်တော်မူ ခဲ့ပါသည်။

ဒီနေရာမှာ လက်ကိုင်ပဝါတွေကိုချထားပါသည်။ ဘုရားသခင် အဲ့ဒါကို ယေရှုခရစ်တော်၏ နာမ၌ ကျွန်တော်ကောင်းကြီးပေးပါသည်။ အနာရောဂါ ငြိမ်းစေဖို့ ဖြစ်ပါသည်။

အဲဒီ့နောက် အချိန်

138 ၁၃၈။ ကျွန်ုပ်တို့၏ကိုးကွယ်ခြင်းက ရှည်ကြာခဲ့ပါပြီ။ ဆွဲထုတ်လိုက်ပါ။ အချိန်က နောက်ကျနေလို့ ဖြစ်ပါသည် ____ အဲဒီ့မှာခဏရှိစဉ် နူတ်ကပတ်တော်ကို ကျွန်တော်ထားကို ထားထားရမယ် မြေသား ရှိပါ သည်။ဆောင်းရာသီ ရောက်လာပြီ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါသည်။ ကျွန်တော်တို့ မြင်ရပါတယ်။သစ်ရွက်တွေ ကြွေကျနေပါသည်။ အဲဒီ့ဆောင်းရာသီဟာ ကျွန်ုပ်တို့ လက်ထဲမှာပဲ အင်မတန်မှနီးလာပြီ ဆိုတာ ကျွန်တော်တို့ သိကြပါသည်။ ကျွန်တော်တို့ မြေပြင်ကိုထွန်၍မျိုးစေ့ကို ပျိုးရပါတော့မည်။

ဒါကြောင့် ကျွန်တော် ဆုတောင်းပါသည်။ကောင်းကင်ဗိုလ်ခြေ အဖဘုရားသခင် ၊ ကိုယ်တော် အယောက်စီတိုင်း၏ နှလုံးသားကိုစကားပြောတော်မူပါ။ သမ္မာကျမ်းစာက ‘ယုံကြည်သောသူ မြောက် များစွာ ဗတ္တိဇံပြုသကဲ့သို့ ’ ဟု မိန့်တော်မူ ခဲ့ပါသည်။ ဘုရားသခင်အဲ့လိုမဟုတ်ဘူးဆိုရင် ....... ဒီနေရာ က မြောက်များစွာသော သူတို့သည်ယုံကြည်ကြပါသည်။ အခုထိ ဗတ္တိဇံကို လုံးဝမခံခဲ့ကြဖူးပါ။ ကိုယ် တော်၏ချစ်စွာသောသားတော် ယေရှုနာမ၌ ဒီမနက် သူတို့ရောက်လာ ကြပါသည်။ချစ်ဖို့ကောင်းစွာဖြင့် ၊ နှိမ့်ချစွာဖြင့်ပါ။ သူတို့ရဲ့အပြစ်ကိုဝန်ချတောင်းပန်မှု ပြုကြပါသည်။ လောကအရာများ၌ သေကြပြီးတော့ မြှုပ်နှံမှုပြုခဲ့ကြပါသည်။ ယေရှုခရစ်တော်၏ နာမတော်ကို ဆွဲကိုင်စရာအကြောင်း ရှိပါသည်။သန့်ရှင်း သောဝိညာဉ်တော်၏ အထောက်အမဖြင့် နောင်တမလွန်၌ ဘုရား ၊ တရားမြဲစွာဖြင့်အသက်ရှင်စရာအ ကြောင်း ရှိပါသည်။ အခု ကျွန်ုပ်တို့ သူတို့အား ကိုယ်တော်ထံသို့အပ်နှံမှု ပြုကြပါသည် ၊ ဘုရားသခင်။ ဒီ လို ရည်ရွယ်ချက်အတွက် ယေရှုခရစ်တော်၏နာမတော်မြတ်၌ တောင်းလျှောက်ပါ၏ ၊ အာမင်။

အခု ကျွန်တော်တို့ ညီအစ်ကို နက်ဖေးဆီသို့အစည်းအဝေးကို အပ်လိုက်ကြပါမည်။ ဗတ္တိဇံဝတ် ပြုဖို့ အဆင်သင့် လုပ်ထားတဲ့ အတောအတွင်းပြောစရာ သူ့မှာရှိတယ်ဆို ပြောပါမည်။ ဒီနေ့ည ခုနှစ်နာရီ - သုံးဆယ်မှာ ဖြစ်ပါသည်။ဘုရားသခင် အလိုတော်အတိုင်းပါပဲ။ ဒီအခြားသတင်းစကားကို ကျွန်တော် အသံသွင်းလိုပါသည်။အဲဒီ့အထိ ဘုရားသခင် ခင်ဗျားတို့ကို ကောင်းကြီးပေးပါစေ။

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

‘... နေ့ရက်များ၏ ကြွေးကြော်သံ ... ’ (ဗျာဒိတ် ၁၀:၇)

www.messagehub.info